www.burmeseclassic.com



www.burmeseclassic.com

## အခန်း(၁)

## ဂိုဏ်းချုပ်ကြီး၏အမှာစကား

ဝမ်ချိုင်းသည် ဆယ်ယောက်ကို အသေအလဲ တိုက်ခိုက်ခဲ့ရသည်။

သူဦးဆောင်တိုက်ခဲ့သဖြင့် သုံးယောက်ကိုတော့ လွယ်ကူစွာ တိုက်ခိုက်နိုင်သည်။

ကျန်နှစ်ယောက်ကိုတော့ ခက်ခက်ခဲခဲ တိုက်ခိုက်ခဲ့ရသည်။

ကျန်သည့်လူငါးယောက်မှာ သူတို့ရှေ့မှ သွားလေသူငါးယောက်ကိုကြည့်ပြီး လိမ်မာသွားကြသည်။

အရမ်းမဝင်ဝံ့ကြတော့ပေ။ သို့သော် ဝမ်ချိုင်းမှာလည်း လက်အံသေမတတ် ဖြစ်နေရ ပြီ။

သူသည်သူ၏မောပန်းနွမ်းနယ်မှုကိုတတ်နိုင်သမျှ မပြဘဲ နေရ၏။

ပြလိုက်လျှင် ရန်သူများက တစ်ရှိန်ထိုး ဝင်တိုက်ပေတော့

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မည်။

ယခု သူမောပန်းမှုကို အတိုင်းအတာတစ်ခုအထိ ထိန်းထားနိုင်သဖြင့် ရန်သူများ မဝင်ပံ့ဘဲရှိနေသည်။

သူသည် ရန်သူငါးယောက်ကို သုတ်သင်နိုင်သည့်အတွက်တော့ ကျေနပ်နေမိသည်။

သူ့အားခွဲနဘဲနှင့်တိုက်ခိုက်သူနှစ်ယောက်မှာ သူ၏ရန်သူတော်ဟောင်း ခုကျိုင်းနှင့်ထန်တုရှောင်ပင်ဖြစ်သည်။

ထန်တုရှောင်သည် ပုဆိန်ကြီးတရွယ်ရွယ်နှင့်ဖြစ်နေ၏။

သူသည် ဝမ်ချိုင်း၏နံကြားသို့ ပုဆိန်ကြီးပစ်သွင်းရန် ချိန်ဆနေသည်။

"ဝိုး...."

ထန်တုရှောင် ပုဆိန်ဖြင့် ခုတ်လိုက်သည်။

ဝမ်ချိုင်းက ဓားဖြင့်ဆီးခံလိုက်၏။

"ဒုတ်...."

"ဟာ...."

အာမေဋိတ်သံမှာ ထန်တုရှောင်၏အသံပင်ဖြစ်သည်။ အဘယ့်ကြောင့် အာမေဋိတ်သံထွက်သွားရပါသနည်း။

သူ၏ပုဆိန်ရိုးကို ဝမ်ချိုင်း၏ဓားက တိခနဲဖြတ်သွားသောကြောင့် ဖြစ်သည်။ ပုဆိန်သွားသည် လွင့်စဉ်ထွက်သွားသည်။

သူ့လက်ထဲ၌ သစ်သားလက်ကိုင်ရိုးသာ ကျန်ရစ်ခဲ့တော့သည်။



"ဝိုး...."

သူသည် သစ်သားလက်ကိုင်ရိုးကို ဝမ်ချိုင်းထံသို့ပစ်ပေါက်လိုက်သည်။

ဝမ်ချိုင်းက ခေါင်းငုံ့ရှောင်လိုက်သည်။

ထန်တုရှောင်မှာ လက်နက်မဲ့သွားပြီဖြစ်၍ လစ်ပြေးရန်ကြိုးစည်နေသည်။

ဝမ်ချိုင်းသည် ထိုအချက်ကိုသိရှိ၏။

ထန်တုရှောင်ထံခုန်ဝင်သွားပြီး ဓားဖြင့်ထိုးလိုက်သည်။

"ဇွိ...."

"အား....."

ထန်တုရှောင် လဲကျသွားသည်။

ထန်တုရှောင် ဇာတ်သိမ်းသွားပြီဖြစ်၏။

ထိုစဉ် ခုကျိုင်းသည် ဓားကိုဝှေ့ယမ်းရင်း ဝင်လာပြန်၏။

"ဝိုး... ဝိုး... ဝိုး"

"ဝှစ်... ဝှစ်... ဝှစ်"

သုံးကွက်တိတိ ဆက်တိုက်သည်။ သုံးချက်စလုံး ဝမ်ချိုင်းရှောင်တိမ်းနေသည်။

ဆယ်ယောက်တစ်ယောက် တိုက်ခိုက်နေသောကြောင့်သာ ဤမျှကြာမြင့်နေခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ချင်းသာတိုက်ခိုက်လျှင် ခုကျိုင်းကို အစောကြီးကတည်းက ဓာတ်သိမ်းပေးနိုင်မည်သာဖြစ်ပေသည်။

ခုကျိုင်းသည် အမောပြေသွားဟန်တူ၏။

သူ၏သိုင်းကွက်များသည် ပြန်လည်သွက်လက်လာသည်။

ဝမ်ချိုင်း ဂရုမစိုက်တော့ပါ။

သူသည် ဆယ်ယောက်အနက် ခြောက်ယောက်ကိုသုတ်သင်ပြီးဖြစ်၍ သူ့အသက်တစ်သက်ကို မမက်မောတော့ပါ။

သူသေလိုက သေနိုင်ပါပြီ။ အမောပြေသွားပြီဖြစ်သည်။

ခုကျိုင်း၏ဓားကွက်များကို သူသည် အသေအလဲ ရှောင်တိမ်းနေရသည်။

ကျန်သောရန်သူသုံးယောက်မှာ အကွက်ကောင်းကိုချောင်းနေကြလေ၏။

"ကျား...."

ခုကျိုင်းသည် ကျယ်လောင်စွာအော်ပြီး ခုန်လွှားဝင်ရောက်လာပြန်၏။

ဝမ်ချိုင်းသည် လက်ဝဲဘက်သို့ရှောင်လိုက်၏။

လက်ဝဲဘက်သို့ရှောင်ခြင်းမှာ လက်ဝဲဘက်၌ ရန်သူတစ်ယောက်တည်းသာ ရှိသောကြောင့်ဖြစ်သည်။

ဝမ်ချိုင်းသည် နေရောင်ကိုကျောပေးသည့် အနေအထားသို့ ရောက်ရှိသွားပြန်သည်။ ကောင်းမွန်သောအနေအထားပင်။



ထိုစဉ် အဝေးမှ မြင်းစီးသမားတစ်စုအော်ဟစ်ရင်း ဒုန်းစိုင်းပြေးလာကြလေ၏။

ဝမ်ချိုင်းသည် အကြောအချဉ်များ တို့ဆိုင်းသွားပြီး ဒူးများညွတ်ချင်သလို ဖြစ်သွားသည်။

အဘယ့်ကြောင့်ဆိုသော် ထိုမြင်းစီးသမားတစ်ဂုမှ အစိမ်းရောင်ဝတ် စကြာဂိုဏ်းသားများကို တွေ့ရသောကြောင့်ပေတည်း။

ထိုမြင်းစီးသမားများမှာ စုစုပေါင်း ငါးယောက်ရှိသည်။

ခေါင်းဆောင်လာသူမှာ စကြာဂိုဏ်းချုပ်ကြီး၏ လက်ရုံးကြီး ချူမား ဖြစ်သည်။

ဝမ်ချိုင်း မောဟိုက်သွားသည်။

ယခင် ရန်သူဟောင်းလေးယောက်၊ နောက်ရန်သူငါးယောက် စုစုပေါင်းလူကိုးယောက်ကို သူမတိုက်နိုင်တော့ပါ။

စကြာဂိုဏ်းသားများဖြစ်သည်ကို တွေ့ရှိရသောအခါ ပင်လယ်ဗျိုင်းခုကျိုင်း အလွန်အားတက်သွားလေ၏။

ကြီးမားသော အရှိန်အဟုန်ဖြင့် ဝမ်ချိုင်းအား ဝင်တိုက်တော့သည်။

မြင်းပေါ်မှ စကြာဂိုဏ်းသားငါးယောက်လည်း လွှားခနဲလွှားခနဲ ခုန်ဆင်းလာကြ၏။

ရှေ့ဆုံးမှ ချူမား... နောက်လိုက်လေးယောက်က သူ့နောက်မှပြေးလိုက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com

သို့သော် ထိုငါးယောက်မှာ ဝမ်ချိုင်းထံသို့ရောက်မလာပါ။

အဘယ့်ကြောင့်ဆိုသော် ရတ်တရက် ရောက်ရှိလာသောလူတစ်ယောက်သည် ထိုငါးယောက်ကို တားဆီးတိုက်ခိုက်သောကြောင့်တည်း။

ဝမ်ချိုင်းမှာ မဖော်ပြနိုင်လောက်အောင် ဝမ်းသာသွားသည်။

သူသည် မမျှော်လင့်ဘဲ စစ်ကူရရှိလိုက်ပြီမဟုတ်ပါလော။ ရောက်လာသူကား ခြသေ့ံဂိုဏ်းချုပ်ကြီးပေတည်း။

မှန်သည်။ ခြသေ့ံဂိုဏ်းချုပ်ကြီးမှ ခြသေ့ံဂိုဏ်းချုပ်ကြီးအစစ်ဖြစ်ပါသည်။

ထိုလူသည် အနက်ရောင်ကတ္တီပါခြုံထည်ကြီးကို လွှမ်းခြုံထားသည်။

ခေါင်း၌ကတ္တီပါခေါင်းစွပ် စွပ်ထားသည်။ မျက်လုံးကလေးများ၌သာ အပေါက်ကလေးဖောက်ထားသည်။

ဝမ်ချိုင်းနှင့်တိုက်ခိုက်နေသော ခုကျိုင်းပင်လျှင် ခြသေ့ံဂိုဏ်းချုပ်ကြီးအား လှမ်းကြည့်၏။

သူသည် ဝတ်ရုံနက်ကြီးခြုံထားသောသိုင်းသမားအား တွေ့ရသည်။

ခြသေ့ံဂိုဏ်းချုပ်ကြီးမှန်း မသိပေ။ မည်သည့်သိုင်းသမားရောက်လာပြီး နှောင့်ယှက်သနည်းဟူသောအကြည့်ဖြင့် ကြည့်မိခြင်း



ဖြစ်သည်။

ခြသေ့ံဂိုဏ်းချုပ်ကြီးသည် သူတို့ဂိုဏ်းသားများ တိုက်ခိုက်နေစဉ် ဝင်ရောက်ကူညီသည်ဟု တစ်ကြိမ်တစ်ခါမျှ မကြားဖူးချေ။

ဝမ်ချိုင်းသည် မည်သည့်စကားမျှမပြောဘဲ ခုကျိုင်း၏ တိုက်ကွက်များကို တွန်းလှန်လိုက်သည်။

စကြာဂိုဏ်းမှ ချူမားက....

"နေစမ်းပါဦး... မင်းနဲ့ဘာဆိုင်လို့ ဝင်တိုက်ရတာလဲ၊ ဒီကောင်က ငါတို့ရန်သူကွ... မင်းက ဘယ်သူလဲ"

ခြသေ့ံဂိုဏ်းကြီးက မည်သို့မျှမဖြေချေ။

သူ၏နှုတ်မှ အဖြေအစား ဓားကဖြေပြီးသာ ဖြစ်နေ၏။

"ဝှီး... ဝှီး... ဝှီး"

သူ၏ဓားသည် နေရောင်၌ ပြိုးပြက်ဝင်းလက်နေ၏။

ရန်သူငါးယောက်အား ခြသေ့ံဂိုဏ်းချုပ်ကြီးက တိုက်စစ်ဆင်နေသည်။ ဝမ်ချိုင်းသည် အလိုလို အားတက်လာ၏။

ခုကျိုင်းအား အသေတိုက်ခိုက်ရန် စိတ်ကိုတင်းလိုက်သည်။

သူသည် ခုကျိုင်းအား ပြန်လည်ထိုးစစ်ဆင်လေတော့သည်။ ဟိုဘက်မှ တိုက်ပွဲကား တစ်ဘက်သတ်ဖြစ်နေသည်။

ငါးယောက်တစ်ယောက်ဖြစ်သော်လည်း ချူမားတို့မှာ နောက်သို့ တဆုတ်တည်း ဆုတ်နေရသည်။

ခြသေ့ံဂိုဏ်းချုပ်ကြီးနှင့် တိုက်နေရသော ချူမားမှာ အငြိ

www.burmeseclassic.com

www.burmeseclassic.com



အနေကို တဖြည်းဖြည်း သုံးသပ်မိသွား၏။

သူနှင့်တကွ သူလူများ တဆုတ်တည်း ဆုတ်နေရသည်မဟုတ်ပါလား။

"ဆုတ်ကြဟေ့... ဆုတ်ကြ"

ချူးမား၏အော်သံကြားသောအခါ စကြာဂိုဏ်းသားများသည် လှည့်ပြေးကြတော့၏။

မြင်းများကို အပြေးမောင်းရင်း မြင်းပေါ်တက်သွားကြသည်။ စကြာဂိုဏ်းသားများ ပြေးကြလေပြီ။

ခုကျိုင်းနှင့် သူနောက်လိုက် သုံးဦးကလည်း လျင်လှ၏။

စကြာဂိုဏ်းသားများ ပြေးသည်နှင့် သူတို့လည်း ပြေးကြတော့သည်။

သူတို့သည် အနောက်ဘက် သစ်တောထဲသို့ ပြေးဝင်သွားကြသည်။

ဝမ်ချိုင်းသည် ထိုသစ်တောထဲသို့ပြေးလိုက်လေ၏။

"ဟေ့... မလိုက်နဲ့"

ဂိုဏ်းချုပ်ကြီး၏တားမြစ်သံကို ကြားလိုက်ရသည်။

"သူတို့မယှဉ်ရဲလို့ ထွက်ပြေးတာဘဲ... လိုက်စရာမလိုပါဘူး"

"မဟုတ်ပါဘူး ဂိုဏ်းချုပ်ကြီး... ခုကျိုင်းဟာ ကျွန်တော်တို့အပေါ်မှာ ရန်ငြိုးထားနေပါတယ်၊ သူ့ရန်စွယ်ကို အပြီးအပြတ်နှိမ်လိုက်မှ သူ့ရန်ဟာ အေးသွားမှာပါ"



"ကိစ္စမရှိဘူး... သူတတ်နိုင်ရင် လုပ်ပါစေ"

ဝမ်ချိုင်းသည် ဂိုဏ်းချုပ်ကြီးရှေ့၌ ခေါင်းငုံ့ရပ်နေ၏။

ဂိုဏ်းချုပ်ကြီးသည် ဝမ်ချိုင်းရှေ့သို့ လျှောက်လာလေ၏။

ဂိုဏ်းချုပ်ကြီးသည် သူ့အား အပြစ်တင်တော့မည်ကို ဝမ်ချိုင်းသိသည်။

ဟန်ကြူးမြို့သို့ သူလာခြင်းမှာ ဂိုဏ်းချုပ်ကြီး၏အမိန့်တစ်စုံတစ်ရာ မပါရှိခဲ့ချေ။

ထို့ပြင် စကြာဂိုဏ်းသည် ရန်သူဂိုဏ်းဖြစ်သွားရသည်။

ဝမ်ချိုင်းသည် လက်ဖမိုးနှစ်ဖက်ယှက်လျက် ဦးညွှတ်ဂါရဝပြုလိုက်လေ၏။

ထို့နောက် ဂိုဏ်းချုပ်ကြီးထံမှ ထွက်လာမည့်စကားကို နားစွင့်နေသည်။

ဂိုဏ်းချုပ်ကြီးက....

"မင်း လုံထန်တို့ကိစ္စအတွက် ဟန်ကြူးမြို့ကို ရောက်လာတာ မဟုတ်လား"

"ဟုတ်ပါတယ် ဂိုဏ်းချုပ်ကြီး၊ တိတိကျကျတော့ ဘာမှမတွေ့ရှိရသေးပါဘူး... သံသယလောက်ပဲ ရှိခဲ့ပါတယ်"

"ဘယ်သူ့အပေါ် သံသယရှိနေတာလဲ"

"လုံကျန်ပေဝါး... လုံထန်ရဲ့အစ်ကိုတော်စပ်တဲ့ လုံကျန်ပေဝါးဆိုတဲ့လူကို ကျွန်တော် သံသယမကင်းပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းချုပ်ကြီးထံမှ ဘာသံမျှထွက်မလာပေ။ သူစဉ်းစားနေသည်ဟု ဝမ်ချိုင်းယူဆသည်။

"ဒီမှာ ဝမ်ချိုင်း...."

"အမိန့်ရှိပါ ဂိုဏ်းချုပ်ကြီး"

"လုံဂေဟာမိသားစုဟာ စကြာဂိုဏ်းနဲ့ ဆက်နွယ်နေတယ် မဟုတ်လား"

"မှန်ပါတယ် ဂိုဏ်းချုပ်ကြီး... လုံကျန်ပေဝါးရဲ့ဇနီး ရှမ်းကီးဟာ စကြာဂိုဏ်းချုပ်ကြီးရန်ကျန်းရဲ့ ညီမအရင်း ဖြစ်တယ်"

"အခု ငါတို့ဟာ စကြာဂိုဏ်းရဲ့ရန်သူဖြစ်သွားပြီ မဟုတ်လား"

ဂိုဏ်းချုပ်ကြီးသည် တိုတိုနှင့်လိုရင်းသာ ပြောတတ်သကဲ့သို့ သူ့အား တိုတိုနှင့်လိုရင်းသာပြောမှ ကြိုက်တတ်သည်။

"ဟုတ်ပါတယ်... စကြာဂိုဏ်းဟာ ခုဆိုရင် ကျွန်တော်တို့ရဲ့ ရန်သူဖြစ်နေပါပြီ... နောက်ပြီးစကြာဂိုဏ်းဟာ ပင်လယ်ဖျိုင်းခုကျိုင်းကိုလဲ သိမ်းသွင်းထားပါတယ်၊ ပင်လယ်ဖျိုင်းခုကျိုင်းကတော့ ဓားပြတိုက်မှာပါပဲ... သူ့မှာအစီအစဉ်တွေလဲ ရှိပါတယ်... စကြာဂိုဏ်းဟာ ပင်လယ်ဖျိုင်းခုကျိုင်း ဓားပြတိုက်တာတွေကို ခေါင်းပုံဖြတ်ယူမယ့်သဘောပဲပေါ့"

ခြင်္သေ့ဂိုဏ်းချုပ်ကြီးသည် အတန်ကြာ စဉ်းစားနေလေသည်။



အတန်ကြာ စဉ်းစားပြီးမှ ဂိုဏ်းချုပ်ကြီးသည် ဝမ်ချိုင်းဘက်သို့ လှည့်သည်။

"အင်း... ငါတို့က ဒုစရိုက်မှုတွေကိုနှိမ်နင်းမယ့်ဂိုဏ်း... သူတို့က ဒုစရိုက်ဂိုဏ်းဆိုတော့ ဘယ်မှာပေါင်းစပ်လို့ရမှာလဲ... ဒီတော့ တို့ကိုလဲ သူတို့က ရန်သူအဖြစ် သတ်မှတ်တော့မှာအမှန်ပဲ... ခုလောက်ဆိုရင် သူတို့ဂိုဏ်းသားတချို့ဟာ ဟိုနန်းမြို့မှာ ခြေရှုပ်တော့မယ်၊ သူတို့ဟာ ခြင်္သေ့ဂိုဏ်းသားတွေကို တွေ့တဲ့နေရာမှာ သုတ်သင်မှာပဲ၊ ငါတို့ဟာ သူတို့အတွက် ဆူးငြောင့်ခလုတ်ဖြစ်နေပြီ မဟုတ်လား"

ဂိုဏ်းချုပ်ကြီးသည် သူ့ဂိုဏ်းသားများအတွက် ကြိုတင်တွေးဆပြီး ပြောနေပေသည်။

ယခင်က ခြင်္သေ့ဂိုဏ်းသည် ဟိုနန်းမြို့တစ်မြို့ထဲကိုသာ ကာကွယ်နေသဖြင့် စကြာဂိုဏ်း၏လှုပ်ရှားမှုများကို မသိကျိုးကျွံနေခဲ့သည်။

ယခုမူ ဝမ်ချိုင်းသည် စကြာဂိုဏ်း၏နယ်ပယ်ထဲ ကျူးကျော်ဝင်ရောက်ခဲ့ပြီး ပင်လယ်ဖျိုင်းခုကျိုင်းကို တွေ့ခဲ့ရသဖြင့် သူတို့နှင့်ခုကျိုင်း တစ်ဘက်တည်းသားဖြစ်သွားသည်ကို သိရှိလိုက်ရသည်။

သူတို့သည် အိုးမလုံအုံပွင့်ပြီး ခြင်္သေ့ဂိုဏ်းကို ရန်ပြုကြတော့မည်။

သူဌေးကြီးလုံထန်၏ကိစ္စ၌ လုံကျန်ပေဝါး ပါမပါကို ဝမ်ချိုင်း

www.burmeseclassic.com

www.burmeseclassic.com



တွေးတောစဉ်းစားနေရသည်။

သိလက်ချောင်းထန်တုရှောင်သည် လုံဂေဟာဘကိစ္စကို လွှတ်ခနဲပြောလိုက်သည်။

ထို့ပြင် နံနက် လုံဂေဟာမှအထွက်တွင်လည်း လုံကျန်ပေဝါးနှင့် ညှိသည်အချို့ တီးတိုးပြောသည့် စကားသံများကို ကြားခဲ့ရသည် မဟုတ်ပါလား။ ရှမ်းကီး၏အသံကိုလည်း ကြားရသည်။

လုံဂေဟာမှ လုံကျန်ပေဝါးတို့ လင်မယားနှစ်ယောက်သည် စကြာဂိုဏ်းသားများ ဖြစ်နိုင်သည်။

စကြာဂိုဏ်းသည် ခေါးပြတိုက်သောလုပ်ငန်းကို ပင်လယ်ဖျိုင်းခုကျိုင်းအား ဦးစီးလုပ်ဆောင်စေရာ၌ လုံဂေဟာမှ မပါဝင်ဟု မပြောနိုင်ပေ။

လုံဂေဟာ၌ စီးပွားရေးအလွန်ကျဆင်းနေသည် မဟုတ်ပါလော။

လုံကျန်ပေဝါး မကြာခဏ ခရီးထွက်သည်ဟုဆိုခြင်းမှာ စကြာဂိုဏ်း၏ လုပ်ငန်းဆောင်တာများကို ဆောင်ရွက်နေခြင်းမှတစ်ပါး အခြားဘာမှမဖြစ်နိုင်ချေ။

ယခုပင်လျှင် လုံကျန်ပေဝါးသည် ဟိုနန်းမြို့သို့ရောက်နေပြီလား မပြောနိုင်ပေ။

သူသည် ကွေအော်ရှောင်ကိုလာရောက် လုပ်ကြံရမည်မဟုတ်ပါလား။



ထိုကိစ္စများကို ဂိုဏ်းချုပ်ကြီးအား တင်ပြရပေမည်။

ခြသေ့်ဂိုဏ်းချုပ်ကြီးသည် သွေးသံရဲရဲဖြင့် လဲကျသေဆုံးနေသော ပင်လယ်ဖျိုင်းခုကျိုင်း၏ အပေါင်းအသင်းများကို လျှောက်ကြည့်နေ၏။ အားလုံး သေဆုံးနေကြလေပြီ။

"အင်း... မတတ်သာတော့လဲ သတ်ရတာပဲ"

ခြသေ့်ဂိုဏ်းချုပ်ကြီးသည် သက်ပြင်းချလိုက်သည်။

ခြသေ့်ဂိုဏ်းချုပ်ကြီးသည် ဝမ်ချိုင်းဘက်သို့လှည့် မေးလိုက်သည်။

"မင်းရဲ့ထင်မြင်ချက်ကို ပြောစမ်းပါဦး... လုံထန်တို့မိသားစုကိုသတ်ဖို့ လူသတ်သမားတွေ စေလွှတ်နေတာဟာ လုံဂေဟာရဲ့လက်ချက်လို့ ထင်နေသလား။ ဒါမှမဟုတ် စကြာဂိုဏ်းရဲ့လက်ချက်လို့ ထင်နေသလား"

ထိုမေးခွန်းကို ဝမ်ချိုင်း ရုတ်တရက် မဖြေနိုင်ပေ။

ဝမ်ချိုင်းအနေဖြင့် သူ့သံသယကို တင်ပြရပေမည်။

ဂိုဏ်းချုပ်ကြီးအနေဖြင့် သံသယဆိုသည်ကို လက်ခံလေ့မရှိပါ။

ထို့ကြောင့် သူသည် ရုတ်တရက် ပြန်မဖြေဘဲ စဉ်းစားနေခြင်းဖြစ်သည်။

ထိုအခါ ဂိုဏ်းချုပ်ကြီးက....

"မင်းအနေနဲ့ အားလုံးအပေါ်မှာ သံသယလောက်ပဲရှိနေ

www.burmeseclassic.com

www.burmeseclassic.com



တယ်မဟုတ်လား"

ဝမ်ချိုင်းသည် ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ် ဂိုဏ်းချုပ်ကြီး... ကျွန်တော် ဘာမှလက်ဆုပ်လက်ကိုင် မပြနိုင်သေးပါဘူး၊ ကျွန်တော် သံသယလောက်ကို ကောက်ချက်ချပြီး မဆုံးဖြတ်ချင်ပါဘူး"

ဂိုဏ်းချုပ်ကြီးသည် ကျေနပ်စွာ ခေါင်းညိတ်လေ၏။

"အေး... အဲဒါဟာ မှန်ကန်တဲ့ဆုံးဖြတ်ချက်ပဲ၊ တိကျမှန်ကန်တဲ့သက်သေ အထောက်အထားမရှိဘဲ သံသယလောက်နဲ့ တစ်ဘက်သားကို စွပ်စွဲတယ်ဆိုတာ ကိုယ့်ဘက်က မှန်ရင်တော့ ကောင်းတာပေါ့၊ မှားသွားရင်တော့ တစ်ဘက်လူ ဘယ်လောက်နစ်နာမယ်ဆိုတာ မင်းတဖြည်းဖြည်း စဉ်းစားကြည့်ရင် သိလိမ့်မယ်၊ ငါတို့ဒုစရိုက်မှုတွေကို အပြစ်ပေးတဲ့နေရာမှာ အပြစ်ရှိတဲ့လူ ဘယ်လောက်လွတ်သွားပါစေ အပြစ်မရှိတဲ့လူတစ်ယောက်ကို အပြစ်မပေးမိအောင် ငါတို့လုပ်ကြရမယ်၊ အပြစ်မရှိတဲ့လူတစ်ယောက်ကို အပြစ်ပေးမိရင် ငါတို့အလုပ်ဟာ အလကားဖြစ်သွားပြီ"

"မှန်ပါတယ် ခင်ဗျာ... ဂိုဏ်းချုပ်ကြီးရဲ့ အမိန့်ကို ကျွန်တော် အမြဲတမ်း နာခံပါတယ်... အဲဒီအတိုင်းကျင့်သုံးဖို့လဲ ကျွန်တော်အမြဲကြိုးစားပါတယ်"

ဂိုဏ်းချုပ်ကြီးသည် ခေါင်းတဆတ်ဆတ်ညိတ်၏။

"အေး... အေး... ကောင်းပါလေရဲ့ကွယ်၊ ကဲ... မင်းသွားစရာရှိတဲ့လမ်းကို သွားပေတော့၊ ကျုပ်မှာလဲ တခြားဆောင်ရွက်စရာတွေ ရှိသေးတယ်... မင်းအနေနဲ့ ကျုပ်တို့ရဲ့ ဂိုဏ်းသားတွေ သတိရှိဖို့ လိုက်ပြီးတော့ သတိပေးဦး၊ ရန်သူဟာ တို့ကို ထိုးဖောက်တိုက်ခိုက်ဖို့ ကြိုးစားပြီဆိုတာ ပြောပြပေတော့၊ တို့ဂိုဏ်းသား ဆယ်ယောက်ကို တစ်ယောက်မှ အပွန်းမခံနိုင်ဘူး"



ဂိုဏ်းချုပ်ကြီး၏စေတနာသည် သူ့စကားထဲမှာ ပေါ်နေသည်။

"ကောင်းပါပြီ ဂိုဏ်းချုပ်ကြီး"

ဝမ်ချိုင်းက ပြောလိုက်၏။

ဂိုဏ်းချုပ်ကြီးသည် ပြေးလွှားထွက်သွားလေ၏။

ဂိုဏ်းချုပ်ကြီး၏ကိုယ်ဖော့ပညာသည် ကောင်းလှသည်။

တစ်ခဏအတွင်း ဝမ်ချိုင်း၏မြင်ကွင်းအတွင်းမှ ပျောက်ကွယ်သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

### နှုတ်ပိတ်သူ

ဝမ်ချိုင်းသည် စကြာဂိုဏ်းသားများ၏ အလောင်းများကို ခက်ဆုပ်စွဲ့ရှာစွာ ကြည့်လိုက်၏။

ထိုအထဲတွင် စာတ်ပျက်တစ်ကောင်ပါနေသည်။ ထန်တု ရှောင်ပေတည်း။

မကောင်းမှုပြုသူ၏နောက်ဆုံးလမ်းမှာ သေရွာသို့တည်း။

သူသည် မြင်းပေါ်တက်ပြီး ဟိုနန်းမြို့ဆီသို့ ထွက်ခွာလာလေ၏။

သူ၏ဦးခေါင်းထဲ၌ အတွေးပေါင်းမြောက်မြားစွာ ဝင်နေ၏။

ထိုစဉ်လာသော ပထမဦးဆုံးအတွေးမှာ ဂိုဏ်းချုပ်ကြီး၏ ကိစ္စပင် ဖြစ်သည်။

ဂိုဏ်းချုပ်ကြီးသည် မိမိကျဉ်းထဲကြပ်ထဲရောက်နေသော အချိန်တွင် အချိန်မီရောက်လာသည်။



ယခင်က တစ်ကြိမ်မျှ ဤသို့ရောက်မလာခဲ့ဖူးချေ။

ရောက်မလာခဲ့ခြင်းမှာလည်း ခြသေ့ဂိုဏ်းသားများ ဤသို့ တစ်ကြိမ်တစ်ခါမျှ အကျဉ်းအကျပ်ထဲ မရောက်ဖူးသောကြောင့်ဖြစ်သည်။

မိမိ ဆယ်ယောက်တစ်ယောက် တိုက်နေနိုင်သည်မှာ မိမိ၏သိုင်းပညာ တကယ်ကောင်းလှသောကြောင့် ဖြစ်သည်။

တစ်ဘက်လူများမှာ သိုင်းပညာကရှင်းသော်လည်း မိမိကို မမီသောကြောင့်ဖြစ်သည်။

သူတို့လူစုထဲတွင် သိုင်းပညာတကယ်ကောင်းသူမှာ နှစ်ယောက်တည်းရှိ၏။

တစ်ယောက်မှာ ထန်တုရှောင်ဖြစ်ပြီး တစ်ယောက်မှာ ပင်လယ်ဖျိုင်းခုကျိုင်းဖြစ်သည်။

တစ်ယောက်သေသွားသောအခါ ပင်လယ်ဖျိုင်းခုကျိုင်းသည် ဖြုံသွားလေတော့၏။

ထိုစဉ် ခြသေ့ဂိုဏ်းချုပ်ကြီးသည် ရောက်ရှိလာလေ၏။

စစ်ကူရောက်သော စကြာဂိုဏ်းသားများကို တိုက်ထုတ်ပစ်လိုက်သည်။

မိမိက ပြေးသွားသော ပင်လယ်ဖျိုင်းခုကျိုင်းနောက်သို့ လိုက်မည်ဆိုသောအခါတွင် ဂိုဏ်းချုပ်ကြီးက လှမ်းတားသည်။

ဂိုဏ်းချုပ်ကြီးသည် သတ်ပစ်ရန်အလုပ်ကို မလွှဲမရှောင်သာ

www.burmeseclassic.com

www.burmeseclassic.com



တော့မှ လုပ်သည်။

ဂိုဏ်းချုပ်ကြီးသည် အရာရာကို ကြိုတင်သိမြင်သူဖြစ်သည်။ ချီးကျူးစရာကောင်းလှသည်။

ဟိုနန်းမြို့သို့ ကြေးစားလူသတ်သမားသုံးယောက် ရောက်လာမည်ကိုကြိုတင်သိနေသည်။

မိမိအား တာဝန်ပေးခဲ့သည်။ ယခု မိမိအသက်လုတိုက်ပွဲဆင်နွှဲနေရသောအချိန်တွင် ဂိုဏ်းချုပ်ကြီးသည် အချိန်မီကလေးရောက်ရှိလာသည်။

ဂိုဏ်းချုပ်ကြီးသာ အချိန်မီရောက်ရှိမလာလျှင် မိမိသည် ချူမားနှင့် ခုကျိုင်းတို့၏လက်ချက်ဖြင့် သေရပေတော့မည်။

ထိုစဉ် ဂိုဏ်းချုပ်ကြီးသည် ဘွားခနဲရောက်ရှိလာ၏။

အဘယ်ကြောင့် အရေးကြီးသောအချိန်၌ ဘွားခနဲပေါ်လာရသနည်း။

သူသည် သွားရင်းဟန်လွှဲ မိမိတိုက်ခိုက်နေသည်ကို တွေ့သွားခြင်းလော သို့တည်းမဟုတ် မိမိတိုက်ပွဲကို ကြိုတင်သိနေသလော....။

ထိုအချက်နှစ်ခုထဲမှ တစ်ခုသာဖြစ်ပေရော့မည်။

နောက်တစ်ခု တွေးစရာအချက်တစ်ခုမှာ ခြသေ့်ဂိုဏ်းချုပ်ကြီးသည် မျိုးချစ်သိုင်းသမားကြီး ချူချုန်းဖြစ်ရမည်။

မိမိသည် ယနေ့မျိုးချစ်သိုင်းသမားကြီး ချူချုန်းအား တွေ့



မြင်လိုက်ရသည်။ နှုတ်ဆက်လိုက်ရသည်။

သူနှင့်တွေ့ပြီး မကြာမီပင် မိမိသည် တိုက်ပွဲနှင့်ရင်ဆိုင်လိုက်ရသည်။

မကြာမီ ဂိုဏ်းချုပ်ကြီးရောက်လာပြီး မိမိကို ကယ်တင်သည်။

မိမိ ဤလမ်းသို့သွားသည်ကို သိသောသူမှာ မျိုးချစ်သိုင်းသမားကြီး ချူချုန်းပင်ရှိသည်။

မိမိအား ကယ်တင်သူမှာ မျိုးချစ်သိုင်းသမားကြီးချူချုန်းလော။

ဤသို့ဆိုလျှင် မျိုးချစ်သိုင်းသမားကြီးချူချုန်းသည် မိမိတို့၏ဂိုဏ်းချုပ်ကြီး ဖြစ်နေပေမည်။

မျိုးချစ်သိုင်းသမားကြီးချူချုန်းသာ မိမိတို့၏ဂိုဏ်းချုပ်ကြီးဖြစ်နေလျှင် မိမိတို့အဖို့ တစ်ပြားသားမျှ ပူပန်ပုံနိုင်စရာမရှိပေ။

ဂိုဏ်းသားဆယ်ယောက်စလုံးက ဂိုဏ်းချုပ်ကြီးကိုချစ်ခင်လေးစားကြသည်။

မျိုးချစ်သိုင်းသမားကြီးကိုလည်း မိမိတို့ဂိုဏ်းသားများက ချစ်ခင်ရိုသေလေးစားနေသည့်ဖြစ်ရာ အပြောင်းအလဲ မည်သို့မျှရှိလိမ့်မည် မဟုတ်ချေ။

သူသည် မြင်းကိုဒုန်းစိုင်းစီး ဟိုနန်းမြို့ဆီသို့ ဦးတည်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



သူ ဟိုနန်းမြို့သို့ရောက်သောအခါ အမှောင်ပျိုးနေလေပြီ။

သူသည် စောစောက တိုက်ခိုက်နေစဉ် ဆာလောင်ရမှန်းမသိသော်လည်း ယခု ဆာလောင်ရမှန်းသိနေလေပြီ။

သူသည်'ပန်းရနံ့'စားသောက်ဆိုင်ဘက်သို့ ဦးတည်လိုက်သည်။ ပန်းရနံ့စားသောက်ဆိုင်၌ လူများစည်ကားနေလေပြီ။

သူသည် မြင်းပေါ်မှဆင်းလိုက်၏။ မြင်းကိုချည်တိုင်တွင်ချည်လိုက်ပြီး စားသောက်ဆိုင်ထဲသို့ ဝင်လာသည်။ စားပွဲတစ်လုံး၌ထိုင်လိုက်သည်။

"ဟေ့… ခေါက်ဆွဲတစ်ပွဲပေး။ အရက်တစ်အိုးချ… မြန်မြန်လုပ်ကွာ"

သူသည် စားပွဲထိုးလေးအား မှာလိုက်သည်။

"ဟုတ်ကဲ့ခင်ဗျာ"

စားပွဲထိုးကလေးသည် အနောက်ဘက်အဆောင်ထဲပြေးဝင်သွားပြီး အရက်တစ်အိုးအားကိုင်ကာ ပြန်ထွက်လာသည်။

ဝမ်ချိုင်းအား အရက်အိုးချပေးလိုက်၏။

"ခေါက်ဆွဲကြော်နေပါပြီ ခင်ဗျာ"

"အေး… အေး"

ဝမ်ချိုင်းသည် အရက်အိုးထဲမှ အရက်ကိုငှဲ့လိုက်၏။ သူသည် မော့သောက်လိုက်ပြီး နောက်တစ်ခွက်ငှဲ့လိုက်ပြန်၏။

ထိုစဉ် လူငယ်တစ်ယောက်သည် သူ့စားပွဲ၌ ဝင်ထိုင်လေ၏။



ထို့နောက် ဝမ်ချိုင်းငှဲ့ထားသောအရက်ကို ကောက်၍သောက်လိုက်သည်။

သူသည် လေသံတိုးတိုးဖြင့် ဝမ်ချိုင်းအား စတင်စကားပြောလေ၏။

"နံပါတ်တစ်… အခြေအနေတော့ ဆိုးနေပြီ"

ဝမ်ချိုင်း လန့်သွားသည်။

"ဘာအခြေအနေဆိုးတာလဲ"

သူက တိုးတိုးပြန်မေးလိုက်၏။

"ခင်ဗျား လုံထန်တို့အိမ်ကို အခုပဲသွားတော့… ကျွန်တော်အဲဒီက ပြန်လာတာ"

ထိုလူငယ်သည် ခြသေ့်ဂိုဏ်းထဲတွင် နံပါတ်သုံးအဆင့်ရှိသူဖြစ်သည်။

နံပါတ်သုံး၏စကားကိုကြားလိုက်ရသောအခါ ဝမ်ချိုင်းမှာ ရင်ထဲသို့အလုံးကြီးဆောင့်တက်လာသကဲ့သို့ ခံစားလိုက်ရလေ၏။

ကွေ့အော်ရှောင် အသတ်ခံရပြီလော….။

"သူဌေးကြီးလုံထန်တို့အိမ်မှာ ဘာဖြစ်လို့လဲ"

ဝမ်ချိုင်းက အရေးတကြီးမေးလိုက်၏။

နံပါတ်သုံးက….

"ကြေးစားလူသတ်သမား ကွေ့အော်ရှောင်နဲ့ လုံထန်ရဲ့သားရှန်ထန်းဆိုတာ သေသွားပြီ… နှစ်ယောက်စလုံး အသတ်ခံရတာ

www.burmeseclassic.com

www.burmeseclassic.com



"ဟာ...."

ဝမ်ချိုင်း မျှော်လင့်ထားသည့်အတိုင်းပင် ချန်ဆန်းပင် အဆစ်ပါသွားသေးသည်။

ဝမ်ချိုင်းသည် ဂိုဏ်းချုပ်ကြီးမှာကြားသည့် စကားများကို ပြောလိုက်၏။

ဂိုဏ်းသားများသည် အစစအရာရာ သတိဝီရိယနှင့် နေကြရမည်။

"ကဲ... ငါ လုံထန်တို့ဂေဟာကို သွားလိုက်ဦးမယ်"

"ကောင်းပါပြီ"

နံပါတ်သုံးက ခေါင်းညိတ်လိုက်သည်။

ဝမ်ချိုင်းသည် ခေါက်ဆွဲပင် မစားနိုင်တော့ဘဲ မြင်းပေါ်သို့ တက်ကာ ဒုန်းစိုင်းစီးနင်းထွက်သွားလေသည်။

သူသည် မြင်းကို လုံထန်ဂေဟာခြံဝင်းထဲအထိ စီးနင်းသွားလေ၏။

ဂေဟာထဲဝင်လိုက်သည်နှင့် ငိုယိုသံများကြားလိုက်ရတော့သည်။ လုံထန်၏ဇနီးနှင့် အိပါပါတို့၏ငိုယိုသံပင် ဖြစ်တော့သည်။

ဝမ်ချိုင်းသည် ဂေဟာထဲသို့ဝင်လိုက်သည်။

ဓားဒဏ်ရာနှင့်သေဆုံးနေသော ချန်ဆန်း၏အလောင်းကို တွေ့ရပါပြီ။

လုံထန်တို့မိသားစုသည် သိုင်းလောကသား မိသားစုမ



ဟုတ်။ သိုင်းလောကသားမိသားစုဆိုလျှင် ဤသို့သေသည်ကို ဥပေက္ခာပြုနိုင်ကြသည်။

သိုင်းလောက၌သေခြင်းမှာ အဆန်းမဟုတ်တော့ချေ။ သူတို့မှာ သာမန်မိသားစုသာ ဖြစ်သည်။

သားဖြစ်သူသေဆုံးသောအခါ မိဘတို့မှာ ပူဆွေးနေကြလေပြီ။ အိပါပါလည်း တရှုံ့ရှုံ့နှင့်ငိုနေသည်။

သူဌေးကြီးလုံထန်မှာ ကုလားထိုင်တစ်လုံး၌ ကျောက်ရုပ်ကြီးတစ်ရုပ်လို ထိုင်နေသည်။

သူဌေးကြီး အလွန်စိတ်ပျက်ဝမ်းနည်းနေသည်။ သူသည် ဝမ်ချိုင်း ဝင်လာသည်ကိုမြင်လေ၏။

လုံထန်သည် ဝမ်ချိုင်းအား လက်ယပ်ခေါ်လိုက်၏။

"လာပါ ဝမ်ချိုင်း... အဖြစ်ကတော့ မြင်တဲ့အတိုင်းပဲ"

ရင်နာစရာမြင်ကွင်းပင် ဖြစ်ပါသည်။

ချန်ဆန်းသည် အသက်ပျောက်နေလေပြီ။

ဝမ်ချိုင်းသည် သူစောင့်ရှောက်နေသည့်ကြားမှ ဤသို့ဖြစ်ပျက်သွားရသည်ကို ရင်နာနေသည်။

"ကဲ... ကဲ.. သေတာလဲ သေပြီ၊ သူ့ဈာပနကိစ္စ လုပ်လိုက်ပါတော့"

ဝမ်ချိုင်းက ပြောလိုက်သဖြင့် သူဌေးကြီးလုံထန်က သူ့ကိုယ်ရံတော်သိုင်းသမားအား ဈာပနကိစ္စပြုလုပ်ရန် အမိန့်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ရံတော်သိုင်းသမားက အစေခံများကိုခေါ်၍ ဈာပန ကိစ္စကို ပြင်ဆင်တော့သည်။ ကိစ္စအားလုံး ပြီးစီးသွားပေပြီ။

လုံထန်နှင့်ဝမ်ချိုင်းတို့ အေးအေးဆေးဆေး စကားပြောခွင့် ရသွားပြီဖြစ်သည်။

ဖြစ်သမျှအကြောင်းကို လုံထန်က ဝမ်ချိုင်းအား ရှင်းလင်း ပြောပြလေ၏။

သူဌေးကြီးလုံထန်တို့မိသားစုသည် ညစာ စားသောက်ပြီး စီးကြလေ၏။

လုံထန်တို့မိသားစုသည် သနားကြင်နာတတ်သောမိသားစု ဖြစ်သည်။

သူတို့သည် သုံးရက်မျှ အစာရေစာမစားဘဲထားသော ကွေ အော်ရှောင်ကို သနားမိကြသည်။

လုံထန်က....

"သားရေ... အဖေတို့ ကွေအော်ရှောင်ကို အစာရေစာ မ ပေးဘဲထားတာ သုံးရက်တောင်ရှိပြီနော်"

"ဟုတ်တယ် ဖေဖေ"

အိပါပါက....



"ဟုတ်တယ်ဖေဖေ... သူ့ခမျာ ဆာနေမှာပဲနော်"

လုံထန်၏ဇနီး ငွေအန်းက....

"ဟုတ်တယ်... ကျွန်မတို့အစားအသောက် ကျွေးလိုက်ကြရ အောင်... လူသတ်ခိုင်းတဲ့လူကို မပြောချင်ဘူးဆိုရင်လဲ ရှိပါစေတော့၊ အစားအစာကျွေးမွေးပြီး မနက်ကျရင် မြို့စားကြီးလက်ထဲ အပ်လိုက် တာပေါ့"

လုံထန်က ခေါင်းညိတ်၏။

"ကောင်းတယ်... အဲဒီအကြံဉာဏ်ကောင်းတယ်၊ သူဖွင့် ပြောပြောမပြောပြော ကျွေးမွေးလိုက်ပါတော့ကွာ၊ လူတစ်ဘက် သားကို ဒီလိုညှဉ်းဆဲထားရတာလဲ ငါတော့ သဘောမကျပါဘူး။ ကဲ... သားရေ လင်ဗန်းတစ်ခုယူပါ၊ ကွေအော်ရှောင်ကို အစားအသောက် သွားကျွေးပါ၊ ရေလေးလဲ ယူသွားပါကွာ"

"ဟုတ်ကဲ့ ဖေဖေ"

ချန်ဆန်းသည် ခေါင်းညိတ်ရင်း အိပါပါပြင်ဆင်ပေးသည့် လင်ဗန်းကို ယူသည်။ လင်ဗန်းထဲ၌ စားသောက်စရာအစုံအလင်နှင့် သောက်ရေပါသည်။

"ကဲ... သား မင်းအနားမှာ ကိုယ်ရံတော်ဟိုရှုံကို ခေါ်ထား နော်... သူက ရန်ပြုရင်ခက်မယ်"

"ဟုတ်ကဲ့ဖေဖေ"

ချန်ဆန်းသည် လင်ဗန်းကိုကိုင်ရင်း ကွေအော်ရှောင်ရှိရာသို့

www.burmeseclassic.com

www.burmeseclassic.com



သွားသည်။

အခန်း၀၌ ကိုယ်ရံတော်ဟိုရုံ ရှိနေသည်။ ချန်ဆန်းက အကျိုးအကြောင်းပြောပြပြီး တံခါးဖွင့်ခိုင်းသည်။

ကိုယ်ရံတော်ဟိုရုံက....

"ကောင်းပါတယ်ဗျာ... မြို့စားကြီးကိုလွှဲပေးလိုက်ရင်လဲ ဟိုက စစ်ဦးမှာပါ၊ သူက ဒီအတိုင်းတော့ မထားပါဘူး"

သူတို့သည် တံခါးဖွင့်ပြီး ကွေအော်ရှောင်အား အစားအသောက်ကျွေးမွေးလေ၏။

ကွေအော်ရှောင်မှာ ရေငတ်လွန်းသဖြင့် သေလုမျောပါးဖြစ်နေလေပြီ။

ချန်ဆန်းသည် အလွန်သနားသွား၏။

"ရေကို အရမ်းမသောက်နဲ့... ပထမဆုံး ပလုတ်ကျင်းလိုက်နောက်ပြီးမှ ရေကိုနည်းနည်းချင်းသောက်... ခင်ဗျား ကျူပ်ပြောတာကို နားလည်လား"

ကွေအော်ရှောင်သည် ခေါင်းညိတ်လိုက်လေ၏။

သူသည် ပထမဦးဆုံး ပလုတ်ကျင်းသည်။

ရေကိုတဝကြီး သောက်ချင်သော်လည်း ကြိုးစားပြီး နည်းနည်းချင်းသောက်သည်။

အသားကျသွားသောအခါ တ၀ကြီးသောက်လေ၏။

"ကဲ... ခင်ဗျား အစာစားပါဦး၊ အစာကိုလဲ တနင့်တပိုးကြီး



မစားနဲ့ဦး၊ ခင်ဗျားက သုံးလေးရက် စားမထားတော့ ခင်ဗျားဗိုက်က ခံနိုင်မှာမဟုတ်ဘူး"

ကွေအော်ရှောင်သည် မျက်ရည်များပင် လည်လာသည်။

စိတ်ကြမ်းလူကြမ်း လူသတ်သမားကြီးသည် ချန်ဆန်း၏ ကြင်နာမှုများကို တွေ့နေရလေပြီ။

ကွေအော်ရှောင်သည် စားသောက်ရင်း မျက်ရည်များစီးကျနေလေ၏။

"အဖေ... ဖေဖေ... လာပါဦး၊ ကွေအော်ရှောင် ငိုနေတယ်"

သူဌေးကြီးလုံထန်တို့မိသားစုမှာ ကသုတ်ကယက် ပြေးလာနေကြ၏။

ကွေအော်ရှောင် မျက်ရည်ကျနေသည်ကိုမြင်သောအခါ သူတို့ဘာလုပ်ရမည်မသိဘဲ ဖြစ်သွားသည်။

လုံထန်က ပြောသည်။

"မင်း ဘာဖြစ်လို့ငိုရတာလဲကွာ၊ ငါတို့လဲ စိတ်မကောင်းပါဘူး... မင်းကိုလွှတ်ပေးလို့တော့ မဖြစ်ဘူး၊ မင်းကို မြို့စားကြီးလက်ထဲအပ်လိုက်ရမှာပဲ၊ ငါတို့မိသားစုကိုသတ်ဖို့ လွှတ်လိုက်တဲ့အလုပ်ရှင်ကို မင်းမပြောချင်ဘူး မဟုတ်လား၊ မပြောပါနဲ့တော့ ရပါတယ်ကွာ... မနက်မိုးလင်းလာရင် ငါတို့မြို့စားကြီး လက်ထဲအပ်မှာပါ"

ချန်ဆန်းသည် မျက်ရည်ကျနေသော ကွေအော်ရှောင်ကို ကြည့်ပြီး၊ လွန်စွာသနားသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ဘာလို့ငိုနေတာလဲဗျာ... ကျုပ်တို့ကျွေးတဲ့အစားအသောက်တွေ မကောင်းလို့လားဗျာ"

ချန်ဆန်းက မေးလိုက်၏။

ချန်ဆန်းစိတ်ထဲတွင် သူတို့က ဧစတနာဖြင့် ကျွေးမွေးခြင်းဖြစ်သော်လည်း အမှားအယွင်းတစ်ခုခုပါသွားပြီဟု ထင်လိုက်သည်။

ကွေအော်ရှောင်သည် ချန်ဆန်းကို တွေတွေကြီးကြည့်ပြီး မျက်ရည်စများကို သုတ်သည်။

"ကျုပ်လာခဲ့တာ ဒီကလေးနှစ်ယောက်ကိုသတ်ဖို့ လာခဲ့တာပါ"

ကွေအော်ရှောင်က ချန်ဆန်းနှင့်အိပ်ပါပါကို လက်ညှိုးထိုးပြီး ပြောလေ၏။

လုံထန်တို့သည် ဘာမျှမပြောချေ။ ဆက်၍ နားထောင်နေသည်။

"ကျုပ် မှားပါတယ်ဗျာ၊ သိပ်မှားသွားပါတယ်... စကတည်းက ဒီအလုပ်ကို လက်မခံသင့်ဘူး။ ဒီကလေးနှစ်ယောက်ဟာ ကျုပ်ကို မုန်းတီးနေမယ်လို့ ကျုပ်ထင်ခဲ့တယ်... ဒါပေမယ့် အထင်နဲ့အမြင် တကယ်လွဲတာပါပဲဗျာ"

လုံထန်တို့သည် ငြိမ်သက်စွာ နားထောင်နေကြလေ၏။

"ဒါပေမယ့် ဒီကလေးတွေဟာ ကျုပ်ကိုမမုန်းကြဘူး... ကျုပ်ကို အစားအသောက်လာကျွေးတယ်... ရေလာပေးတယ်၊ အ



လောတကြီး စားသောက်ရင် ကျုပ်ဒုက္ခရောက်မှာစိုးလို့ သတိပေးတယ်၊ ကျုပ်ဘယ်လို စိတ်ကောင်းနိုင်တော့မှာလဲဗျာ"

လုံထန်တို့သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြ၏။

ကွေအော်ရှောင်သည် ဆွေးဆွေးမြည့်မြည့် ဆက်ပြောလေသည်။

"ခင်ဗျားတို့က ထင်လိမ့်မယ်... ကြေးစားလူသတ်သမားဆိုတာ စိတ်ကြမ်းကိုယ်ကြမ်းကြီးတွေလို့၊ ကြေးစားလူသတ်သမားလဲ နှလုံးသားရှိတာပဲ၊ ကျုပ်မှာလဲ သားသမီးတွေရှိတာပဲ မလွှဲမရှောင်သာလို့ ကြေးစားဖြစ်နေရပေမယ့် သားသမီးချင်း ကိုယ်ချင်းစာတဲ့စိတ်တော့ ရှိပါတယ်၊ တော်ပါပြီဗျာ... ဒီအလုပ်ကို ကျုပ် မလုပ်တော့ပါဘူး... စွန့်လွှတ်လိုက်ပါပြီ"

လုံထန်တို့မိသားစုမှာ ကွေအော်ရှောင်၏စကားကို ကြားမိသောအခါ ဝမ်းသာသွား၏။

ကြေးစားလူသတ်သမားတစ်ဦး နောင်တရဖို့ရန်မှာ မလွယ်ချေ။ လူများမှာ အသက်ချမ်းသာခွင့် ရရှိသွားခြင်းပင်။

"ခင်ဗျားရဲ့စကားကိုကြားရတာ ဝမ်းသာပါတယ်ဗျာ ခင်ဗျား... ဒီလိုနောင်တရသွားတယ်ဆိုတာ မြို့စားကြီးကို ကျုပ် ပြောလိုက်ပါ့မယ်"

လုံထန်က ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ကွေအော်ရှောင်က....

"ကျုပ်ကို သေမိန့်ပေးမယ်ဆိုလဲ ကျုပ် ဝမ်းမနည်းတော့ပါဘူး... လူမိုက်ဆိုတာ လူမိုက်တို့သွားရာလမ်းကို သွားရစမြဲပဲ မဟုတ်လား"

လုံထန်က ပြောသည်။

"ဟာ... ဒီလိုဘယ်ဟုတ်မလဲ၊ ခင်ဗျားသတ်ဖို့လာပေမယ့် ကျုပ်သားနဲ့သမီး သေတာမှမဟုတ်ဘဲ၊ ခင်ဗျားနောင်တရတဲ့အတွက် အခွင့်အရေးကလေးတော့ ခံစားသင့်တာပေါ့၊ ကျုပ်မြို့စားကြီးကို ပြောပေးပါ့မယ်ဗျာ... ခင်ဗျားကိစ္စ သက်သက်ညှာညှာဖြစ်ရမှာပေါ့"

သူဌေးကြီးလုံထန်တို့မိသားစုမှာ ဖော်မပြနိုင်လောက်အောင် ဝမ်းသာသွားကြသည်။

သူတို့၏စေတနာသည် အရာထင်သွားခဲ့လေပြီ။

ကွေအော်ရှောင်သည် နောင်တရရှိသွားချေပြီ။

ချန်ဆန်းက အခြေအနေကိုစောင့်ကြည့်ပြီး မေးလိုက်၏။

"ခင်ဗျားအမြင်မှန်ပြန်ရလာလို့ ကျုပ်တို့မိသားစု တကယ်ပဲ ဝမ်းသာရပါတယ်ဗျာ၊ ကျုပ်တို့ကိုသတ်ခိုင်းတာ ဘယ်သူဆိုတာသိရရင် ကျေးဇူးကြီးဂုဏ်ပါပြီဗျာ"

ကွေအော်ရှောင် ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်... ဒါဟာ အရေးအကြီးဆုံး အချက်ပဲ၊ မင်းတို့ အနေနဲ့သိချင်တယ်ဆိုလဲ သိချင်စရာပါပဲလေ၊ ကျုပ် ဒီအလုပ်မလုပ်



ဟောဘူးဆိုတော့ ဒီအလုပ်အပေါ် သစ္စာရှိဖို့လဲ မလိုတော့ဘူးပေါ့၊ ကျုပ် ဖွင့်ပြောပြပါတော့မယ်"

သူတို့သည် အလွန်အားရနေကြသည်။ ထိုစဉ် အခန်းထဲ၌ ရှိတ်ဆွဲထားသောမီးအိမ်သည် ဟုတ်ခနဲ ငြိမ်းသွား၏။

တစ်ခန်းလုံး မှောင်ကျသွားသည်။

လုံထန်က အော်လိုက်၏။

"ဘယ်လိုဖြစ်တာလဲ မီးထွန်းကြစမ်း"

ထိုစဉ် ရှစ်ခနဲ လေတိုးသံကိုကြားလိုက်ရ၏။

"အား...."

အမှောင်ထုအတွင်း၌ ထိုအသံများ ပေါ်လာသည်။ တစ်ခန်းလုံး မည်းမှောင်နေသည်။

ထိုစဉ် လူရိပ်တစ်ခုသည် ပြတင်းပေါက်မှ ခုန်ထွက်သွားသည်ကို ချန်ဆန်းက တွေ့ရှိလိုက်ရသည်။

ချန်ဆန်းသည် တစ်ဟုန်ထိုး ပြေးလိုက်သွား၏။

လုံထန်နှင့်ဌေးအန်းတို့သည် အိမ်ဖော်များကိုအော်ခေါ်၍ မီးအိမ်ထွန်းညှိရန် ပြောနေသည်။

ထိုစဉ် အခန်းအပြင်မှ....

"အား...."

ထိုအော်သံကြောင့် လုံထန်တို့မှာ ပျာပျာသလဲဖြစ်သွား၏။ ချန်ဆန်း၏အော်သံ မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



သူတို့အားလုံးသည် အခန်းပြင်သို့ပြေးထွက်သွားကြလေတော့၏။

ကိုယ်ရံတော်ဟိုရုံက....

"သူဌေးကြီး အပြင်မထွက်နဲ့ အန္တရာယ်များတယ်၊ ကျွန်တော် ထွက်ကြည့်လိုက်မယ်"

လုံထန်တို့မိသားစုသည် တန့်သွားကြလေ၏။

သူတို့သည် ကွေအော်ရှောင်ကိုသတိရပြီး လာရောက်ပွေ့ထူကြသည်။

ကွေအော်ရှောင် မသေသေးပေ။ သူသည် စကားပြောနိုင်သေးသည်။

လုံထန်က ကွေအော်ရှောင်ကိုကြည့်ပြီး....

"ခင်ဗျား... ဘာပြောချင်လို့လဲ... ပြော... ပြော"

"လုံ... လုံ... လုံဂေ...."

"ဟင်...."

လုံထန်သည် အံ့အားသင့်သွား၏။

တရားခံသည် လုံဂေဟာဆိုပါကလား။

"လုံဂေဟာက ဘယ်သူဖြစ်နိုင်တာလဲ... ပြောစမ်း... ပြောစမ်း"

သို့သော် ကွေအော်ရှောင်မှာ စကားမပြောတော့ပေ။ ဇက်ကျိုးသွားပေပြီ။ ကွေအော်ရှောင် သေဆုံးသွားချေပြီ။



"တောက်...."

သူဌေးကြီးလုံထန်သည် တက်ခေါက်လိုက်၏။

သူတို့ကိုသတ်နိုင်းသူမှာ လုံဂေဟာက ဖြစ်နေသည်မဟုတ်ပါလော။

သူသည် ကွေအော်ရှောင်၏အလောင်းကို အောက်သို့ချလိုက်လေ၏။

ထိုအချိန်တွင် ကိုယ်ရံတော်ဟိုရုံသည် ချန်ဆန်းအား ပွေ့ချီ၍ ဝင်လာလေ၏။

"ဟင်... သား... သား... ဘယ်လိုဖြစ်တာလဲ"

ကိုယ်ရံတော်ဟိုရုံက ချန်ဆန်းအား အသာအယာ အောက်သို့ချပြီး...

"သူဌေးကြီး ရန်သူဟာ ချန်ဆန်းကိုဓားမြှောင်နဲ့ ပစ်သွားတာပါ၊ ကျွန်တော်ရောက်သွားတော့ သူဟာ အသက်မရှိတော့ပါဘူး"

သူဌေးကြီးလုံထန် ဇွေအန်းနှင့်အိပါပါတို့သည် ငိုကြွေးကြလေတော့၏။ ချန်ဆန်းကား အသက်ပျောက်နေလေပြီ။

သူဌေးကြီးလုံထန်က အဖြစ်အပျက်အား ဝမ်ချိုင်းအား ပြန်ပြောလေ၏။

ဝမ်ချိုင်းက အံကြိတ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

### အတွေးဝက်ပါ

ဝမ်ချိုင်းသည် ကြိတ်မနိုင်ခဲမရဖြစ်နေ၏။

သူထင်သည့်အတိုင်း ဖြစ်လာခဲ့ပေပြီ။

သူသာ အချိန်မီ ရောက်လာနိုင်ခဲ့လျှင် ကွေအော်ရှောင်ရေး ချွန်ဆန်းပါ ဤသို့ မသေနိုင်ပေ။

"ငါ နောက်ကျလို့"

သူသည် သူ့ကိုယ်သူ အပြစ်တင်နေမိသည်။ သူ့ကိုယ်သူ ဒေါသဖြစ်မိသည်။

ယခုဆိုလျှင် တရားခံသည် ဘွင်းဘွင်းကြီးပေါ်လာလေပြီ။

ကွေအော်ရှောင်က လုံဂေဟာဟု ထုတ်ဖော်ပြောကြားသွားပြီ မဟုတ်ပါလား။

လုံထန်၏မျက်နှာမှာ သုန်မှုန်နေသည်။

ငွေအန်းနှင့်အိပါပါတို့မှာ ပါးပြင်ပေါ်တွင် မျက်ရည်များ စီး



ကျနေ၏။

အခန်းထဲတွင် လုံထန်တို့မိသားစု၊ ကိုယ်ရံတော်ဟိုရှံနှင့် ဝမ်ချိုင်းတို့သာ ရှိကြသည်။ ငိုရှိုက်သူက ငိုရှိုက်နေ၏။

ဝမ်ချိုင်းသည် သူ့ဦးနှောက်ကို အလုပ်ပေးနေသည်။

လုံဂေဟာ....။

လုံဂေဟာကို သူသံသယဝင်ခဲ့သည်။

ဂိုဏ်းချုပ်ကြီးက သံသယနှင့် အလုပ်မလုပ်နှင့်ဟု ဆိုသဖြင့် သူသည် သံသယအတွေးများကို ဖျောက်ဖျက်ပစ်ခဲ့သည်။

ယခုတော့ မဖျောက်ဖျက်ပစ်နိုင်တော့။ ဆက်စပ်ပြီး တွေးတောရပေမည်။

သူ့ငွေးကြီးလုံထန့်ပေဝါးနှင့် ပြောဆိုဆက်ဆံမှုများကို သူ မနှစ်သက်ခဲ့ပေ။

သို့သော် သားဖြစ်သူ မင်းဝါက အကျိုးသင့်အကြောင်းသင့် ပင် ပြောခဲ့သဖြင့် သူသည် လုံကျန်ပေဝါးအပေါ် သံသယဖြစ်သည် များကို ဖယ်ရှားပစ်ခဲ့သည်။

ထိုသို့ဖယ်ရှားပြီးကာမှ ဒုတိယအကြိမ် သံသယထပ်မံဝင်လာခဲ့သည်မှာ သူပြန်မည့်နံနက်အစောကြီး ဧည့်သည်များ လုံဂေဟာသို့ရောက်ရှိလာပြီး တီးတိုးစကားပြောသံများဖြင့် ပြောဆိုကြခြင်းပေတည်။

သူ့မှန်းဆချက်အရ ထိုဧည့်သည်များမှာ ထန်တုရှောင်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ဓျိုင်းခုကျိုင်းတို့ ဖြစ်ပေလိမ့်မည်။

လမ်းခရီး၌ ထန်တုရှောင်နှင့်ခုကျိုင်းတို့သည် သူ့အား အုပ်စုနှင့်စောင့်ပြီး တိုက်ခိုက်သည်။

ထန်တုရှောင် မသေမီက စကားပြောလောကြီးပြီး လုံဂေ ဟာဟု ပါရှိခဲ့သည်။

မိမိကို သေစေချင်သူမှာလည်း လုံဂေဟာပင်ဖြစ်မည်ဟု မှန်းဆလိုက်၏။

ယခု ကွေအော်ရှောင်သည် လုံဂေဟာဟု အတိအလင်း ပြောကြားသွား၏။

လုံထန်မိသားစုအား သေစေလိုသူမှာ လုံဂေဟာပင်ဖြစ်ကြောင်း မြေကြီးလက်ခတ်မလွဲ သိရှိရလေပြီ။

လုံဂေဟာသည် စကြာဂိုဏ်းနှင့် ပတ်သက်သည် မပတ်သက်သည်ကို အပထား မိမိအား ရန်ရှာသည်ကိုလည်း ဘေးဖယ်ထားလိုက် လုံဂေဟာသည် လုံထန်တို့မိသားစုအား ပျက်စီးစေချင်သည်မှာ အမှန်ပင်ဖြစ်တော့၏။

သူ့ဘွေးကြီးလုံထန် မည်သို့သဘောထားသည်ကို သူသိရှိဖို့ လိုပေသေးသည်။

ဝမ်ချိုင်းက....

"ဦးလေးလုံထန်အနေနဲ့ ဘယ်လိုယူဆသလဲ"

လုံထန်သည် ဝမ်ချိုင်းကို ငေးကြည့်လေ၏။



"ကျုပ်ဘယ်လိုမှ မစဉ်းစားတတ်တော့ဘူးကွာ... ကျုပ်လဲ ကွေအော်ရှောင် သေခါနီးပြောတဲ့စကားတွေကို တွေးနေတာပါပဲ၊ လုံဂေဟာလို့ သူကပြောသွားတယ်၊ ကျုပ်တို့ကို လုံဂေဟာက ဘယ်နည်းနဲ့မှ မသတ်နိုင်ဘူးလို့ ကျုပ်ထင်နေတယ်၊ နောက်ပြီး ကွေအော်ရှောင်က လုံဂေဟာလို့သာပြောတာ၊ လုံဂေဟာက သတ်တယ်လို့ မဆိုနိုင်ဘူး... နောက်ဆက်တွဲ သူက ဘာမှပြောမသွားဘူး... ဒီတော့ ကျုပ်တို့မိသားစုကို လုံဂေဟာက သတ်ဖို့ကြံစည်တယ်ဆိုတာ တိတိကျကျ စွပ်စွဲလို့ မရဘူးဖြစ်နေတယ်"

လုံထန်သည် ရိုးသား၏။ တည်ကြည်၏။ သူတစ်ပါးကိုစွကို မစပ်စုတတ်ပေ။

လူတိုင်းကို သူ့စိတ်ထားမျိုးရှိမည်ဟု ထင်နေသူ ဖြစ်၏။

သူ့အစ်ကိုသည် သူ့ကို ဤသို့ရက်စက်မည်ဟု မထင်ပေ။

သူ့အစ်ကိုမဖြစ်နိုင်လျှင် သူ့အစ်ကို၏ဇနီး ရှမ်းကိုးကောမ ဖြစ်နိုင်ပါသလော။

သူမသည် တစ်ခါတစ်ရံ အော်ငေါက်တတ်သူဖြစ်ပြီး စိတ်ကောင်းရှိသူတစ်ဦးပင်။ သူမက အမြဲတမ်းပြုံးနေတတ်သည်။

သူမကို လူသတ်မည်ဟု ဝို၍ပင် မထင်ရဲသေးချေ။

သည်တော့ လုံဂေဟာမှ သတ်မည့်သူမည်သူမျှ မရှိနိုင်တော့ပေ။

လုံထန်သည် အခြားသော ဖြစ်နိုင်ချေရှိသည်များကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားသည်။ လုံးဝမစဉ်းစားမိပေ။

"ဦးလေး လှံထန်… ကျွန်တော့်ကိုပွင့်ပွင့်လင်းလင်း ပြောစေချင်တယ်… ဘာမှကွယ်ဝှက်မထားစေချင်ပါဘူး"

ဝမ်ချိုင်း တိုးညှင်းစွာမေးလိုက်၏။

"ဘာလဲ… ဝမ်ချိုင်း"

လှံထန်သည် ဝမ်ချိုင်းတစ်ယောက် ဟန်ကြူးမြို့သို့သွားသည့်အစီအစဉ်ကို မသိသေးချေ။

ဝမ်ချိုင်းက….

"ကျွန်တော် ဟန်ကြူးမြို့ကိုသွားနေတာပါ… ခပ်စောစောမှ ပြန်ရောက်တယ်၊ ရောက်ရောက်ချင်း ဒီသတင်းကိုကြားတာနဲ့ ဒီကို လာခဲ့တာပါ"

လှံထန်သည် ဝမ်ချိုင်းမျက်နှာကို လှမ်းကြည့်လိုက်၏။

"မင်း လုံဂေဟာကိုသွားတာလား"

ငွေအန်းက ဝင်မေးခြင်းဖြစ်သည်။

"ဟုတ်ကဲ့… ရောက်ခဲ့ပါတယ်"

ငွေအန်းက….

"သူကတော့ သူ့အမျိုးအနွယ်တွေကို အထင်ကြီးနေတာပဲ၊ ငါကတော့ နည်းနည်းမှအထင်မကြီးပါဘူး။ သူ့အစ်ကိုကြီးလုံကျုံပေဝါးဟာ လိုရင်လိုသလို မလိုရင် မလိုသလိုပြောတတ်တယ်ဆိုတာ သိပြီးသား။ သူ့အိမ်ကိုခေါ်တော့လဲ သူ၊ သူ့အိမ်က ပြန်နှင်တော့လဲ



သူ၊ ဒီပယောဂမှာ လုံကျုံပေဝါးဟာ အဓိကပဲ"

ငွေအန်းသည် ရင်ထဲရှိသမျှကိုသွန်ချနေလေပြီ။

ဝမ်ချိုင်းက ထင်သည်။ ဤသို့ပြောလေ ကောင်းလေဟု ဒါမှသာ သူဆက်စပ်စဉ်း စားနိုင်ပေမည်။

လှံထန်က သူ့စနီးကို လုံးဝမချေပပါ။

"ဦးလေးလှံထန်တို့ကို ဦးလေးလုံကျုံပေဝါးကပဲ နှင်ထုတ်လိုက်တာ ဟုတ်လား"

လှံထန်က ခေါင်းညိတ်၏။

"ဒါတော့ ဟုတ်တယ်ကွ… ဒါပေမယ့် သူဟာ အဲဒီနေ့က စိတ်တော်မူးနေပါတယ်… အို ဒါတွေပြောနေလို့ အပိုပါပဲကွာ၊ သူက သူ့နားမှာ မနေစေချင်ဘူး။ ဒါကြောင့် နှင်ထုတ်တယ်… ငါတို့ကလဲ သူ့နေရာပြောင်းခဲ့တယ်… သူတို့ပြောင်းပေးစေချင်တဲ့နေရာကို ငါ တို့ပြောင်းလာခဲ့ပြီပဲ… ဟိုကိုလိုက်သတ်စရာ အကြောင်းမရှိပါဘူး"

ငွေအန်းက ဝမ်ချိုင်းကို မေးလိုက်သည်။

"မင်း… ဟန်ကြူးမြို့ကိုသွားတော့ ဘာထူးခြားခဲ့သလဲ"

ဝမ်ချိုင်းသည် ဟန်ကြူးမြို့အဝင် မင်းဝါကို ထန်တုရှောင်ကို တိုက်ခိုက်ပုံ၊ သူကဝင်ပြီး ကယ်လိုက်ပုံ… သူ မင်းဝါနှင့်အတူ လိုက်သွားပုံ… ထန်တုရှောင်က သူ့အားလုပ်ကြံရန် ကြံစည်ပုံ… မင်းဝါ၏ အိမ်တွင် နံနက်ထွက်ခွာလာခါနီး၌ တီးတိုးစကားများကြားပုံ၊ လမ်း၌ ထန်တုရှောင်နှင့် ပင်လယ်ဖျိုင်းခုကျိုင်းတို့ လုပ်ကြံပုံတို့ကို

www.burmeseclassic.com

www.burmeseclassic.com



ပြောပြလိုက်လေ၏။

သူ့စကားဆုံးသွားသောအခါ အားလုံးအံ့အားသင့်သွားလေ၏။

ဝမ်ချိုင်းစကားကို နားထောင်လိုက်သောအခါ တရားခံသည် လုံကျန်ပေဝါးဖြစ်နေတော့သည်။

"ကဲ… ကျွန်မထင်တာမမှန်ဘူးလား၊ ရှင့်အစ်ကိုကြီး အကောက်ကြံတယ်ဆိုတာ ရှင်လက်ခံပြီလား"

ငွေအန်းက ပြောလေတော့သည်။

"မင်းပြောတာ မဖြစ်နိုင်ပါဘူးကွာ"

လုံထန်က စဉ်းစဉ်းစားစားနှင့်ပြောလေ၏။

ဝမ်ချိုင်းက တွေးတွေးဆဆဖြင့်ပြောသည်။

"ကျွန်တော့်ထင်မြင်ချက်ကို ပြောရမယ်ဆိုရင် ကွေအော်ရှောင်ကိုဖမ်းမိတဲ့အတွက် သူတို့ဟာ စိုးရိမ်နေကြတယ်၊ အဲဒီမှာ လုံကျန်ပေဝါးဟာ ကျွန်တော်ဒီကိုမရောက်အောင် လမ်းက ကျွန်တော့်ကို သုတ်သင်နိုင်းတယ်၊ ကျွန်တော်ဟာ ဆယ်ယောက်တစ်ယောက် တိုက်ခိုက်ခဲ့ရတာပါ… လုံကျန်ပေဝါးဟာ ခုကျိုင်းနဲ့ထန်တုရှောင်ကို တာဝန်ပေးလိုက်ဟန် တူပါတယ်… သူတို့ဟာ ကျွန်တော့်ကိုဝိုင်းတိုက်ကြတာပဲ… ခုကျိုင်းတို့က ကျွန်တော့်ကိုလမ်းမှာ တိုက်ခိုက်နေတုန်း သူက ဒီကိုမရောက်ရောက်အောင်လာပြီး လုပ်ကြံသွားတာပဲဖြစ်ရမယ်"



ငွေအန်းက ထောက်ခံသည်။

"ဟုတ်တယ်… ဝမ်ချိုင်းပြောတဲ့အတိုင်းဖြစ်မှာ သေချာတယ်၊ ကြေးစားတွေ တစ်ယောက်ပြီးတစ်ယောက် လွှတ်နေတာ မအောင်မြင်လို့ သူကိုယ်တိုင်လာသတ်တာပဲ ဖြစ်ရမယ်"

လုံထန်သည် ငွေအန်းမျက်နှာကို ငေးကြည့်နေသည်။

အတန်ကြာမှ ခေါင်းကိုဖြည်းညှင်းစွာ ခါယမ်းနေ၏။

"မဟုတ်သေးဘူးကွ… စဉ်းစားစရာတွေ အများကြီးပဲရှိတယ်"

ငွေအန်းသည် ဒေါသဖြစ်သွား၏။ လုံကျန်ပေဝါး ဖြစ်နိုင်ချေအများကြီးရှိပါလျက် သူက စဉ်းစားစရာရှိသည်ဟု ပြောနေသည်။

"ရှင်က ဘာတွေစဉ်းစားစရာရှိနေတာလဲ"

လုံထန်က….

"ကဲ… ငါမေးပါရစေဦး၊ လုံကျန်ပေဝါးဟာ ဘယ်သူ့ကို သတ်ပစ်ချင်နေတာလဲ"

"အားလုံးကိုသတ်ပစ်ဖို့ စဉ်းစားထားတာပဲ၊ ရှင်မြင်တယ် မဟုတ်လား"

လုံထန်က ခေါင်းညိတ်၏။

"ဟုတ်ပြီ… မင်းပြောသလို အားလုံးကိုစီစဉ်ထားတာ မှန်တယ်… မင်းမသိသေးတာတစ်ခုကို ငါပြောပြမယ်၊ လုံကျန်ပေဝါးဟာ မင်းမတန်ထက်မြက်တဲ့ သိုင်းပညာရှင်ကွ၊ သူ့အကြောင်းတစ်ခုခု

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သူ့သိုင်းပညာကိုမသုံးတာ အတော်ကြာနေပြီ၊ စောစောက မည်းမှောင်နေတဲ့ အချိန်အတောအတွင်းမှာ သူဟာ ကွေအော်ရှောင်ကို ဓားနဲ့ပစ်သတ်ရုံတင်မကဘူး… ငါတို့လေးယောက်ကိုလဲ ဓားနဲ့ပစ်သတ်သွားနိုင်တယ်ဆိုတာ မသိဘူးလား၊ သူဟာ ကွေအော်ရှောင်ကို သာရှင်းပြီး ပြတင်းပေါက်က ထွက်ပြေးသွားတယ်… မင်းအမြင်ပဲ"

"ဟင်… ရှင် ဘာစကားပြောတာလဲ၊ ချန်ဆန်းကိုသတ်သွားတာတော့ ရှင်မထည့်ပြောဘူးလား"

လုံထန်က နှုတ်ခမ်းတစ်ချက်တွန့်လိုက်၏။

"ဟင်း… မင်း မစဉ်းစားဘဲ ပြောနေတာကိုး၊ ချန်ဆန်းသာ အဲဒီလူနောက် လိုက်မသွားရင် တို့မိသားစုတစ်ယောက်မှမသေဘူးကွ၊ လုံကျန်ပေဝါးဆိုရင် ချန်ဆန်းတစ်ယောက်တည်းကို မသတ်ဘူး၊ တို့လေးယောက်စလုံးကို သတ်သွားမှာကွ… မင်းငါပြောတာကို သဘောပေါက်ရဲ့လား"

ငွေအန်းသည် လုံကျန်ပေဝါး သိုင်းပညာတတ်သည်ကို မသိပေ။ သူမ တွေဝေသွားလေ၏။

လုံထန်က တကယ်ယုံကြည်၍ ပြောခြင်းဖြစ်သည်။

လုံကျန်ပေဝါး မဟုတ်နိုင်ပေ။ လုံကျန်ပေဝါးသာမှန်လျှင် မှောင်နေသော အခန်းထဲ၌ သူတို့လေးယောက်စလုံး သေရမည်။

ငွေအန်းက….

"လုံကျန်ပေဝါးက ကျွန်မတို့ကို သူမမြင်လို့ မသတ်တာပေါ့၊



ကဲ… ကျွန်မပြောတာ မဖြစ်နိုင်ဘူးလား"

လုံထန်က ရယ်လိုက်၏။

"ဟင်း… မင်း ဘယ့်နှယ်ပြောတာလဲ၊ ငါ့အစ်ကိုကြီးကို မင်းက နှယ်နှယ်ရရ သိုင်းသမားလို့ထင်နေသလား၊ သူ ကွေအော်ရှောင်ကို ဓားပေါက်တာအမှောင်ထဲမှာပဲ ပစ်လိုက်တာမဟုတ်လား… ဘယ်နေရာမှာ ဘယ်သူရှိနေတယ်ဆိုတာ သူသိနေတာပဲ၊ သူသတ်ရင် အလွယ်ကလေးပါကွာ… သူမဟုတ်နိုင်ပါဘူး"

"ကဲ… ဒါဖြင့် ချန်ဆန်းနဲ့ကွေအော်ရှောင်ကိုသတ်တာ ဘယ်သူသတ်တာ ဖြစ်မလဲ"

ခွေခွေက ထပ်မေးလေ၏။

လုံထန်က….

"ဘယ်သူလဲဆိုတာတော့ ငါ ဘယ်သိနိုင်မှာလဲ… ဒါပေမယ့် ဒီလူတွေဟာ ကွေအော်ရှောင်ကိုနှုတ်ပိတ်ဖို့ လာခဲ့တာတော့ အမှန်ပဲ၊ ချန်ဆန်းက သူ့နောက်ကိုလိုက်သွားမိတဲ့အတွက် ကံဆိုးသွားခဲ့ရတာ"

ခွေခွေမှု တိတ်ဆိတ်သွားသည်။

ဝမ်ချိုင်းလည်း သက်ပြင်းချမိ၏။

"ဦးလေးလုံထန် တွေးတာလဲမမှား ဘူး… ကျွန်တော်စဉ်းစားမိတာကတော့ လုံကျန်ပေဝါးကိုယ်တိုင် မဟုတ်သည့်တိုင်အောင် မှုကျူးစေနိုင်းတဲ့လူပဲလို့ ကျွန်တော်ထင်တယ်၊ ဒီအဖြေဟာလဲ မကြာခင် အဖြေပေါ်လာမှာပါ၊ ကြောကိုဏ်းသားတစ်ယောက် ယောက်ကို

www.burmeseclassic.com

www.burmeseclassic.com



သတ်တာလဲဖြစ်နိုင်တယ်၊ ခြသေ့်ဂိုဏ်းနဲ့ စကြာဂိုဏ်းကတော့ မကြာခင် ပွဲကြီးပွဲကောင်းဆင်နွှဲရတော့မှာပဲ"

ဤကိစ္စကို လုံထန်ကတော့ မသိပါ။

သူတို့ ဤကိစ္စကိုစဉ်းစားတွေးတောနေကြသည်မှာ တစ်ညတာ ကုန်ဆုံးသွားလေပြီ။

သူတို့သည် ထိုအချက်ကို သတိမမူကြပါ။

အရှေ့ဘက်မှ ရောင်နီများ ထွက်ပေါ်လာသောအခါကျမှသာ သူတို့သည် တစ်ညတာလုံး စိတ်ပူပန်စွာ ဆွေးနွေးခဲ့ကြကြောင်း သိရှိရတော့သည်။

---

အခန်း(၄)

## ညှော်သည်ဆိုးများ

ဟိုနန်းမြို့၏အရှေ့ဘက်ခြမ်းသည် အများအားဖြင့် လှူကုံထံများ နေထိုင်ရာရပ်ကွက်ဖြစ်သည်။

သို့သော် ထိုလှူကုံထံများထဲ၌ လူလတ်တန်းစား အချို့ပါနေသည်။

ထိုလူလတ်တန်းများထဲတွင် ဝမ်ချိုင်းတို့မိသားစုလည်း ပါဝင်လေသည်။

ဝမ်ချိုင်းတို့အိမ်မှာသေးသော်လည်း ခြံနှင့်ဝင်းနှင့်ဖြစ်၏။

ခြံအလယ်တွင် အိမ်ရှိပြီး မြေလွတ်မြေလပ်များတွင် သီးပင်စားပင်များ စိုက်ပျိုးထား၏။

ဝမ်ချိုင်း၏ဖခင်မှာ မင်းမှုထမ်းတစ်ယောက်ဖြစ်သည်။

မြို့ပြအုပ်ချုပ်ရေးမှူး၏လက်အောက်တွင် အမှုထမ်းနေသူဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်ချိုင်းတို့မှာ မိသားစုများများ မရှိပေ။

ဝမ်ချိုင်းတို့မိသားစုမှာ သူဌေးကြီးလုံထန်တို့ မိသားစုကဲ့သို့ လေးယောက်သာ ရှိသည်။

ဝမ်ချိုင်း၏ညီမဖြစ်သူမှာ အသက်နှစ်ဆယ်ကျော်ပြီဖြစ်၏။ သို့သော် အိမ်ထောင်မပြုသေးချေ။

သူမက အစ်ကိုကြီးကို အိမ်ထောင်ပြုပြီးမှသာလျှင် သူမ၏ အိမ်ထောင်ရေးကိုစဉ်းစားမည်ဟု မကြာခဏ ပြောတတ်၏။

သူမသည် အစ်ကိုကြီးအိမ်ထောင်မပြုသေးမီ ညီမကအရင် အိမ်ထောင်မပြုသင့်ဟု သူမထင်သည်။

သူမ၌ ချစ်သူမရှိ၍ မဟုတ်ပါ။ လွန်ခဲ့သော သုံးလေးနှစ်ကပင် ချစ်သူရှိခဲ့သည်။

သူမ၏ချစ်သူက....

"အိလိန်းရယ်... အစ်ကိုတို့ လက်ထပ်ကြရအောင်"

သူ့ချစ်သူအား နားပူနားဆာလုပ်သည်။

ထိုအခါ အိလန်းက....

"နေပါဦး... ရှင်... အစ်ကိုကြီး အိမ်ထောင်မပြုခင် ကျွန်မတို့ အိမ်ထောင်ပြုလို့ မဖြစ်သေးပါဘူး"

"ဟာ... ဒါကို ညီမရဲ့အစ်ကိုကြီးကို မိန်းမသာမြန်မြန် ပေးစားလိုက်ပါတော့"

"သူမှာကြိုက်တဲ့လူ မတွေ့သေးတာ... ကျွန်မ ဘာတတ်နိုင်



မှာလဲရှင့်"

အိလိန်းမှာ သူမ၏ချစ်သူကို ထိုမျှသာ ပြန်ပြောလာသည်။

တကယ်တော့ အချိန်တန်အရွယ်ရောက်နေသည့် အိလိန်းမှာ သူ့ချစ်သူကို လက်ထပ်ချင်နေသည်။

သို့သော် ဝမ်ချိုင်းက မိန်းမမယူသဖြင့် သူမမှာ အခက်တွေ့နေရပေသည်။

အစ်ကိုကြီး လက်မထပ်ခင် ညီမလက်မထပ်ဟု သူမသည် စကားမှန်းသင်ခဲ့ပြီ မဟုတ်ပါလော...။

ယနေ့နံနက်စောစောတွင် သူမသည် အစ်ကိုကြီးဝမ်ချိုင်းကို မျှော်နေမိသည်။

အဘယ့်ကြောင့်ဆိုသော် ဝမ်ချိုင်းအတွက် စာတစ်စောင် ရောက်လာသောကြောင့် ဖြစ်၏။

စာရေးထားသည်ကို သူမကောင်းစွာ သဘောမပေါက်သော်လည်း အမျိုးသမီးတစ်ဦးနှင့် ပတ်သက်နေသည်ဟု ထင်ထားပုံရ၏။

ထိုအမျိုးသမီးနှင့်ဝမ်ချိုင်းညားသွားလျှင် မိမိလည်း မြန်မြန် လက်ထပ်ရမည်ဟု ယူဆထားသည်။

စာက ဆန်းသည်။ သူမ နားမလည်ပါ။

ဝမ်ချိုင်းကို ပြကြည့်မှသာ အကြောင်းစုံသိရမည်ဟု သူမ ယူဆနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် ဝမ်ချိုင်းတစ်ယောက်အိမ်ဆီသို့ တူရှလျှောက်လာသည်ကို တွေ့ရှိရတော့သည်။

ဝမ်ချိုင်းသည် တစ်ညလုံး သူဋ္ဌေးကြီးလုံထန်တို့အိမ်၌ အချိန်ကုန်ခဲ့ရသည် မဟုတ်ပါလား။ သူသည် တစ်ညလုံး မအိပ်ရသေးချေ။

နေ့ခင်းဘက်ကလည်း ဆယ်ယောက်တစ်ယောက် တိုက်ခိုက်ထားသဖြင့် အလွန်မင်ပန်းနေသည်။

သူသည် အိမ်ထဲသို့ဝင်လိုက်စဉ်မှာပင် ညီမဖြစ်သူ အိလိန်က သူ့အား စာတစ်စောင်လာပေးသည်။

"ရော… အစ်ကိုကြီးစာ"

ဝမ်ချိုင်းသည် မျက်မှောင်ကြုတ်ပြီး စာကိုလှမ်းယူလိုက်၏။

ဝမ်ချိုင်းသည် စာကိုဖွင့်လိုက်၏။

စာသည် စာလုံးသေးသေးလေးများ ရေးသားထားသည်။

ဝမ်ချိုင်းထံသို့ လိပ်စာတပ်ထား၏။

"ဘယ်ကရတာလဲ ညီမလေး"

"ကလေးတစ်ယောက်လာပေးသွားတာ အစ်ကိုကြီး"

ဝမ်ချိုင်းသည် အိပ်ရာသို့မဝင်သေးဘဲ စာကိုဖတ်လိုက်၏။

"ဝမ်ချိုင်း…."

မင်းဟာ ခြသေ့ဂိုဏ်းသားဖြစ်တယ်… ပြီးတော့ ထက်မြက်သူလည်းဖြစ်တယ်၊ မင်းဟာ မိန်းကလေးတစ်ယောက်ကို စိတ်ဝင်စားနေတာ ငါတို့သိတယ်။



"ဟာ…."

ဝမ်ချိုင်း အလွန်အံ့အားသင့်သွား၏။

ဒီစာ ဘယ်သူရေးတာပါလိမ့်။

မိန်းကလေးကို ငါ စိတ်ဝင်စားနေတယ်ဆိုတာ သူ ဘယ်လိုလုပ်သိသလဲ။

ဝမ်ချိုင်းသည် အတွေးများဖြင့် ချာချာလည်နေလေ၏။

သူသည် စာကို ဆက်ဖတ်လိုက်၏။

"အဲဒီမိန်းကလေးရဲ့ဘဝက သိပ်သနားဖို့ကောင်းပါတယ်… သူဟာ ကြောင်ဂိုဏ်းရဲ့ချုပ်ချယ်မှုကို ခံနေရသူဖြစ်ပါတယ်… ထိုမိန်းကလေးကို ကြောင်ဂိုဏ်းထဲမှနိုးထုတ်ပြီး တစ်ခြားလုံခြုံမှုရှိသောနေရာ၌ ထားနိုင်မည်ဆိုပါက မိန်းကလေး၏ဘဝသာမက မင်းစုံစမ်းနေသော အမှုကိစ္စအားလုံး အဆင်ပြေချောမွေ့သွားမည်ဟု ရဲရဲကြီးအာမခံပါသည်။

အားလုံးကောင်းစေလိုသူ….။

စာသည် ထိုမျှသာ ဖြစ်ပါသည်။

စာကိုဖတ်ပြီး ဦးနှောက်ချောက်သွားသူမှာ ဝမ်ချိုင်းဖြစ်သည်။

သူသည် အိပ်ချင်စိတ်များလည်း ပျောက်သွား၏။

အနားတွင် ရပ်တန့်၍ အခြေအနေစောင့်ကြည့်နေသော အိလိန်က မေးသည်။

www.burmeseclassic.com

www.burmeseclassic.com

"အစ်ကို... ဘယ်ကစာလဲ"

"ဟာ... နင်မသိပါဘူး"

"ဟောတော့... မသိလို့မေးတာပေါ့"

"မသိချင်စမ်းပါနဲ့ဟာ"

"အို... အစ်ကိုကလဲ၊ သိချင်လို့မေးတာပေါ့"

ဝမ်ချိုင်းသည် ညီမဖြစ်သူကို မျက်လုံးလှန်ကြည့်၏။

"ညီမလေး စာကိုဖတ်ကြည့်ပြီးပြီမဟုတ်လား"

သူမက ခေါင်းညိတ်၏။

"ဖတ်ကြည့်ပါတယ်"

"ဖတ်ပြီးရင် ပြီးရောပေါ့ဟာ"

"ဖတ်ကြည့်တော့ စာထဲမှာ အစ်ကိုကြီးက မိန်းကလေးတစ်ယောက်ကို စိတ်ဝင်စားနေတယ်၊ အဲဒီမိန်းကလေးက ဟန်ကြူးမြို့မှာရှိတဲ့ စကြာဂိုဏ်းထဲမှာ ချုပ်နှောင်ခံရတဲ့... ချုပ်ချယ်ခံထားရတဲ့ မိန်းကလေးဖြစ်တယ်... အဲဒါကို အစ်ကိုကြီးက အပြင်ရောက်အောင်ခိုးထုတ်ပြီး လုံခြုံတဲ့နေရာမှာ ဝှက်ထားပေးပါလို့ ရေးထားတယ်၊ နောက်ပြီး အစ်ကိုကြီးစုံစမ်းတဲ့ ကိစ္စတွေအားလုံး အဆင်ပြေသွားမယ်လို့ ရေးထားတယ်၊ အဲဒီမိန်းကလေးက အစ်ကိုကြီးချစ်သူလား"

"ဟာ... ပေါက်ပေါက်ရှာရှာတွေ လျှောက်မေးနေတာပဲ၊ ဘယ်ကငါ့ချစ်သူဟုတ်ရမှာလဲ"

"အစ်ကိုကြီး စိတ်ဝင်စားနေတယ်ဆို"



"ပေါက်ပေါက်ရှာရှာ"

"သွားခေါ်လိုက်ပါ အစ်ကိုကြီးရယ်... သနားပါတယ်၊ ဒီအိမ်ကိုခေါ်ပြီး ဝှက်ထားလိုက်ပါ၊ အဲဒါ အဆင်မပြေဘူးလား"

အိလိမ်းက သူ့အကြံနှင့်သူ ပြောခြင်းဖြစ်သည်။

ထိုမိန်းကလေးရောက်လာလျှင် ဝမ်ချိုင်းနှင့်ပို၍ နီးစပ်အောင် သူလှော်မည်။ ဒါမှ သူချစ်သူနှင့်လည်း နီးစပ်ခွင့်ရပေမည်။

"ဟ... ညီမလေး၊ ဘယ်လိုဖြစ်နေတာလဲ... ငါ့ကိစ္စထဲ ဝင်မရှုပ်စမ်းပါနဲ့ဟာ"

ဝမ်ချိုင်းသည် အိပ်ချင်စိတ် လုံးဝမရှိတော့ပေ။

သူသည် ဖန်းရန့်စားသောက်ဆိုင်သို့ ထွက်လာခဲ့လေတော့သည်။

ဟိုနန်းမြို့သည် လူနေထူထပ်သောမြို့ကြီးဖြစ်သည်။

သေးငယ်သော ရွာကလေးတစ်ရွာတွင် လူစိမ်းတစ်ဦးရောက်ရှိလာသည်နှင့် လွယ်ကူစွာ သိရှိနိုင်သော်လည်း ယခုကဲ့သို့လူနေထူထပ်သော ကုန်သည်ပွဲစားနှင့် လူတန်းစားအမျိုးမျိုး ရှုပ်ထွေးများပြားနေသောမြို့ကြီးတွင် လူစိမ်းများကို မည်သို့မျှ အလွယ်တကူ မသိရှိ နိုင်ပါပေ။

www.burmeseclassic.com

www.burmeseclassic.com



မှန်ပေသည်။ လူစိမ်းစည့်သည်များကို မည်သို့မျှ မသိရှိနိုင်သလို စကြာဂိုဏ်းသားများ ရောက်ရှိနေသည်ကိုလည်း မည်သူမျှသိရှိနိုင်ကြမည် မဟုတ်ပါပေ။

စကြာဂိုဏ်းသားများသည် သူတို့ဂိုဏ်း၏ဝတ်စုံများကို မဝတ်ဆင်ကြတော့ပေ။

သာမန်အရပ်သူ အရပ်သားအဝတ်အစားများဖြင့် ဟိုနန်းမြို့ထဲသို့ ရောက်ရှိနေကြလေ၏။

ဖြူဖြူ... နီနီ... ညိုညို အဝတ်အစားများဖြင့် မြို့ထဲအနှံ့ ရောက်ရှိနေကြပါပြီ။

သူတို့၏တာဝန်မှာ ခြသေ့ဂိုဏ်းသားများကို ရှာဖွေသုတ်သင်ရန်ဖြစ်သည်။

သူတို့ကို စကြာဂိုဏ်းသားများဟု မည်သူကမျှ မသိသကဲ့သို့ ခြသေ့ဂိုဏ်းသားများ မည်သူမည်ဝါဖြစ်သည်ကိုလည်း သူတို့မသိကြပါ။

မည်သို့ပင်ဖြစ်စေ စကြာဂိုဏ်းသားများသည် ခြသေ့ဂိုဏ်းသားများကိုဖော်ထုတ်၍ သတ်ဖြတ်နိုင်ရန် ကြိုးစားနေကြပြီဖြစ်ပါသည်။

အရပ်ပုပု လူတစ်ယောက်နှင့် အရပ်ရှည်ရှည် လူတစ်ယောက်တို့သည် ပန်းရနံ့စားသောက်ဆိုင် စားပွဲတစ်လုံး၌ထိုင်နေကြပါသည်။



သူတို့က မည်သူနည်း။ သူတို့သည် လူစိမ်းများ ဖြစ်ပါသည်။ မည်သည့်လူစိမ်းများနည်း။

စကြာဂိုဏ်းသား လူစိမ်းနှစ်ဦးဖြစ်ပါသည်။

လူပုပု၏အမည်မှာ 'ကောင်းယိ'ဖြစ်သည်။ အရပ်ရှည်ရှည်၏အမည်မှာ 'ကွင်းပုရိ'ဖြစ်သည်။

သူတို့ကို စကြာဂိုဏ်းသားများဟု မည်သူကမျှ အတိအကျ မသိကြပါ။

အခြားစားပွဲများမှာ ဆူဆူညံညံ ပြောဆိုနေကြသော်လည်း သူတို့နှစ်ဦးသည် ဣန္ဒြေရရဖြင့် စားသောက်နေကြပါသည်

အရပ်ပုပု ကောင်းယိက မေးလိုက်၏။

'မင်းအနေနဲ့ လူဘယ်နှစ်ယောက်ကို သိထားသလဲ"

ကွင်းပုရိက....

"ဘယ်သိမလဲကွ... သူတို့ဂိုဏ်းက ပေါ်ပေါ်ထင်ထင်ဂိုဏ်း မဟုတ်ဘူးကွ၊ လျှို့ဝှက်ဂိုဏ်းတစ်ဂိုဏ်းကွ... သူတို့ဂိုဏ်းသားတွေကို ဘယ်သိမှာလဲကွ၊ ဟို... ဝမ်ချိုင်းဆိုတဲ့ကောင်ကိုတော့ သိတယ်၊ အဲဒီကောင်ကလွဲပြီး ဘယ်သူ့ကိုမှမတွေ့ဖူးဘူး။ ဝမ်ချိုင်းဆိုတဲ့ကောင်ကို သတိထားရမှာပေါ့"

"ဝမ်ချိုင်းကို ဘယ်လိုစုံစမ်းမှာလဲ"

"ဒီလိုပဲ အခြေအနေကိုကြည့်ပြီး စုံစမ်းရမှာပေါ့... အထူးသဖြင့် ဝမ်ချိုင်းကိုတည်ကြက်အဖြစ် ထားရမှာပဲ၊ ဝမ်ချိုင်းနဲ့ပေါင်းသင်း

www.burmeseclassic.com

www.burmeseclassic.com



ဆက်ဆံတဲ့လူမှုန်သမျှ သူနဲ့တွေ့သမျှ လူအားလုံးကိုစောင့်ကြည့်ရမယ်"

ကွင်းပုရိက ပြောလိုက်လေ၏။

"ဟာ... မင်းအကြံက သိပ်မနိပ်သေးပါဘူး၊ သူနဲ့စကားပြောတဲ့လူတိုင်းဟာ ခြသေ့ဂိုဏ်းသားဖြစ်နိုင်ပါ့မလားကွ"

ကောင်းယိက စဉ်းစဉ်းစားစားနှင့် ပြောလိုက်သည်။

ကွင်းပုရိက....

"မင်းကိုငါ အဲဒီလိုမပြောပါဘူး... ငါတို့က အခြေအနေကိုကြည့်ရမှာပေါ့၊ စောင့်ကြည့်အကဲခတ်ပြီး ခြသေ့ဂိုဏ်းသားဖြစ်နိုင်မဖြစ်နိုင် ဆုံးဖြတ်ရမှာပေါ့ မဟုတ်ဘူးလား"

"အင်း... ဒါဆိုရင်တော့ မဆိုးပါဘူး၊ နောက်တစ်ခု ငါစိတ်ကူးထားတာ ရှိတယ်... ဒီကောင်တွေကို ဖော်ထုတ်နိုင်တဲ့နည်းတစ်နည်းပဲ"

ကောင်းယိက ပြောလိုက်သဖြင့် ကွင်းပုရိ စိတ်ဝင်စားသွားသည်။

"ငါ သိရသလောက်ဆိုရင် ဒီကောင်တွေက ဒုစရိုက်သမားမှန်သမျှကို ဆုံးမနေတာမဟုတ်လား၊ အဲဒီတော့ တို့ကဆိုင်တစ်ဆိုင်ကို မတရားဝင်ပြီး ရမ်းကားတာမျိုးရန်ဖြစ်ပြီး အနိုင်ကျင့်တာမျိုးတစ်ခုခု လုပ်ပြလိုက်ရင် ဒီကောင်တွေရောက်လာမှာပဲ... အဲဒီအခါမှာ ဒီကောင်တွေကို ကိစ္စတုံးလုပ်လိုက်ကြတာပေါ့"



ကွင်းပုရိသည် ကောင်းယိ၏စကားကို အတန်ကြာ စဉ်းစားနေသည်။

ဖြစ်နိုင်မဖြစ်နိုင် ချင့်ချိန်စဉ်းစားနေခြင်း ဖြစ်သည်။

ပြီးမှ....

"မင်း အကြံမဆိုးပါဘူး... ဒါပေမယ့် ဒီမြို့ထဲမှာ တစ်မြို့လုံး ခြသေ့ဂိုဏ်းက စနွှရီလို စောင့်ကြပ်နိုင်တာ မဟုတ်ဘူးကွ၊ တခြားဂိုဏ်းသားတစ်ယောက်ယောက်... တခြားအဖွဲ့အစည်းက လူတစ်ယောက်ယောက်ဝင်လာရင် တော်ကြာခုတ်ရာတခြား ရှရာတလွဲ ဖြစ်နေမယ်... အဲဒါလဲ စဉ်းစားဦး"

ကွင်းပုရိက ပြောလိုက်ခြင်းဖြစ်သည်။

မှန်သည်။ သူပြောသည့်စကားကလည်း ဖြစ်နိုင်သည်။

"အို... ဒါကတော့ မီးစင်ကြည့်ကရမှာပေါ့ကွာ"

ကောင်းယိက ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅)

### ဂိုဏ်းချုပ်ကြီး၏သွန်ကြားချက်

ဝမ်ချိုင်းသည် နေအိမ်မှ လမ်းမကြီးအတိုင်း လျှောက်လာသည်။

သူသည် အတွေးဝင်ပါထဲ ချာချာလည်နေသည်။

သူတွေးနေခြင်းမှာ စကြာဂေဟာထဲ အကျယ်ချုပ်သဘောမိနေသည့် မိန်းမချောကလေးကိစ္စပင် ဖြစ်သည်။

ထိုမိန်းကလေး တမ်းတလွမ်းဆွတ်ဖွယ် သီချင်းတစ်ပုဒ်ကို ဆိုခဲ့သည်။

ထိုသီချင်းအတိုင်းပင် သူမသည် အကျဉ်းခံမိန်းကလေးဖြစ်နေသည် မဟုတ်ပါလော။

စကြာဂိုဏ်းသည် ထိုမိန်းကလေးကို အဘယ့်ကြောင့် အကျဉ်းသမားဘဝနှင့် အကျယ်ချုပ်ထားရပါသနည်း။

စကြာဂိုဏ်း လူသတ်သည်ကို သူကြားဖူးသည်။ ယခုစကြာ



ဂိုဏ်းသည် ဓားပြတိုက်နေချေပြီ။ နောက်မကောင်းမှု မှန်သမျှ အကုန်လုပ်ပေတော့မည်။

ယခု မိမိထံစာရေးသူမှာ မည်သူဖြစ်သနည်း။

ထိုသူက ဤမိန်းကလေးကို မိမိက စိတ်ဝင်စားနေကြောင်း အဘယ့်ကြောင့် သိရှိပါသနည်း။

မိန်းကလေးကို အပြင်ရောက်အောင် နိုးထုတ်နိုင်ပါလျှင် မိမိစုံစမ်းနေသော အမှုကိစ္စများလည်း ပြေလည်သွားမည်ဟု ဆိုပြန်သည်။

မိမိစုံစမ်းနေသောကိစ္စမှာ လိုထန်မိသားစုကိစ္စဖြစ်သည်။

တရားခံ အစစ်အမှန်ကို မိမိရှာဖွေနေသည်။

တရားခံကိုလည်း မိမိအတွေးဖြင့် မိမိတွေ့ရှိထားပြီဖြစ်၏။

တရားခံမှာ လိုကျန်ပေဝါးပင်တည်း။ မိမိထံ စာရေးသူကို ဝမ်ချိုင်း စဉ်းစားသည်။

ဤအကြောင်း မိမိအသိပေးသူမှာ မင်းဝါတစ်ယောက်သာ ရှိသည်။ မင်းဝါမှလွဲ၍ မိမိသည် မည်သူ့အားမျှမပြောခဲ့ပေ။

ဤစာကို မင်းဝါ ရေးပို့သည်လား သို့မဟုတ် အန္တရာယ်မထောင်ချောက်လား။

မိမိသည် မိန်းကလေးကို နိုးကြောင်နိုးဝှက် ကြည့်နေခဲ့၏။

ဤသည်ကို စကြာဂိုဏ်းသားသုံးယောက်က နိုးကြောင်နိုးဝှက်ကြည့်ပြီး မြင်သွားနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိမိ အလွန်စိတ်ဝင်စားသွားသည်ကို သူတို့တွေ့ရှိသွားသည်။

သူတို့ထောင်ချောက်ဆင်ခြင်း ဖြစ်နိုင်သည်။ မိမိအနေဖြင့် မိမိ၏ညီအစ်ကိုတော်များနှင့် တိုင်ပင်ရပေမည်။

ညီအစ်ကိုတော်ဆိုသည်မှာ ခြသေ့်ဂိုဏ်းသားများ ဖြစ်ကြသည်။

သူသည် ဆွေးနွေးတိုင်ပင်ရန်ရည်ရွယ်ပြီး ပန်းရန့်စားသောက် ဆိုင်သို့ထွက်လာခဲ့ခြင်း ဖြစ်သည်။

ဝမ်ချိုင်းသည် ပန်းရန့်စားသောက်ဆိုင်သို့ ရောက်သည်နှင့် မမျှော်လင့်သော ကိစ္စတစ်ခုကို ဖြုန်းခနဲ တွေ့ကြုံရ၏။

"တောက်... တောက်... တောက်"

"တောက်... တောက်... တောက်"

ထိုဝါးဆစ်ခေါက်သံကိုကြားသည်နှင့် အရေးပေါ်အစည်းအဝေးခေါ်ပြီကို သိလိုက်တော့သည်။

သကြားခဲသည်၏ ဝါးဆစ်ခေါက်သံဖြစ်ပါသည်။ ထို့ကြောင့် ဝမ်ချိုင်းသည် ပန်းရန့်စားသောက်ဆိုင်ထဲသို့ မဝင်ဖြစ်တော့ပေ။

ပန်းရန့်စားသောက်ဆိုင်၏ ပိတ်ထားသော လျှို့ဝှက်ပေါက်မှ တစ်ယောက်ပြီးတစ်ယောက် ရောက်ရှိလာကြ၏။

ထုံးစံအတိုင်း ဂိုဏ်းချုပ်ကြီးသည် စောစီးစွာ ရောက်ရှိနေ၏။



နံပါတ်တစ် ဝမ်ချိုင်းရောက်လာသည့်အခါ လူအတော်စုံလင်နေလေပြီ။

လူနှစ်ယောက်သာ လိုတော့သည်။ နံပါတ်ငါးနှင့်နံပါတ်တစ်ဆယ်။ နံပါတ်တစ်ဆယ်ကတော့ နောက်ကျရပေမည်။

သူက သကြားခဲရောင်းပြီး လူစုရသူမဟုတ်ပါလား။

သူ့အချက်ပေးတီးခေါက်ရမည့်လမ်းများ ကုန်ဆုံးသွားသောအခါ နံပါတ်တစ်ဆယ် ရောက်ရှိလာလေ၏။ နံပါတ်ငါးခုံတစ်ခုံက လစ်လပ်နေသည်။ နံပါတ်ငါးကတော့ ရောက်ရှိမလာပါ။

"အဟမ်း...."

ဂိုဏ်းချုပ်ကြီးသည် ချောင်းဟန့်လိုက်လေ၏။

ဂိုဏ်းချုပ်ကြီးက....

"နံပါတ်ငါး ခရီးလွန်နေပြီနဲ့တူတယ်... ကဲ... သူ့ကိုမစောင့်တော့ဘူး... ကျုပ် အရေးကြီးတဲ့ကိစ္စပြောစရာရှိတယ်"

ဂိုဏ်းချုပ်ကြီး၏အသံသည် ထုံးစံအတိုင်း ခပ်သြသြဖြစ်၏။ အသံသည် တည်တည်ကြည်ကြည်ရှိ၏။

"ကျုပ်ပြောချင်တာက တခြားမဟုတ်ဘူး၊ နံပါတ်တစ်နဲ့ ကျုပ် ခရီးမှာတွေ့ဆုံခဲ့တုန်းက နံပါတ်တစ် ပြောခဲ့တဲ့အကြောင်းတွေကို ကျုပ်လေ့လာစုံစမ်းပြီးပြီ"

ဂိုဏ်းချုပ်ကြီးသည် စကားဆုံးသည်နှင့်အားလုံးကို ကြေကြည့်အကဲခတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းချုပ်ကြီးက သူ၏စကားကိုဆက်သည်။

"နံပါတ်တစ် ပြောခဲ့တာတွေ မှန်ပါတယ်၊ ပယ်လင်ဗျိုင်းခုကျိုင်းဟာ ဒီဟိုနန်းမြို့က တိမ်းရှောင်သွားပြီးတဲ့နောက် သူတို့ဓားပြတစ်ဖွဲ့လုံး စကြာဂိုဏ်းဆီမှာ သစ္စာခံကြတယ်၊ စကြာဂိုဏ်းဟာ ဓားပြဂိုဏ်းကိုလက်ခံပြီး ဓားပြတိုက်ခွင့်ဆက်ပြုလိုက်တယ်... ဆိုလိုတာက စကြာဂိုဏ်းဟာ ဓားပြဂိုဏ်းဖြစ်ပြီးဆိုတာပဲ... ဒါတွေကို နောက်ပိုင်းမှ ကျုပ်စုံစမ်းသိရှိလာတာပါ... ပင်လယ်ဗျိုင်းခုကျိုင်းဟာ နံပါတ်တစ်ကို စကြာဂိုဏ်းထဲမှာမမျှော်လင့်ဘဲတွေ့လိုက်ရတော့ အံ့ဩသွားတယ်... သူနဲ့စကြာဂိုဏ်းချုပ်ကြီး ဆွေးနွေးနေတာကို နံပါတ်တစ်မြင်သွားတော့ သူဟာ မလုံမလဲဖြစ်သွားတယ်... သူစကြာဂိုဏ်းထဲဝင်လိုက်တာကို နံပါတ်တစ်သိသွားပြီပေါ့"

ဂိုဏ်းသားများက ငြိမ်၍ နားထောင်နေကြ၏။

ဂိုဏ်းချုပ်ကြီးက....

"စကြာဂိုဏ်းဟာ ဝမ်ချိုင်းကို ခြသေ့ဂိုဏ်းသားဖြစ်တယ်ဆိုတာကိုသိသွားတော့ မပေါ့ဆတော့ဘူး။ သူတို့ဟာ ဝမ်ချိုင်းကိုသတ်ဖို့စီမံကြတယ်၊ ဒါပေမယ့် သူတို့အကြံမအောင်ပါဘူး... သူတို့ဂိုဏ်းသားတွေလဲ သေဆုံးသွားကြတယ်... စကြာဂိုဏ်းချုပ်ကြီးဟာ ခြသေ့ဂိုဏ်းကို အကြီးမားဆုံးရန်သူအဖြစ် သတ်မှတ်သွားပြီး... အဲဒါကို မင်းတို့သိထားကြပါ"

ဂိုဏ်းချုပ်ကြီးက ဆက်ပြောသည်။



"သူတို့ဟာ ကျုပ်တို့ကို ရန်သူအဖြစ်တော့ သတ်မှတ်တယ်.. ဒါပေမယ့် နံပါတ်တစ်ကလွဲလို့ ကျန်တဲ့လူတွေကို ဘယ်သူတွေမှန်းမသိကြဘူး။ အဲဒါကို သူတို့ဦးနှောက်ခြောက်နေကြတယ်... ဒါဟာ ကျုပ်တို့ အသာစီးရထားတဲ့အတွက်ပဲ... ဒါပေမယ့် ပေါ့ပေါ့ဆဆတော့ မနေကြနဲ့... သူတို့က နည်းအမျိုးမျိုးနဲ့ ကျုပ်တို့ကိုဖော်ထုတ်ပြီး ရှင်းလင်းသုတ်သင်မှာပဲ၊ လစ်ရင်လစ်သလို လုပ်မှာပဲ၊ ကျုပ်ပြောတယ်ရှင်းရှင်းပဲပြောတယ်... ကျုပ်ဂိုဏ်းသားတွေ တစ်ယောက်မှအထိမခံနိုင်ဘူး၊ အခု သူတို့ဟာ ဘယ်သူဖြစ်နိုင်မလဲလို့ အသေအလဲ လိုက်စုံစမ်းနေကြတယ်"

ဂိုဏ်းချုပ်ကြီးက သူ့ဂိုဏ်းသားများကိုကြည့်သည်။

အားလုံးစိတ်ဝင်စားစွာ နားထောင်နေကြ၏။

"စကြာဂိုဏ်းချုပ်ကြီးဟာ သူ့ရဲ့လူသိနည်းတဲ့ လက်ရွေးစင်ပိုင်းသမားတွေကို စေလွှတ်လိုက်တာပဲ၊ ကျုပ်သိရသလောက်တော့ လူသုံးယောက်ကို စေလွှတ်လိုက်တယ်... တစ်ယောက်ကတော့ နံပါတ်တစ်ရဲ့ ရန်သူတော်ကြီးဖြစ်တဲ့ ပင်လယ်ဗျိုင်းခုကျိုင်းပဲ"

နံပါတ်တစ်က....

"ခုကျိုင်း ဒီကိုရောက်နေပါသလားခင်ဗျာ"

ဝမ်ချိုင်းက မေးလိုက်၏။

"ရောက်နေတယ်... ဒါပေမယ့် ခုကျိုင်းဟာ ထင်ထင်ပေါ်ပေါ်နေမှာ မဟုတ်ဘူး... သူ့ကို တို့ကသိထားတော့ သူပုန်းနေမှာ...

www.burmeseclassic.com

www.burmeseclassic.com



နောက်နှစ်ယောက်ကတော့ အရပ်ပုပုလူတစ်ယောက်နဲ့ အရပ်ရှည်ရှည် လူတစ်ယောက်ပါ... နှစ်ယောက်စလုံး ထိပ်တန်းသိုင်းသမားတွေချည်းပဲ၊ သူတို့စကြာဂိုဏ်းထဲ ရောက်နေလိမ့်မယ်လို့ ကျုပ်တောင် မထင်ခဲ့ဘူး"

နံပါတ်တစ်က မေးလိုက်၏။

"သူတို့ ဘယ်သူတွေပါလဲခင်ဗျာ"

"အရပ်ပုပုသိုင်းသမားက ကောင်းယိလို့ခေါ်တယ်... မြွေပွေးကောင်းယိလို့ခေါ်ရင် လူပိုသိတယ်၊ နာမည်ကိုက ဘယ်လောက်ကြောက်စရာကောင်းတယ်ဆိုတာ ဖော်ပြနေတယ်... အရပ်ရှည်ရှည် စုတ်ချွန်းချွန်းလူကတော့ ကွင်းပုရိတဲ့၊ ခြေတံရှည် ကွင်းပုရိလို့ခေါ်တယ်... ဟန်ဆောင်ကောင်းတယ်... ကောက်ကျစ်တဲ့နေရာမှာတော့ နှစ်ယောက်မရှိဘူး၊ အဲဒီလူတွေကို မင်းတို့သတိထားကြ"

ဂိုဏ်းချုပ်ကြီးက ဆက်ပြော၏။

"အဲ.... နောက်ဆုံးပြောချင်တာကတော့ ရန်သူဘယ်လောက်ပဲ ရှိနေရှိနေ ကိုယ်က ကြောက်စရာမလိုဘူး၊ သူတို့ကတော့ ကိုယ့်ကိုရှာဖွေဖော်ထုတ်ပြီး သတ်ဖို့ကြိုးစားနေမှာပဲ၊ အထူးသဖြင့် ကျုပ်ကို သဲသဲမဲမဲ စုံစမ်းနေတယ်လို့ သိရတယ်၊ နောက်ဆုံး ကုန်ကုန်ပြောရရင် စကြာဂိုဏ်းချုပ်ကြီး ရန်ကျန်းကိုယ်တိုင် ဒီကိုရောက်လာနိုင်တယ်... ဒါပေမယ့် မှုစရာမလိုပါဘူး... ကျုပ်တို့ဘယ်လိုပရိယာယ်သုံးရမယ်ဆိုတာ အားလုံးသိထားကြပြီပဲ၊ ကဲ... မင်းတို့ ဘာပြော



ရာ ရှိသေးသလဲ"

နံပါတ်သုံးက ဦးညွတ်ဂါရဝပြုလိုက်၏။

"ဒီကောင်တွေကို တွေ့ပြီဆိုပါတော့... နေရာမှာတင်သတ်ပစ်ရမလား"

ဂိုဏ်းချုပ်ကြီးက ခေါင်းခါယမ်းလိုက်၏။

"တွေ့ပြီးတာနဲ့ သူတို့ကို သတ်ပစ်ဖို့ဆိုတာတော့ မသင့်လျော်ဘူးလေ၊ ကျုပ်တို့ဂိုဏ်းဟာ လူသတ်ဂိုဏ်းမဟုတ်ဘူး... နံပါတ်သုံး ကျုပ်ပြောတာကို သဘောပေါက်သလား"

နံပါတ်သုံး တွေဝေပြီး ရပ်နေသည်။

"ကျုပ်တို့က ရန်သူမှန်းသိလို့ သတ်လိုက်ပေမယ့် ပတ်ဝန်းကျင်အမြင်က ဘာမှန်းမသိတော့ မင်းကိုလူသတ်သမားလို့ ထင်သွားမှာပေါ့၊ သူဟာ စကြာဂိုဏ်းသားဖြစ်ပြီး ခြသေ့်ဂိုဏ်းသားကို သတ်ဖို့ကြိုးစားလို့ မလွှဲမရှောင်သာဘဲ သတ်ပစ်ရမယ်တာကို ပတ်ဝန်းကျင်က သိသွားစေချင်တယ်... ဒါဆိုရင် မင်း သဘောပေါက်ပါပြီ"

နံပါတ်သုံးက....

"ဟုတ်ကဲ့... သဘောပေါက်ပါပြီဂိုဏ်းချုပ်ကြီး"

ထို့နောက် နံပါတ်တစ် ဝမ်ချိုင်းထံ၌ အရှိအသေပေးသည်။

ဝမ်ချိုင်းက ညက လုံထန်၏ဂေဟာ၌ ဖြစ်ပွားခဲ့သောကိစ္စများကို တင်ပြသည်။

ဝမ်ချိုင်း တင်ပြသောအခါ ဂိုဏ်းချုပ်ကြီး သက်ပြင်းချသည်



www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းချုပ်ကြီး သက်ပြင်းချသည်ကို ဂိုဏ်းသားတိုင်းမြင်ကြ
သည်။

"အင်း... ကျုပ်လဲ ဒီသတင်းကို နည်းနည်းပါးပါး ကြားထား
ပါတယ်"

ဝမ်ချိုင်းသည် ဂိုဏ်းချုပ်ကြီးက နည်းနည်းပါးပါးသိထား
သည်ဟု ပြောသည်ကိုမယုံချေ။

ဂိုဏ်းချုပ်ကြီးသည် အလုံးစုံသိနေမည်သာ ဖြစ်ပါသည်။

ဂိုဏ်းချုပ်ကြီးက ဆက်ပြောသည်။

"လုံထန်မိသားစုအတွက် ကျုပ်လဲ တော်တော်စိတ်မ
ကောင်း ဖြစ်မိတယ်၊ ကျုပ်တို့ ဒီလောက်ဝိုင်းဝန်းကာကွယ်နေတဲ့ကြား
ထဲက ခုလိုဖြစ်သွားရတာကို စိတ်မကောင်းဘူး... ဒါပေမယ့် ဘယ်
တတ်နိုင်မှာလဲ၊ သူတို့မိသားစုကို ဆက်လက်ပြီး စောင့်ရှောက်ဖို့တော့
လိုအပ်နေတယ်၊ သူတို့ရဲ့ရန်သူဟာ ကြောဂိုဏ်းနဲ့ ပတ်သက်ဆက်
နွယ်နေတယ်လို့ပဲ ကျုပ်ထင်ထားတယ်"

ဝမ်ချိုင်းက....

"အခု အဖြစ်အပျက်တွေ ဖြစ်ပျက်သွားတဲ့အတွက် ကျွန်
တော်ကတော့ သူဌေးကြီးလုံကျန်ပေဝါးကို လုံးဝမယုံကြည်တော့
ဘူး"

ဂိုဏ်းချုပ်ကြီးက....

"ဟုတ်ပြီလေ... လုံကျန်ပေဝါးကိုလဲ အထူးသတိထားပြီး



ကြည့်ရမှာပေါ့ မဟုတ်ဘူးလား"

"ဟုတ်ပါတယ် ခင်ဗျာ"

ဝမ်ချိုင်းသည် သူ့ဆီရောက်နေသောစာကိစ္စကို သတိရ
သည်။

စာထဲ၌ ကိုယ်ရေးကိုယ်တာကိစ္စပါ ရောယှက်နေသော
ကြောင့် ဝမ်ချိုင်းသည် စာကိစ္စကို ဂိုဏ်းချုပ်ကြီးအား မတင်ပြတော့
ပေ။

သို့သော် ယခုရက်ပိုင်းအတွင်း ခရီးသွားသင့်မသင့်ကိုတော့
ဂိုဏ်းချုပ်ကြီးနှင့် တိုင်ပင်မှသင့်မည်ဟု ထင်မိသည်။

"ဂိုဏ်းချုပ်ကြီးခင်ဗျာ... ကျွန်တော့်အနေနဲ့ ဟန်ကြူးမြို့ကို
တစ်ရက်နှစ်ရက်လောက် ခရီးထွက်ချင်ပါတယ်ခင်ဗျာ၊ အဲဒါ သင့်
မလျော်မလျော် ဂိုဏ်းချုပ်ကြီး အဆုံးအဖြတ်ပေးပါခင်ဗျာ"

ဂိုဏ်းချုပ်ကြီးက မေးသည်။

"နံပါတ်တစ်မှာ အရေးကြီးတဲ့ကိစ္စ ရှိနေလို့လား"

"ဟုတ်ကဲ့... ခင်ဗျာ"

"နံပါတ်တစ်က ကြောဂိုဏ်းက သိထားတယ်ဆိုတော့ တစ်
ယောက်တည်းသွားဖို့တော့ မသင့်လျော်ပေဘူး၊ ဒါပေမယ့် မသွားရင်
မဖြစ်တဲ့ ကိစ္စမျိုးဆိုရင်တော့ သွေးသောက်ရဲဘော်နှစ်ယောက်သုံး
ယောက်နဲ့ သွားပါ၊ ဒါမှမဟုတ် သူတို့ကိုလွှတ်ရင် ရမလား... သူတို့ကို
လွှတ်ရင် ပိုကောင်းမယ်နဲ့တူတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့... ဂိုဏ်းချုပ်ကြီးပြောတဲ့စကားကို ကျွန်တော်စဉ်းစားပါ့မယ်ခင်ဗျာ"

ထိုစဉ် နံပါတ်သုံးက....

"အကယ်၍ လိုအပ်မယ်ဆိုရင် ကျွန်တော်တို့ပါ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပါမယ်ခင်ဗျာ"

"အေး... ကောင်းတယ်၊ ဒါထက် နံပါတ်ငါး ခုထိ ရောက်မလာသေးပါလား"

တစ်ဦးတစ်ယောက်ထံမှ အဖြေစကားမကြားရပါ။

ဂိုဏ်းချုပ်ကြီးကပင် ဆက်၍....

"ခရီးလွန်နေသလား မသိဘူး... ကျန်တဲ့ဂိုဏ်းသားတွေအားလုံး နံပါတ်ငါးကို စုံစမ်းကြပါ"

"ကောင်းပါပြီ ဂိုဏ်းချုပ်ကြီး"

အားလုံးက ဖြေလိုက်ကြသည်။

ဂိုဏ်းချုပ်ကြီးက....

"ကဲ... ဘယ်သူ ဘာပြောစရာရှိသေးသလဲ"

အားလုံး တိတ်ဆိတ်နေကြသည်။

"ကဲ... လူစုခွဲပြီး ထွက်ကြ"

ဂိုဏ်းချုပ်ကြီးက အမိန့်ပေးလိုက်လေ၏။

## အခန်း(၆)

### စွပ်စွဲခံရသူ

နေသည် သူတို့၏ဦးခေါင်းတည့်တည့်သို့ ရောက်ရှိနေလေ၏။ နေမွန်းတည့်ချိန်တည်း။

ထိုအချိန်တွင် ချန်ဆန်း၏ရှာပနာကို ဆောင်ရွက်ကြသည်။

မြို့သူမြို့သားများသည် လုံထန်မိသားစုကို ချစ်ခင်ကြသည့်အလျောက် စိတ်မကောင်းခြင်းကြီးစွာ လိုက်ပါပို့ဆောင်ကြသည်။

လုံထန်တို့သည် ကြေးစားကွေအော်ရောင်၏အလောင်းကိုမှ စောစီးစွာ မြှုပ်နှံသင်္ဂြိုလ်လိုက်ပြီဖြစ်၍ မြို့သူမြို့စားများ မသိရှိကြတော့ချေ။

လုံထန်တို့သည် ထိုအကြောင်းကိုလည်း ထုတ်ဖော်ပြောဆိုခြင်း မရှိချေ။

ချန်ဆန်းအပြင် ကြေးစားလူသတ်သမားတစ်ဦးပါ အသတ်ခံရသည်ဟုဆိုလျှင် သတင်းများ ရှုပ်ထွေးလာမည်ကို စိုးရိမ်သော

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ကွေအော်ရောင်အား သီးသန့်မြုပ်နှံပြီး သတင်းကိုမှောင်ချလိုက်ခြင်း ဖြစ်သည်။

ထိုသတင်းကို မှောင်ချထားလိုက်ခြင်းမှာ မှန်ကန်သည်။

သူဌေးကြီးလုံထန်၏သားဖြစ်သူ ချန်ဆန်းအား လူသတ်သမားက ဝင်ရောက်သတ်ဖြတ်သွားသည့်သတင်းတစ်ခုတည်းပင်လျှင် တစ်မြို့လုံး အုံးအုံးကျက်ကျက်ပြောမဆုံးပေါင် တောသုံးတောင် ဖြစ်နေကြတော့သည်။

တချို့သည် အလွန်ထိတ်လန့်သွားကြ၏။

လူသတ်သမားသည် ဤမျှလူချစ်လူခင်ပေါများသော သူဌေးကြီး၏သားကို အဘယ့်ကြောင့် သတ်ရပါသနည်း။

အများစု၏အထင်အမြင်မှာ သူဌေးကြီးလုံထန်အား ဓားပြတိုက်ပြီး ချန်ဆန်းအား သတ်သွားသည်ဟု ထင်ကြသည်။

လုံထန်တို့ကလည်း ကောလဟလသတင်းများကို လိုက်လံဖြေရှင်းခြင်း မပြုပါ။

လုံထန်ရှင်းလင်းသည်မှာ တစ်ချက်တည်းသာ ရှိသည်။

ဂေဟာထဲသို့လူဆိုးများ ဝင်လာကြသဖြင့် ချန်ဆန်းက လိုက်လံခုခံတိုက်ခိုက်ရာမှ အသတ်ခံရခြင်းဖြစ်သည်ဟု ရှင်းလင်းထားသည်။

သင်္ချိုင်း၌ ပရိသတ်များ စုံလင်လှသည်။

သူဌေးကြီးလုံထန်၏ မိတ်ဆွေသင်္ဂဟများကလည်း အလွန်များပြားလှသည်။

သင်္ချိုင်းတစ်ခုလုံး လူအုပ်ကြီးမှာ ကြက်ပျံမကျစည်ကားလှသည်။ ထိုအထဲတွင် ဝမ်ချိုင်းတို့လည်း ပါရှိသည်။

ဝမ်ချိုင်းတို့အုပ်စုမှာ တာဝန်နှစ်ရပ်ကို ထမ်းဆောင်ရန် ရောက်ရှိနေကြခြင်းဖြစ်သည်။

တစ်ရပ်မှာ လူမှုရေးအရာ အသုဘပို့ဆောင်ခြင်းဖြစ်၍ နောက်တာဝန်တစ်ရပ်မှာ လုံထန်တို့မိသားစုအား ကာကွယ်စောင့်ရှောက်ပေးနေကြပါသည်။

သူတို့တင်လား မဟုတ်သေးပါ။

မြို့စားကြီး၏ကိုယ်ရံတော်တချို့နှင့် မြို့ပြအုပ်ချုပ်ရေးဌာနမှ တပ်သားအချို့ပါ လုံထန်တို့မိသားစုအား ကာကွယ်စောင့်ရှောက်ပေးနေကြပါသည်။

ဝမ်ချိုင်းတို့စိုးရိမ်နေသကဲ့သို့မဟုတ်ဘဲ အသုဘအခမ်းအနားမှာ အေးချမ်းစွာ ပြီးဆုံးသွားသည်။

ညနေပိုင်းတွင် ဧည့်သည်များသိရှိသွားပြီဖြစ်၍ လုံထန်တို့မိသားစုသုံးဦးနှင့် စကားပြောဆိုနေသည်။

ဝမ်ချိုင်းနှင့်လုံထန်တို့ မိသားစုသုံးဦးပြောသောစကားမှာ အခြားမဟုတ်ပေ။

ယခုရက်ပိုင်းအတွင်း လုံထန်တို့မိသားစုသည် သတိဝီရိယနှင့် သွားလာနေထိုင်ရန်ပေဟာည်း။



www.burmeseclassic.com

www.burmeseclassic.com



ဝမ်ချိုင်းက သတိပေးစကားပြောနေခြင်းဖြစ်သည်။

ထိုစဉ် မြင်းနှစ်ကောင်နှင့်လူနှစ်ယောက် ဝင်လာသည်။

ဝမ်ချိုင်း အံ့ဩသွားသည်။

လုံထန်၏ဖနီး ငွေအန်းမှာ ဒေါသအိုးပေါက်ကွဲသွားလေမင်း။

"ဟေ့... မင်းဝါ၊ မင်း ငါ့အိမ်ကို လုံးဝမလာရင် ကောင်းမယ်"

ဝင်ရောက်လာသူများမှာ မင်းဝါနှင့်မျိုးချစ်သိုင်းသမားကြီး ချူချန်းဖြစ်သည်။

ငွေအန်းသည် မင်းဝါကိုမြင်သည်နှင့် အလိုလိုဒေါသများ ထွက်လာသည်။

သူမသည် ဝမ်ချိုင်း၏သုံးသပ်ချက်များကို ကြားရပြီးနောက် လိုကျန့်ပေဝါးအပေါ် အမျက်ထွက်နေသူဖြစ်သည်။

ချန့်ဆန်းသေရသည်မှာ လိုကျန့်ပေဝါးကြောင့်ဟု သူမထင်နေ၏။

ထို့ကြောင့် မင်းဝါကို နှင်ထုတ်နေခြင်းဖြစ်သည်။

လုံထန်သည် မင်းဝါနှင့်အတူပါလာသော ဧည့်သည်ကို အလွန်အားနာသွားသည်။

"ငွေအန်း... မင်းကိုယ်မင်း ထိန်းပါကွာ... အရမ်းဒေါသမဖြစ်ပါနဲ့... ဒီမှာဧည့်သည်လဲ ပါလာတယ်"

ငွေအန်းသည် အလွန်ခံစားနေရသဖြင့် ဤသို့အော်မိခြင်း



ဖြစ်သည်။

"ကျွန်မ... ကျွန်မ ဧည့်သည်ကိုတော့ အားနာပါတယ်...ဒါပေမယ့် လူသတ်သမားမိသားစုရဲ့ မျက်နှာကိုတော့ ကျွန်မ မကြည့်ချင်ဘူး"

ချူချန်းသည် တပည့်ဖြစ်သူ မင်းဝါ၏မျက်နှာကို လှမ်းကြည့်လိုက်၏။

မင်းဝါမှာ ဆရာကြီးချူချန်းကို မကြည့်မိချေ။

လုံထန်ကိုကြည့်လိုက်... ငွေအန်းကိုကြည့်လိုက်... အိပါပါကို ကြည့်လိုက်နှင့် အံ့အားသင့်ပြီး မင်တက်မိနေသည်။

အမှန်တော့ မင်းဝါသည် ချန့်ဆန့်သေဆုံးသည့်သတင်းကို ကြားလျှင်ကြားချင်း ဟန်ကြူးမြို့မှ ဟိုနန်းမြို့သို့ အပြေးအလွှားပြေးလာခြင်းဖြစ်သည်။

သူ၏ဆရာကို ဟန်ကြူးမြို့ရောက်မှ တွေ့ဆုံခြင်းဖြစ်၏။

သူက ဆရာကြီးကိုဖိတ်ခေါ်ခဲ့သဖြင့် ဆရာကြီးပါလာခြင်း ဖြစ်သည်။

လုံထန်က....

"ကဲ... ကဲ... ထိုင်ကြပါဦးခင်ဗျာ... အေးအေးဆေးဆေးပေါ့"

လုံထန်က ဧည့်ဝတ်ပြုလိုက်၏။

ဝမ်ချိုင်းလည်း မနေသာတော့ချေ။ အားလုံးနှင့်မိတ်ဆက်

www.burmeseclassic.com

www.burmeseclassic.com

ပေးရတော့သည်။

"ကြွပါ... ဆရာကြီးချူချန်း... ဦးလေးလုံထန် သူက မင်းဝါ ရဲ့ ဆရာကြီး မျိုးချစ်သိုင်းသမားကြီး ချူချန်းပါ"

ဝမ်ချိုင်းက မိတ်ဆက်ပေးလိုက်မှ လုံထန်နှင့်ငွေအန်းကို သည် ချူချန်း၏မျက်နှာကို သေသေချာချာ ကြည့်လိုက်မိ၏။

အေးဆေးတည်ငြိမ်၍ ဥပဓိကောင်းလှသော ဆရာကြီးချူ ချန်းကို တွေ့ရသည်။

ကုလားထိုင်အသီးသီး၌ ထိုင်မိကြသောအခါ လုံထန်က တောင်းပန်လိုက်၏။

"စိတ်မရှိပါနဲ့ဆရာကြီး ချူချန်း... စိတ်မရှိပါနဲ့ခင်ဗျာ၊ ငွေ အန်းက သားဇောနဲ့စိတ်ထိခိုက်နေလို့ သူ့တူကို ပြောမိပြောရာ ပြော လိုက်တာပါ"

သူသည် ဆရာကြီးချူချန်းကို တောင်းပန်လိုက်လေ၏။

ဝမ်ချိုင်းက မင်းဝါကိုကြည့်လိုက်သည်။

မင်းဝါ ခေါင်းငိုက်စိုက်ကျနေသည်။

ဝမ်ချိုင်း စိတ်မကောင်းပါ။

မင်းဝါသည် အကြောင်းရင်းကို လုံးဝမသိထားသူဖြစ်ပါ သည်။

မင်းဝါသည် အီပါပါကို လှမ်းကြည့်လိုက်၏။

အီပါပါသည် မျက်နှာလွှဲထားလေ၏။



မင်းဝါ စိတ်ကျဉ်းကျပ်သွားသည်။

မင်းဝါသည် ငွေအန်းကိုကြည့်လိုက်၏။

"ဒေါ်လေး... ကျွန်တော့်ကို စကားပြောခွင့်ပြုပါ"

ငွေအန်းက မုန်းတီးသောမျက်နှာဖြင့် မင်းဝါကိုတစ်ချက် လှမ်းကြည့်သည်။ မည်သို့မျှ အဖြေမပေးပါ။

သူဌေးကြီး လုံထန်က....

"မင်းဝါ... ငါ့တူ ဘာပြောချင်သလဲ၊ ပြောချင်တာရှိ ပြောပါ"

မင်းဝါက စတင်ပြောလေ၏။

"ဒီလိုပါ ဦးလေးလုံထန်... ကျွန်တော်ဟာ ဟန်ကြူးမြို့ထဲ က လက်ဖက်ရည်ဆိုင်မှာ ထိုင်နေတုန်း ချန်ဆန်းသတင်းကြားလိုက် တော့ ကျွန်တော် အံ့အားသင့်သွားရပါတယ်... အဲဒီသတင်းကြား ကြားချင်း ကျွန်တော် အပြေးအလွှားလာခဲ့တာပါ၊ ဒီမြို့ကိုရောက် တော့ ဆရာကြီးချူချန်းနဲ့ဆုံပါတယ်... မြို့အဝင်မှာတွေ့တာပါပဲ... ကျွန်တော့်ကိုတွေ့တွေ့ချင်း ဆရာကြီးချူချန်းက တားပါသေးတယ်၊ ဦးလေးလုံထန်ဆီကို မင်း မသွားသင့်ဘူးလို့ပြောပါတယ်၊ ကျွန်တော် က ဘာကြောင့်မသွားသင့်တာလဲမေးတော့ ဆရာကြီးက မဖြေပါ ဘူး၊ ကျွန်တော် ဒီအိမ်ကို သိပ်လာချင်နေတာသိတော့ ဆရာကြီးက သူပါလိုက်မယ်ဆိုပြီး လိုက်လာခဲ့တာပါပဲ၊ ဘယ်လိုဖြစ်တယ်ဆိုတယ် ကို ဦးလေးလုံထန် ရှင်းပြပါလားခင်ဗျာ"

မင်းဝါက မျက်နှာငယ်ငယ်ဖြင့် မေးလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



လုံထန်သည် မင်းဝါ၏အမေးစကားကို ငြိမ်သက်စွာ နားထောင်နေ၏။

ထို့နောက် သူသည် စကားကိုစတင်ပြောလေ၏။

မင်းဝါကို တိုက်ရိုက်မပြောချေ။

ဆရာကြီးချူချန်းကို ဦးဆောင်၍ပြောခြင်းဖြစ်သည်။

သူ့ရှင်းပြပုံမှာ လေအေးအေးကလေးနှင့်ဖြစ်သည်။

ဤကိစ္စတွင် သူ မပါဝင် မပတ်သက်သည့်အလား ရှင်းလင်းပြောကြားတော့သည်။

သူ့စကားမှာ ကြေးစားလူသတ်သမား ကွေအော်ရှောင်အား ဖမ်းမိသည့်အချိန်မှစ၍ ချန်ဆန်း သေဆုံးရသည့်အချိန်အထိ လုံးစေ့ပတ်စေ့ပြောပြခြင်း ဖြစ်လေသည်။

လုံထန်ပြောပြသည်မှာ အစီအစဉ်ကျနေ၏။ ရှင်းလင်း၏။ မည်သူကမျှ ဝင်မေးခြင်းမရှိပေ။

ဆရာကြီးချူချန်းသည် ဂရုတစိုက် နားထောင်သကဲ့သို့ မင်းဝါမှာလည်း အံ့ဩထိတ်လန့်စွာ နားထောင်နေမိသည်။

"အဲဒါပါပဲဗျာ… အဖြစ်အပျက်ကတော့ ဒါပါပဲ၊ မင်းဝါလဲ နားလည်ရောပေါ့"

မင်းဝါ သဘောပေါက်နားလည်သွားချေပြီ။

လုံထန်တို့မိသားစုအား ကြေးစားလူသတ်သမားများလွှတ်၍ သတ်ဖြတ်ခိုင်းသည့်တရားခံမှာ မိမိ၏လုံဂေဟာမှဟု ဦးလေးလုံ



ထန်တို့က ယုံကြည်သတ်မှတ်ထားသောကြောင့် ငွေအန်းက မိမိကို နှင်ထုတ်ခြင်းဖြစ်မည်မှန်း သိရှိနားလည်လိုက်တော့၏။

သို့သော် မင်းဝါသည် မယုံကြည်ပါ။ လုံးဝမယုံကြည်နိုင်ပါ။

သူ၏မိခင်သည်လည်းကောင်း၊ ဖခင်သည်လည်းကောင်း မည်သည့်နည်းနှင့်မျှ လူသတ်တရားခံဖြစ်မည်ဟု မယုံကြည်ပါ။

မိခင်သည်လည်း သဘောကောင်း မနောကောင်း ဖခင်သည်လည်း သဘောကောင်း မနောကောင်း။

မည်သို့မျှ လူသတ်တရားခံများ မဖြစ်နိုင်ဟု ယုံကြည်သည်၊

မင်းဝါက ငွေအန်းကိုကြည့်ပြီး….

"ဒီမှာ ဒေါ်လေးငွေအန်း… ကျွန်တော်တို့မိသားစုမှာ ဒီလောက်အထိ ယုတ်မာတဲ့စိတ်သဘောထားမျိုး မရှိဘူးလို့ ထင်ပါတယ်"

ငွေအန်းက မျက်နှာမဲ့လိုက်သည်။

"မင်းဝါ… မင်းက ဘာမှမသိသေးဘဲနဲ့ ဒီစကားမျိုးမပြောပါနဲ့… မင်းမိဘတွေရဲ့အခြေအနေတွေကို သေသေချာချာ လေ့လာစုံစမ်းပြီးမှ အဲဒီစကားကိုပြောပါကွ"

ဆရာချူချန်းသည် သူ့တပည့်မင်းဝါကို ကြည့်လိုက်၏။

ထို့နောက် တည်ငြိမ်စွာ ပြောသည်။

"မင်းဝါ… စကားတစ်လုံးကို ကိုယ့်ထင်မြင်ချက်အတိုင်း

www.burmeseclassic.com

www.burmeseclassic.com



မပြောသင့်ဘူး၊ ကိုယ့်စိတ်ထဲမှာ မဖြစ်နိုင်ဘူးလို့ ထင်ပေမယ့် ဖြစ်နိုင်တာတွေ အများကြီးရှိနေတယ်ဆိုတာ မင်းသဘောပေါက်ဖို့ကောင်းတယ်... အခု လုံထန်ပြောနေတာတွေဟာ အားလုံးအကျိုးသင့်အကြောင်းသင့်တွေချည်းပဲ... မင်းကလဲ မင်း မိဘတွေမဟုတ်ဘူးဆိုရင် သူ့အကျိုးသင့်ပြောတာတွေကို အကျိုးသင့်အကြောင်းသင့် ငြင်းပယ်ရလိမ့်မယ်"

သူသည် လုံထန်တို့မိသားစုကိုကြည့်၍ ပြောလိုက်၏။

"အဲ... ကျုပ်ပြောချင်တာက သူဌေးကြီးလုံထန်ကိုပါပဲ... လုံထန်ပြောတာ အားလုံးအကျိုးသင့်အကြောင်းသင့်ချည်းပါပဲ... ဒါပေမယ့် လက်တွေ့မငြင်းနိုင်တဲ့ အချက်တွေတော့ မပါသေးပါဘူး၊ ဖြစ်နိုင်တန်ရာသည်ဆိုတာပဲ ရှိသေးတယ်... ဒီတော့ အပ်ချမတ်ချ မစွပ်စွဲ သင့်သေးပါဘူး"

လုံထန်ကလည်း ထောက်ခံသည်။

"ဆရာကြီးချူချန်းပြောတဲ့စကားဟာ အင်မတန် မှန်ကန်ပါတယ်ဗျာ၊ ကျွန်တော်ကလဲ ဒီအတိုင်းပါပဲ"

"ကဲ... ဦးလေးလုံထန်နဲ့ဆရာကြီး.. ကျွန်တော် ဟန်ကြူးမြို့ကို ပြန်လိုက်ပါဦးမယ်"

မင်းဝါသည် လုံထန်နှင့်ဆရာကြီးချူချန်းကို နှုတ်ဆက်သည်။

တစ်ဘက်တွင် ထိုင်နေကြသော ဝမ်ချိုင်းနှင့်အိပါပါကို လှမ်းကြည့်လိုက်၏။



"ဝမ်ချိုင်း... ကျွန်တော်ပြန်ပါဦးမယ်ဗျာ၊ အိပါပါ ညီမက အစ်ကို့ကို တော်တော်မုန်းနေမှာပဲနော်၊ ဘာပဲဖြစ်ဖြစ် ဒီကိစ္စတွေထဲမှာ အစ်ကိုမပါပါဘူး... အဖြေမှန်ကိုတွေ့အောင် အစ်ကိုရှာခဲ့ပါ့မယ်"

မင်းဝါသည် စကားဆုံးသည်နှင့်ချာခနဲ လှည့်ထွက်သွားသည်။

ဧည့်ခန်းထဲမှ လူများ၏မျက်လုံးအစုံသည် မင်းဝါ၏ကျောပြင်ကို စူးစိုက်ကြည့်မိကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၇)

### ကြောဂိုဏ်း၏အန္တရာယ်

"ဟင်း...."

ဆရာကြီးချူချန်းသည် သက်ပြင်းကြီးကို လေးလေးကြီးချ လိုက်၏။

"ကျုပ်ပြောပါတယ်ဗျာ... မင်း ဒီအိမ်ကို မသွားပါနဲ့ဦးလို့... ဒါပေမယ့် သူငယ်က အရမ်းလာချင်နေတော့ မဖြစ်တန်သည် မဖြစ်ရအောင် ကျုပ်ပါ လိုက်လာခဲ့တာပါပဲ"

လုံထန်က....

"ဆရာကြီးပါလာတော့ ဟန်ကျသွားတာပေါ့ခင်ဗျာ၊ ပြောသင့်ပြောထိုက်တဲ့စကားကို ကျွန်တော်တို့ပြောလိုက်နိုင်တာပဲ"

ဝမ်ချိုင်းသည် ဆရာကြီးချူချန်းကို ငေးမောကြည့်ပြီး တွေးတောနေမိသည်။

သူတွေးတောနေသည်မှာ အခြားမဟုတ်ပေ။



သူဟန်ကြူးမြို့မှပြန်လာစဉ် လမ်းခုလတ်၌ တိုက်ပွဲဖြစ်ပွားသည်။ ထိုစဉ် ဂိုဏ်းချုပ်ကြီးရောက်လာသည်။

ထို့နောက် ယနေ့မနက်ပိုင်းကပင် ဂိုဏ်းချုပ်ကြီးနှင့်ဆွေးနွေးခဲ့သေးသည်။

သူ၏ဂိုဏ်းချုပ်ကြီးသည် ဆရာကြီးချူချန်း အမှန်ပင်ဖြစ်နေပြီလော။

စောစောက ဆရာကြီး ချူချန်းပြောသွားသည့် စကားတို့ကို သူ သတိထားမိသည်။

တစ်ဘက်သားအပေါ် တိကျနိုင်လှသော အထောက်အထားမရှိဘဲ သံသယနှင့် မစွပ်စွဲသင့်ဟူသော စကားမျိုးပင်ပြောသွားသည်။

ထိုစကားမျိုးကို ခြသေ့ဂိုဏ်းချုပ်ကြီး မကြာခဏ ပြောကြားတတ်သည့်စကားမျိုးပင်။

ဂိုဏ်းချုပ်ကြီးက ပြောခဲ့သည်။

"လူတွေကို သံသယနဲ့မစွပ်စွဲကြနဲ့ ဟုတ်မှန်ရင်တော့ အကြောင်းမထူးပေမယ့် မဟုတ်မှန်ရင် အစွပ်စွဲခံရသူအဖို့ သိပ်နစ်နာတယ် အပြစ်ရှိတဲ့လူ ဆယ်ယောက်လွတ်သွားပါစေ အပြစ်မဲ့တဲ့လူတစ်ယောက်ကိုတော့ တရားခံမဖြစ်ပါစေနဲ့ တိကျနိုင်လှတဲ့ အထောက်အထားမျိုး ရအောင်ရှာဖွေကြ"

ထိုစကားလုံးများသည် ဂိုဏ်းချုပ်ကြီးသုံးနှုန်းခဲ့သည့် စကား

www.burmeseclassic.com

www.burmeseclassic.com



လုံးများပင် မဟုတ်ပါလော။

ဝမ်ချိုင်းတွေးတောနေစဉ် လုံထန်၏အသံထွက်ပေါ်လာ၏။

"ငွေအန်း... မင်းကို ငါတစ်ခုပြောတယ်... ငါတို့ဟာ လူတွေအပေါ်မှာ အမြဲတမ်း မေတ္တာထားခဲ့ကြတယ်မဟုတ်လား။ ကူညီသင့်တဲ့ လူတွေအပေါ်တင်မဟုတ်ဘဲ မကူညီသင့်တဲ့ လူတွေကိုတောင် ငါတို့ပေးကမ်းစွန့်ကြဲခဲ့တယ် မဟုတ်လား။ အကယ်၍ ငါ့အစ်ကိုလုံထန်ပေဝါးဟာ ငါတို့အပေါ် ယုတ်မာတဲ့စိတ်ထား မွေးသည့်တိုင်အောင် ကျန်တဲ့လူတွေကို မုန်းဖို့မလိုပါဘူးကွာ"

ငွေအန်းက....

"အို... တစ်ယောက်မကောင်းမှတော့ ကျန်တဲ့လူတွေကောကောင်းနိုင်ပါဦးမလားရှင့်"

လုံထန် ပြုံးလိုက်သည်။

သူသည် တရားပြည့်ဝသောပုဂ္ဂိုလ်ဖြစ်သည်။

"မဟုတ်သေးဘူး ငွေအန်း... မင်း ဒီလိုပြောတာ မှားနေတယ်၊ ကဲ... တို့မိသားစုထဲမှာ ငါက ဆိုးသွမ်းနေပြီဆိုပါတော့ မင်းတို့သားအမိနှစ်ယောက် ငါ့လိုပဲ ဆိုးသွမ်းနေကြမှာလား"

ငွေအန်း ပါးစပ်ပိတ်သွားလေသည်။ မည်သည့်စကားမျှ မပြောတော့ပါ။

"အင်း... သူဌေးကြီးလုံထန်ဟာ အကြင်နာတရား ပြည့်ဝတယ်၊ မရှိဆင်းရဲသူတွေကိုစောင့်ရှောက်တယ်လို့ ကျုပ်သတင်းကြား



ခဲ့တာနဲ့မှန်နေတာပဲ၊ သူဌေးကြီးလုံထန်ရဲ့စိတ်ထားကို ကျုပ်ချီးကျူးပါတယ်... နည်းနည်းပါးပါး စကားပြောကြည့်လိုက်တာနဲ့ သူဌေးကြီးလုံထန်ရဲ့စိတ်နေစိတ်ထားကို သိရှိလိုက်ရတာပဲ၊ ဘယ်အရာမဆို အခုလိုအေးအေးဆေးဆေးနဲ့ စဉ်းစားဆုံးဖြတ်ကြတာ အကောင်းဆုံးပါပဲ၊ မင်းဝါဟာ ကျုပ်ရဲ့တပည့်ဖြစ်သလို ခင်ဗျားရဲ့တူလဲ တော်ပါတယ်၊ ကျုပ် သိသလောက်တော့ မင်းဝါဟာ မတရားတာကို လုံးဝလက်မခံတဲ့လူပါ။ မတရားမှုကို အင်မတန်စက်ဆုပ်မုန်းတီးပါတယ်... သူ့မိဘနှစ်ပါးကို ဘယ်လိုသွားပြီး ရင်ဆိုင်မယ်ဆိုတာကို ကျုပ်တော့ မတွေးတွဲ့အောင်ပါဘဲဗျာ"

ဆရာကြီးသည် စိတ်မကောင်းစွာ ပြောသည်။

လုံထန်က....

"မင်ဝါဟာ စဉ်းစားဉာဏ်ရှိပါတယ်... သူ ဘယ်လိုရင်ဆိုင်ရမယ်ဆိုတာ သူသိပါလိမ့်မယ်ဗျာ"

အားလုံးတိတ်ဆိတ်သွားကြသည်။

ခဏမျှကြာသောအခါ ဆရာကြီးချူချန်းသည် လုံထန်မိသားစုကို နှုတ်ဆက်ပြီး ဝမ်ချိုင်းကိုပါ နှုတ်ဆက်သည်။

"ကျုပ် ပြန်လိုက်ပါဦးမယ်ဗျာ"

"ကောင်းပါပြီ... ကောင်းပါပြီ"

လုံထန်နှင့်ဝမ်ချိုင်းတို့က ပြောလိုက်၏။

သူသည် သူ၏မြင်းကြီးပေါ်သို့တက်ကာ ပြန်လည်ထွက်ခွာ

www.burmeseclassic.com

www.burmeseclassic.com



သွား၏။

"ကဲ... ဦးလေးလုံထန်တို့လဲ သုံးရက်အတွင်းမှာ သတိစိရိယနဲ့နေကြပါနော်... ကျွန်တော်လဲသွားလိုက်ပါဦးမယ်"

ဝမ်ချိုင်းသည် မြင်းပေါ်တက်လိုက်၏။

ဆရာကြီးချူချန်းထွက်သွားရာလမ်းအတိုင်း လိုက်ပါသွားလေတော့၏။

ညနေစောင်းနေလေပြီ။

မျိုးချစ်သိုင်းသမားချူချန်းသည် ဟိုနန်းမြို့ အနောက်ဘက်ဆီမှ စိမ်းလန်းသောတောင်ကုန်းကြီးများကို ငေးမောရင်း မြင်းကိုဖြည်းဖြည်းစီးနင်းလာလေ၏။

ထိုအချိန်တွင် ဓားသမားလေးယောက် ပေါ်ထွက်လာလေတော့၏။

မျိုးချစ်သိုင်းသမားကြီးသည် မြင်းပေါ်မှ တစ်ပတ်ကျွမ်းပစ်ကာ ဆင်းလာသည်။

လူလေးယောက်သည် ဘာမပြောညာမပြောနှင့် ချူချန်းအား ဝင်ရောက်တိုက်ခိုက်လေတော့သည်။

ဓားသမားများသည် ချူချန်းအား ဝင်ရောက်ခုတ်ပိုင်းကြသည်။

"ကျား...."

ချူချန်းသည် ဓားသမားများကို လက်နက်မဲ့ခုခံသည်။



"ရွမ်း...."

"ဝိုး...."

"ဝှစ်...."

"ရွှမ်...."

ဓားရည်များသည် လေထဲ၌ ပျံ့ဝဲနေသည်။ လေတိုးသံများတရွမ်းရွမ်း မြည်ဟည်းနေသည်။

ချူချန်းသည် စက်ရဟတ်ပမာ ချာချာလည်လှည့်၍ ခုခံနေသည်။ သူ့လက်များသည် အချက်ကျကျ လှုပ်ရှားနေလေ၏။

"အုံး...."

"ဖုံး...."

"ခွပ်...."

ရန်သူတစ်ယောက်မှာ မျက်နှာကိုလက်သီးချက်ထိပြီး အဝေးသို့လွင့်စဉ်သွား၏။

ကျန်တစ်ယောက်မှာ ချူချန်း၏ကန်ချက် မိသွားသည်။

ဓားကိုင်ရန်သူတစ်ဦးသည် ခပ်ကြမ်းကြမ်း ဝင်ခုတ်၏။

ပထမတစ်ချက်က မထိပေ။ ဒုတိယတစ်ချက်၌ အင်္ကျီလက်ရှည်ကို ထိုးခွဲသွား၏။ အလွန်ကပ်သီပြီး လွတ်သွားခြင်းဖြစ်သည်။

သူ၏အင်္ကျီကို ထိုးခွဲလိုက်သူအား ချူချန်းသည် ကြည့်လိုက်၏။

"ချူမား...."

www.burmeseclassic.com

www.burmeseclassic.com


စကြာဂိုဏ်းချုပ်ကြီး၏ကိုယ်ရံတော် ချူမားပင်တည်း။

ချူမားသည် ကြောက်မက်ဖွယ်ရာဓားချက်များဖြင့် တိုက်ခိုက်နေသည်။

ချူမားတို့အုပ်စု သူ့ကိုဘာကြောင့် တိုက်ခိုက်သည်ကို ချူချန်းမသိချေ။

သူသည် လက်မလည်အောင် ခုခံနေရသဖြင့်မေးမြန်းချိန်မရချေ။

ရန်သူများကလည်း ချူချန်းကိုသတ်ဖြတ်နိုင်ရန်သာ အာရုံစိုက်နေကြသည်။

ထိုစဉ် အကန်ခံရသူသည် ပြန်ထလာပြီး တိုက်ပွဲထဲသို့ပြန်ဝင်လာ၏။

လက်သီးဖြင့် အထိုးခံရသူကား ပြန်ထမလာနိုင်တော့ပါ။

သုံးယောက်နှင့်တစ်ယောက်ဖြစ်သော်လည်း ချူချန်းသည် လှလှပပပင် ခုခံနေပါသည်။ သူသည် လက်နက်မဲ့ခုခံနေခြင်းဖြစ်သည်။

ထိုစဉ် တိုက်ပွဲထဲသို့ လူတစ်ယောက် ခုန်ဝင်ရောက်လာလေ၏။

ထိုသူကား ဝမ်ချိုင်းပင်တည်း။

ဝမ်ချိုင်းသည် ဆရာကြီးချူချန်း၏ လက်သီးချက်မိသွားသူအား ကန်ထည့်လိုက်၏။

ထိုလူသည် အားခနဲအော်ပြီး လွင့်စဉ်ထွက်သွား၏။

ထို့နောက် သူသည် တိုက်ပွဲတွင်း ခုန်ဝင်လာတော့၏။

ဝမ်ချိုင်းသည် ရန်သူတစ်ဦးနှင့် ရင်ဆိုင်လိုက်၏။

"ချွမ်း...."

"ချွမ်း...."

ဓားချင်း ထိခိုက်သွားသောအခါ မီးပွင့်သွား၏။

ထိုစဉ်....

"ဝုန်း...."

"အား...."

ဆရာကြီးချူချန်းသည် လက်ဝါးဖြင့် တစ်ချက်ရိုက်လိုက်ရာ ချူမားသည် လွင့်စဉ်ထွက်သွားသည်။

စကြာဂိုဏ်းချုပ်ကြီး၏ ကိုယ်ရံတော်ချူမားသည် လွင့်စဉ်သွားရာမှ ပြန်ထလာ၏။

သို့သော် သူသည် ချူချန်းအား ပြန်မတိုက်တော့ဘဲ ထွက်ပြေးသွားတော့၏။

ရှေ့ဆောင်နွားလား ဖြောင့်ဖြောင့်သွားသော် နောက်နွားတစ်သိုက် ဖြောင့်ဖြောင့်လိုက်၏။

ရှေ့ဆောင်နွားလား ကောက်ကောက်သွားသော် နောက်နွားတစ်သိုက် ကောက်ကောက်လိုက်၏။

ထိုနည်းတူပင် ခေါင်းဆောင်ချူမား ထွက်ပြေးသွားသော်

www.burmeseclassic.com

www.burmeseclassic.com



သူလူများမှာ အဘယ်မှာလျှင် ရင်ဆိုင်တိုက်ဝံ့ပါတော့မည်နည်း။

သူတို့သည် ခြေဦးတည့်ရာ ပြေးကြတော့၏။ စောစောက ဝမ်ချိုင်းကန်လိုက်သူပင် မပြေးနိုင်ပြေးနိုင်ဖြင့် ပြေးထွက်သွားလေ၏။

တိုက်ပွဲကား ပြီးဆုံးသွားလေပြီ။

"ဆရာကြီး သူတို့က ဘယ်သူတွေလဲ"

ဝမ်ချိုင်းသည် ချူမားကို မမြင်လိုက်ပေ။

ဆရာကြီးချူချန်း ပြုံးလိုက်၏။

"အင်း... ကျုပ် က်ဆိုးတယ်လို့ဆိုရမှာပဲ"

"ဗျာ...."

"မင်း မသိဘူးလား... သူတို့ဟာ ကြောင်ဂိုဏ်းသားတွေလေ"

"ဗြော်... ဟုတ်လား"

ဝမ်ချိုင်းက ထိုသို့ပြောနေစဉ် ဆရာကြီးချူချန်းသည် မြင်းပေါ်သို့တက်လိုက်၏။

မြင်းပေါ်မှ ချူချန်းကငုံ့ကြည့်၏။

"သူတို့က ကျုပ်ကို ခြသေ့ဂိုဏ်းချုပ်လို့ ထင်နေကြတာကလား... ဒါကြောင့်မို့ ကျုပ်ကို အသေအလဲ ဝင်တိုက်ကြတာပေါ့"

ဆရာကြီးချူချန်းသည် ပြုံး၍ပြောပြီး ထွက်ခွာသွား၏။

ဝမ်ချိုင်းသည် ဆရာကြီးချူချန်းအား ကျောက်ရုပ်ကဲ့သို့ငေးမောကြည့်ရင်း ကျန်ရစ်ခဲ့၏။



သူသည် စိတ်ထဲမှ မေးလိုက်လေ၏။

"သူတို့ကတော့ ခြသေ့ဂိုဏ်းချုပ်ကြီးထင်ပြီး လူမှားတိုက်နိုက်ကြတာပါလို့ ပြောသွားတယ်... ဆရာကြီးကကော ဟုတ်များဟုတ်နေသလားဗျာ"

ရွှေမင်းသား စားသောက်ဆိုင်....။

ဟိုနန်းမြို့၏အညံ့ဆုံးစားသောက်ဆိုင်ပင် ဖြစ်တော့၏။

စားသောက်သူ ကျိုးတိုးကျဲတဲမျှသာ ရှိပါ၏။

အညံ့ဆုံးစားသောက်ဆိုင်ဖြစ်၍ အစားကောင်းအသောက်ကောင်းကြိုက်သူများ မည်သူမျှ မလာကြပါ။

ရွှေမင်းသားစားသောက်ဆိုင်ပိုင်ရှင်သည် ငွေပေါ်၍ပဲ ဖွင့်လှစ်ထားလေသလား သို့မဟုတ် အပျင်းပြေသဘောပင် ဖွင့်ထားလေသလဲ့ား မပြောတတ်ပါ။

မည်မျှစားသောက်သူ မရှိရှိ ရွှေမင်းသားစားသောက်ဆိုင်ကား နှစ်ကြာရှည်စွာ ရှိခဲ့သည့်ဆိုင်ဖြစ်ပါ၏။

ရွှေမင်းသားစားသောက်ဆိုင်နှင့်အတူ ရွှေမင်းသားတည်းခိုရိပ်သာပါ တွဲဖက်ဖွင့်လှစ်ထား၏။

ရွှေမင်းသားစားသောက်ဆိုင်နှင့်တည်းခိုရိပ်သာ၌ စား

www.burmeseclassic.com

www.burmeseclassic.com



သောက်သူနှင့် ထည်းခိုသူများ နည်းပါးရသည့် အကြောင်းမှာ အောက်ပါအချက်အလက်များကြောင့် ဖြစ်သည်ဟု ဆိုရပေမည်။

ရွှေမင်းသားစားသောက်ဆိုင်မှာ မြို့အစွန်နားတွင် တည်ရှိပြီး လူအသွားအလာကျဲလှသောလမ်းတွင် ရှိနေခြင်း၊ ဟင်းလျာချက်ပြုတ်သူ စားဖိုးမှူး ညံ့ဖျင်းခြင်းတို့ကြောင့် ဖြစ်ပါ၏။

တစ်ကြိမ်လာရောက်စားသောက်ပြီးသူများသည် ညံ့ဖျင်းသောအစားအသောက်များကို အရသာခံစားဖူးသွားပြီဖြစ်၍ နောက်တစ်ကြိမ် လာရောက်ရန် မည်သို့မျှ မကြိုးစားကြတော့ချေ။

ထို့ကြောင့် ရွှေမင်းသားစားသောက်ဆိုင်မှာ နာမည်လှပသော်လည်း တစ်နေ့လုံး နေ၍မှ လူဆယ့်လေးငါးယောက်ထက် ပို၍ မလာကြပေ။

ယခု ထိုဆယ့်လေးငါးယောက်ထဲတွင် ဝမ်ချိုင်းတစ်ယောက်လည်း အပါအဝင်ဖြစ်နေ၏။

ဝမ်ချိုင်း ဤဆိုင်သို့ရောက်လာခြင်းမှာ အစားအသောက်ကောင်းအတွက် ကောင်းကောင်းစားသောက်ချင်၍ မဟုတ်ပါ။

သူ၏ရဲဘော်ရဲဘက် နံပါတ်သုံးကိုတွေ့လို၍ ဖြစ်ပါ၏။

သူတို့ခြသေ့ဂိုဏ်းသား ရဲဘော်ရဲဘက်များ တစ်ဦးနှင့်တစ်ဦး တွေ့ဆုံလိုလျှင် သူတို့အချင်းချင်းသာသိရှိသည့် သတ်မှတ်ထားသော နေရာများရှိသည်။

နံပါတ်သုံးသည် အမြဲတမ်းလိုလို ရွှေမင်းသား၌ ရှိနေတတ်



သောကြောင့် ဝမ်ချိုင်း ဤနေရာသို့ ရောက်ရှိခဲ့ခြင်း ဖြစ်၏။

ဝမ်ချိုင်း ရောက်ရှိလာပြီး ဆိုင်ထဲသို့ ဟိုဟိုဒီဒီ ကြည့်၏။

ဆိုင်မှာ လူရှင်းလွန်းလှသဖြင့် သူ့ကို ထင်းခနဲတွေ့မြင်ရပါ၏။

ဝမ်ချိုင်းရောက်ရှိလာချိန်တွင် နံပါတ်သုံးသည် အရက်ထိုင်သောက်နေလေ၏။

ညနေစောင်းကတည်းက သောက်နေသည်မှာ မိုးချုပ်သည်အထိ သူသောက်နေ၏။ နေရာမှ လုံးဝမထသေးပေ။

ဝမ်ချိုင်းသည် နံပါတ်သုံး၏စားပွဲ၌ ဝင်ထိုင်လိုက်၏။

ထို့နောက် စားသောက်သည့်ခန်းမကို လှည့်ပတ်ကြည့်ရှုလိုက်သည်။ အလွန်ရှင်းလင်းနေသည်။

ပျင်းစရာကောင်းလောက်အောင် လူရှင်းနေသည်။

ခပ်လှမ်းလှမ်းရှိ စားပွဲတစ်လုံး၌ ညစာစားနေသည့် လင်မယားနှစ်ယောက်က လွဲ၍ အခြားမည်သူမျှ မရှိပေ။

ချက်ပြုတ်ခန်းထဲတွင် မီးခိုးတတ်နေသကဲ့သို့ စားပွဲတွင်ထိုင်နေသောစာရေးမှာလည်း အိပ်ငိုက်နေသည်။

"ကြာဟို... ဘာထူးသလဲ"

နံပါတ်သုံး၏အမည်မှာ ကြာဟိုဖြစ်သည်။

ကြာဟိုသည် ခေါင်းယမ်းပြလေသည်။

"နံပါတ်ငါးဟာ ခါတိုင်း ဒီမှာ အမြဲရှိတယ်မဟုတ်လား

www.burmeseclassic.com

www.burmeseclassic.com



ဝမ်ချိုင်းက ထပ်မေးသည်။

ကြာဟိုက ခေါင်းညိတ်သည်။

"ဟုတ်တယ်... သူ ဒီကိုလာနေကျပဲ၊ သူ့အိမ်ကို သွားမေးတော့လဲ မနက်ကတည်းက ထွက်သွားတယ်လို့ပြောတယ်၊ ဒီဆိုင်ကို မေးကြည့်တော့လဲ မကြာခင်ကမှ အရက်လာသောက်သွားသေးတယ်လို့ ပြောတယ်"

ဝမ်ချိုင်းက ပြုံးလိုက်သည်။

"ဟာ... ဒါဆို ဒီကောင်တစ်နေရာရာမှာ မူးလဲနေပြီနဲ့တူတယ်၊ အရက်ကို ဒီလောက်တော့ မသောက်သင့်ဘူး"

နံပါတ်ငါး၏အမည်မှာ ဝမ်စိန်းဖြစ်သည်။ သူသည် သိုင်းပညာကောင်းသလောက် အရက်အလွန်ကြိုက်သူဖြစ်သည်။

အလွန်စိတ်ကောင်းရှိသူဖြစ်သော်လည်း အရက်မူးလာလျှင် အနည်းငယ် သွေးဆိုးချင်ပေသည်။

ကြာဟိုသည် ဝမ်ချိုင်းကိုကြည့်လိုက်၏။

"ကဲပါ... ဝမ်စိန်းကိစ္စကို အသာထားပါဦး၊ မင်း ငါ့ဆီလာတာ တခြားဘာကြောင်းထူးရှိသေးသလဲ"

ဝမ်ချိုင်းက ခေါင်းညိတ်လိုက်၏။

"အေး... မင်းနဲ့ကိစ္စတစ်ခု တိုင်ပင်ချင်တယ်"

"ပြော... ငါ နားထောင်မယ်၊ မနက်က ဆွေးနွေးပွဲမှာ ဂိုဏ်းချုပ်ကြီးကို မင်းပြောတဲ့ကိစ္စနဲ့တူတယ်၊ ဟန်ကြူးမြို့ကို သွားချင်



တယ်ဆိုတာလေ"

"အေး... အဲဒီကိစ္စပဲကွ၊ ငါသွားရင် အခြေအနေက တစ်မျိုးဖြစ်သွားမှာစိုးလို့ မင်းဆီက အကူအညီတောင်းတာပါ၊ ကိစ္စကတော့ တခြားမဟုတ်ပါဘူး"

ဝမ်ချိုင်းသည် ဤသို့အစချီပြီး သူစကြာဂိုဏ်းသို့ရောက်ရှိခဲ့သည်ကို ပြောပြသည်။

မိန်းကလေးကိုတွေ့ပုံ... စာရပုံတို့ကိုပြောပြကာ မိန်းကလေးအား နိုးထုတ်ခေါ်ဆောင်လာရန်ကို ပြောလိုက်သည်။

ထိုမိန်းကလေး၏ အမည်ကိုတော့ သူမသိကြောင်းပြောသည်။

သို့သော် မိန်းကလေး၏ပုံသဏ္ဌာန်ကိုတော့ တိတိကျကျပြောပြနိုင်သည်။

နံပါတ်သုံးကြာဟိုက ပြုံးလိုက်၏။

"ဒီကိစ္စများကွာ... ငှက်ပျောသီး အခွံနွှာစားရတာကမှ ခက်ဦးမယ်... မပူနဲ့ဒီမိန်းကလေးကို မနက်ဖြန်ကျရင် ရောက်နေစေရမယ်"

ကြာဟို၏စကားကို ကြားသောအခါ ဝမ်ချိုင်း အားတက်သွားသည်။

"မင်းတို့ထဲက ရဲဘော်တစ်ယောက်နှစ်ယောက်ကိုတော့ ခေါ်သွားသင့်တယ်၊ ဂိုဏ်းချုပ်ကြီး စကားအရပေါ့ကွာ"

www.burmeseclassic.com

www.burmeseclassic.com



ကြာပဟိုက ခေါင်းခါသည်။

"မလိုပါဘူးကွာ… အဲဒါက လူသိပါတယ်၊ လူများရင် လူသိတာပဲကွ… ဟန်ကြူးမှာ ငှါမိတ်ဆွေတွေ အများကြီးရှိပါတယ်၊ မင်းဘာမှ မပူနဲ့… ငါသွားလိုက်မယ်"

ကြာပဟိုသည် အရက်ကိုမော့သောက်ပြီး ရွှေမင်းသား စားသောက်ဆိုင်ထဲမှ ပြေးထွက်သွားတော့သည်။

BURMESE CLASSIC .com

## အခန်း(ဂ)

### သေချာသွားသောတရားခံ

နံပါတ်သုံး ကြာပဟိုသည် ဝမ်ချိုင်းထက် လေးနှစ်ခန့် ငယ်သည်။

သို့သော် အသိဉာဏ်ရင့်သန်၍ တွေးတောကြံစည်တတ်သည်။ အတွေးအခေါ် အမြော်အမြင်ရှိသည်။

ဖျတ်လတ်သွက်လက်၍ အလုပ်တစ်ခုကို အချိန်မဆွဲဘဲ အမြန်ဆုံးပြုလုပ်တတ်သည်။

သူ အချိန်မဆွဲဘဲ အလုပ်လုပ်တတ်သည်ကို ဤပုံကိုကြည့်၍ သိနိုင်သည်။

ယခုပင်လျှင် စားသောက်ဆိုင်ထဲမှ ပြေးထွက်သွားပြီ မဟုတ်ပါလော။

ထွက်သွားသည့်အချိန်ကို ကြည့်ပါဦး… ညမိုးချုပ်ကြီး ရှိပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်ချိုင်းသည် စားပွဲထိုးကိုခေါ်ပြီး ညစာကို မှာကြားသည်။

စားပွဲထိုးလာချပေးသောညစာကို စားလိုက်သည်။

အရသာခံပြီး စားသောက်ရန်မလိုပါ။ ဗိုက်ပြည့်ဖို့သာ လိုရင်းဖြစ်သည်။

သူသည် စားသောက်ပြီး ဘာရယ်မဟုတ်ဘဲ တည်းခိုဆောင်များဘက်သို့ ကြည့်လိုက်မိလေ၏။

ထိုအခါ အခန်းတစ်ခန်းဆီမှ လူတစ်ယောက်သည် သုတ်ခနဲထွက်သွားသည်ကို တွေ့ရှိလိုက်ရသည်။

ထိုလူကို သူအဘယ့်ကြောင့် သိပြုမိပါသနည်း။

BURMESE CLASSIC .com

အဘယ့်ကြောင့်ဆိုသော် ထိုလူသည် ရိုးရိုးတံခါးမှမထွက်ဘဲ ပြတင်းပေါက်မှတစ်ဆင့် ခုန်ဆင်းပြေးသွားသောကြောင့်ပေတည်း။

ထိုလူ၏မျက်နှာကို တွေ့လိုက်ရသော ဝမ်ချိုင်းမှာ အကြီးအကျယ် တုန်လှုပ်ချောက်ချားသွားသည်။

မျက်လုံးပြူးသွားသည်။ တစ်ကိုယ်လုံး တုန်လှုပ်သွားသည်။

ရိပ်ခနဲတွေ့လိုက်ရသော ထိုလူ၏မျက်နှာသည် လုံကျန်ပေဝါး ဖြစ်နေသောကြောင့်ပေတည်း။

ဝမ်ချိုင်းမှာ စိတ်အတော် လှုပ်ရှားသွားသည်။

ကြာဟိုနှင့် လိုက်မသွားမိသည်ကို သူကျေးဇူးတင်မိသည်။

ကြာဟိုနှင့်လိုက်ပါက လုံကျန်ပေဝါးကို သူမြင်ရတော့မည်မဟုတ်ချေ။



သူသည် ဆိုင်စာရေးထံသို့သွားပြီး အလောတကြီး မေးလိုက်သည်။

"ဒီမှာ သူငယ်ချင်း... မင်းတို့ရဲ့တည်းခိုခန်းမှာ တည်းခိုနေတဲ့ စည့်သည်ရှိလား"

ဆိုင်စာရေးသည် သူ၏စာအုပ်ကိုပြန်လှန်လေ၏။

"တည်းခိုတဲ့လူဆိုလို့ ဟောဒီမှာနှစ်ယောက်ပဲ ရှိတယ်ဗျ။ အခန်းနံပါတ်လေးကို ယူထားတယ်... သူတို့ယူထားတာ နှစ်ယောက်ခန်းဗျ"

ဆိုင်စာရေးက စာအုပ်ကိုထောက်ပြရင်း ပြောသည်။

ဝမ်ချိုင်းက....

"သူတို့နာမည်တွေက ဘယ်သူလဲ"

"ကောင်းယိနဲ့ ကွင်းပုရိတဲ့ဗျ'

"ဟာ...."

ဝမ်ချိုင်းမှာ ပါးစပ်အဟောင်းသားဖြစ်သွားလေ၏။

ကောင်းယိနှင့်ကွင်းပုရိသည် ဂိုဏ်းချုပ်ကြီးပြောခဲ့သည့် စဂိုဏ်းသားများပင် မဟုတ်ပါလော။

ရွှေမင်းသားတည်းခိုခန်းသည် အလွန်လူရှင်းသည့် တည်းခိုခန်းဖြစ်သည်။

သူကိုလာတည်းခိုနေသည်ကို မည်သူမျှ မရိပ်မိကြတော့ ပိုင်လိုက်သည့်ဖြစ်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com



"လက်စသတ်တော့ သူတို့က ဒီတည်းခိုခန်းမှာ တိတ်တဆိတ် လာတည်းနေတာကိုး။ သူတို့ ဒီမှာတည်းခိုမယ်လို့ ဘယ်သူမှ ထင်ကြမှ မဟုတ်ဘူး"

ဝမ်ချိုင်း တီးတိုးရေရွတ်လိုက်သည်။

သူသည် တည်းခိုခန်းများဆီသို့ မော့ကြည့်လိုက်ပြီး....

"ဟုတ်ပြီ... လုံကျန်ပေဝါးဟာ ကောင်းယိနဲ့ကွင်းပုရိထံလာတာပဲ ဖြစ်ရမယ်၊ ကိစ္စတစ်ခုကို ညွှန်ကြားတာပဲ ဖြစ်ရမယ်"

သူက တွေးရင်း လျှောက်လာ၏။ သူက အခန်းများဆီသို့ လျှောက်လာ၏။

ကောင်းယိနှင့်ကွင်းပုရိတို့၏မျက်နှာများကို တစေ့တစေင်း အကဲခတ်လေ့လာရန် ဖြစ်သည်။

အခန်းနံပါလေး....။

ဆိုင်စာရေးက ပြောလိုက်သည့်အခန်း....။

ဝမ်ချိုင်းသည် အခန်းနံပါတ်လေးရှေ့သို့ ရောက်လာလေသည်။

အခန်းထဲတွင် မီးအိမ်ထွန်းထားကြောင်း ဝမ်ချိုင်းတွေ့ရှိရသည်။

ဝမ်ချိုင်းက အခန်းထဲသို့ တစ်ချက်အကဲခတ်လိုက်၏။

မည်သူမျှရှိမနေဟု ထင်သဖြင့် အခန်းတံခါးနားကပ်ပြီး နားထောင်သည်။



အခန်းနံပါတ်လေး၌ မည်သူမျှ ရှိမနေပါ။ ထိုအခန်းနံပါတ်လေး၌သာမက အခြားအခန်းများ၌လည်း မည်သူမျှ ရှိမနေပါ။

ဝမ်ချိုင်း စဉ်းစားသည်။ ခြသေ့်ဂိုဏ်းသားဆို၍ သူတို့သည် မိမိတစ်ယောက်တည်းကိုသာ သိကြသည်။

မိမိကို ကောင်းယိနှင့်ကွင်းပုရိတို့ ဖတွေ့မြင်သွားပြီး ပုန်းအောင်းနေခြင်းများလော သို့မဟုတ် သူတို့အပြင်သွားနေခြင်းများလော။

ဝမ်ချိုင်းက သတိထားပြီး တစ်ခန်းပြီးတစ်ခန်း စေ့အောင် လျှောက်ကြည့်သည်။

အတော့်ကို စည်စည်ကားကားရှိသည့် ရွှေမင်းသားတည်းခိုရိပ်သာပင်။

တည်းခိုသည့်သက်ရှိလူသတ္တဝါဟူ၍ တစ်ယောက်မျှမရှိ။ သရဲခြောက်မှာပင် ကြောက်ရသည်။

လုံကျန်ပေဝါးသည် ဤနေရာသို့ ဘာကိစ္စနှင့်လာသနည်း။ အဘယ်ကြောင့် ပြတင်းပေါက်မှ ခုန်ချပြေးရသနည်း။

ဝမ်ချိုင်းက လုံကျန်ပေဝါးခုန်ဆင်းသည့် ပြတင်းပေါက်မှ ခုန်ဆင်းလိုက်သည်။

သတိကြီးစွာထား၍ နောက်ဖေးလမ်းကြားအတိုင်း ဆက်၍ လျှောက်သွားလေ၏။

လမ်းကြားကလေး၏ ဝဲယာတစ်ဘက်တစ်ချက်တွင် ၄င်း

www.burmeseclassic.com

www.burmeseclassic.com



ပျောပင်ရှိနေသည်ကို တွေ့ရသည်။

လဆန်းရက် လသာနေသောကြောင့်လမ်းကို ထင်ရှားစွာ တွေ့ရသည်။

လှိုကျန်ပေဝါးသည် ဤလမ်းအတိုင်း သွားပေလိမ့်မည်။ ယိုစဉ် ဝမ်ချိုင်းက တစ်စုံတစ်ရာကိုမြင်ရသဖြင့် အံ့အားသ သွား၏။

လူတစ်ယောက်....။

လဲကျနေသော လူတစ်ယောက်....။

ထိုလူသည် ငှက်ပျောပင်များကြား၌ လဲကျနေသည်။

ဝမ်ချိုင်းက သိလိုစောနှင့်ထိုလူအနီးသို့ လျှင်မြန်စွာ ချဉ်းကပ်သွား၏။

ဝမ်ချိုင်း မျက်လုံးများ ပြူးသွား၏။ ထိုလူလဲကျနေခြင်း မဟုတ်ပေ။ သွေးအလူးလူးဖြင့် သေဆုံးနေခြင်းဖြစ်၏။

ဝမ်ချိုင်းက ထိုလူကိုသေချာစွာမြင်နိုင်ရန် လရောင်ရှိရာသို့ ဆွဲလှန်လိုက်၏။

ဝမ်ချိုင်းတစ်ကိုယ်လုံး တောင့်တင်းသွားတော့သည်။

အဘယ့်ကြောင့်ဆိုသော် ဓားဒဏ်ရာများဖြင့် သေဆုံးနေ သူမှာ နံပါတ်ငါး ခြသေ့ဂိုဏ်းသားဖြစ်နေသောကြောင့်တည်း။

ပန်းရန်စားသောက်ဆိုင်ကတော့ ပန်းပန်လျက်ပင်....။

သူ၏စည်ကားလှသောလူများကို သူသည် ထိန်းသိမ်းထားနိုင်၏။ လူများကလည်း စားသောက်နေကြသည်။

ဝမ်ချိုင်းက ပင်ပန်းနွမ်းနယ်စွာ စားပွဲတစ်လုံး၌ ထိုင်ချလိုက်သည်။

သူက နှစ်နာရီနီးပါး စိတ်ပင်ပန်းလူပင်ပန်းဖြင့် လှုပ်ရှားပြေးလွှားသွားပြီးမှ ခေတ္တအနားယူလိုက်ရခြင်းဖြစ်သည်။

"ဟေ့... အရက်တစ်အိုးနဲ့ ဟင်းတချို့ ယူခဲ့စမ်း မြည်းဖို့ပေါ့ ကွာ"

သူက စားပွဲထိုးလူငယ်အား မှာကြားလိုက်၏။

သူသည် ယမန်နေ့ညက မအိပ်ခဲ့ရချေ။

ယနေ့ညလည်း အိပ်ရှုရတော့မည်မဟုတ်မှန်း သိလိုက်လေပြီ။

သူ မည်သည့်နည်းနှင့်မျှ အိပ်ရှုရတော့မည် မဟုတ်ပါ။

စောစောက နံပါတ်ငါး၏အလောင်းကိုတွေ့ပြီးသည်နှင့် လှိုကျန်ပေဝါးကို နေရာအနှံ့လိုက်ရှာသည်။

သူက လိုက်ရှာရင်း မိမိတို့၏ခြသေ့ဂိုဏ်းသားများကို တွေ့

www.burmeseclassic.com

www.burmeseclassic.com



ရသည်။

ထိုအခါ မိမိတို့၏ ဂိုဏ်းသားများကို အဝင်အထွက် လမ်းမကြီးများကို စောင့်ကြပ်နိုင်းသည်။

အချို့ကိုစားသောက်ဆိုင်များနှင့် တည်းခိုခန်းများသို့ လိုက်ရှာနိုင်းသည်။

ထို့ပြင် သူတို့အား သတိဝီရိယထားရန်လည်း မှာကြားရသည်။

မိမိတို့အား သတ်ဖြတ်ရန် စကြာဂိုဏ်းသားများ ရောက်ရှိနေပြီဖြစ်ကြောင်း သတိပေးရသည်။

သကြားခဲရောင်းသူ နံပါတ်တစ်ဆယ်အား သူ၏အခြားမိတ်ဆွေများကိုခေါ်လျက် သေဆုံးသွားသော နံပါတ်ငါး၏အလောင်းကို မြေမြှုပ်သင်္ဂြိုလ်ပေးရန် တာဝန်ပေးရသည်။

နံပါတ်တစ်ဆယ်က ခေါင်းညိတ်၏။

ထိုကိစ္စများ စီမံခန့်ခွဲပြီးသောအခါ ဝမ်းချိုင်းမှာ အတော်စိတ်မောလူမော ဖြစ်သွားပေပြီ။

"ငါ မနေ့ညကလဲ မအိပ်ရသေးဘူး… ဒီနေ့လဲ အိပ်ရမယ့်ပုံမပေါ်ဘူး… အခုလဲ တော်တော်ပင်ပန်းနေပြီ၊ ငါ အနားယူရမယ်"

ဤသို့စဉ်းစားပြီးနောက် သူက ပန်းရနံ့စားသောက်ဆိုင်အတွင်း ဝင်ထိုင်ခြင်းဖြစ်တော့သည်။

စားပွဲထိုးအား အရက်နှင့်ဟင်းလျာအချို့မှာလိုက်ခြင်း ဖြစ်



၏။ သူက အဖြစ်အပျက်ကို ပြန်လှန်တွေးတောနေလေ၏။

လုံကျန်ပေဝါးသည် ရွှေမင်းသားတည်းခိုခန်းသို့ လာရခြင်းအကြောင်းရင်းကို တွေးနေရသည်။

သူက ကောင်းယိနှင့်ကွင်းပုရိကို တစ်စုံတစ်ရာညွှန်ကြားရန်လာလေသလော။

ကောင်းယိနှင့်ကွင်းပုရိမရှိသဖြင့် ပြတင်းပေါက်မှ ခုန်ချထွက်သွားလေသလော။

သူသည် ယခင်ကတည်းက လုံကျန်ပေဝါးအပေါ် သံသယရှိခဲ့သူဖြစ်ရာ ယခုလိုဖြစ်သောအခါ နံပါတ်ငါးကို သူသတ်သူအဖြစ်သံသယရှိသွားတော့၏။

"နံပါတ်ငါးကို လုံကျန်ပေဝါးသတ်တာပဲ ဖြစ်ရမယ်"

သူသည် ဤသို့ဆုံးဖြတ်ချက် ချလိုက်လေတော့၏။

သူသည် ကောင်းယိနှင့်ကွင်းပုရိတို့ကို အသိပေးရန်အလာ မိမိကိုတွေ့ပြီး ပြတင်းပေါက်မှ ခုန်ထွက်ပြေးခြင်းဖြစ်ရမည်ဟု တစ်ထစ်ချ ယုံကြည်မိတော့သည်။

တစ်ဆက်တည်း တွေးသည်။

လုံထန်ဂေဟာ၌ ကွေအော်ရှောင်နှင့်ချန်ဆန်းကို သတ်သွားသူမှာလည်း လုံကျန်ပေဝါးဖြစ်ရပေမည်။

သူသည် ထိုနေ့မှစ၍ ဟိုနန်းမြို့ထဲမှ ထွက်ခွာသွားပုံမရချေ။

လုံကျန်ပေဝါးသည် ဤမြို့ထဲ၌သာ ရှိပေမည်။

www.burmeseclassic.com

www.burmeseclassic.com



သူမှာကြားသွားသော အရက်များနှင့်စားစရာများလည်းရောက်ရှိလာပြီး သူသည် အရက်ပြင်းပြင်းကိုနှစ်ခွက်ဆင့်၍ သောက်လိုက်၏။ အသားကြော်ကိုလည်း စားလိုက်သည်။

သူသည် သူ့ရဲဘော်များအား 'ပန်းရနံ့'စားသောက်ဆိုင်သို့ လာရောက်ဆက်သွယ်ရန် မှာကြားထားသည်။

လုံကျန်ပေဝါးအားတွေ့ရှိလျှင် သူ့ထံသို့ လာရောက်ပြောရန် အားလုံးကိုမှာထားသည်။

သူသည် လမ်းဆုံလမ်းခွများကို ကြည့်ရှု၏။

သူ့အား ဆက်သွယ်သူများ လာမည်လားဟူ၍ မည်သူမှ မလာကြချေ။

ဝမ်ချိုင်း၏စိတ်ထဲတွင် မချင့်မရဲကြီးဖြစ်နေသည်။

သူတို့သည် လုံကျန်ပေဝါးကိုလည်း မတွေ့၊ စကြာဂိုဏ်းများကိုလည်း မတွေ့ဖြစ်နေသည် မဟုတ်ပါလော။

နံပါတ်ငါးကား ကြားချောင်သေသွားရလေပြီ။

နံပါတ်ငါးအတွက် စိတ်မကောင်းရုံမှအပ ဘာမျှမတတ်နိုင်တော့ချေ။

စကြာဂိုဏ်းသားများသည် မိမိတို့အား တစ်ယောက်ချင်းအမည့်ခြေ ခြေနေတော့မည်မှာ သေချာနေသည်။

စကြာဂိုဏ်းသားများနှင့် လုံကျန်ပေဝါးတို့သည် ယခုအခါခြသေ့ဂိုဏ်း၏ ရန်သူတော်များ ဖြစ်နေပေပြီ။



ပန်းရနံ့စားသောက်ဆိုင်တွင် ယခင်အချိန်များလောက် လူမစည်ကားလှပေ။

ယခုလည်း လူရှင်းလာလေပြီ။ ညဉ့်နက်လာပြီ မဟုတ်ပါလား။

ဝမ်ချိုင်းမှာ ချန်ဆန်းအတွက်လည်း စိတ်မကောင်းဖြစ်နေသည်။

လူရိုးလူကောင်း မောင်နှမနှစ်ယောက်၏ အသက်ကိုကယ်တင်နိုင်ခဲ့သော်လည်း ဒုတိယအကြိမ်တွင် ချန်ဆန်း၏အသက်ကို မကယ်တင်နိုင်ခဲ့တော့ချေ။

သူသာ ဟန်ကြူးမြို့က အချိန်မီပြန်ရောက်ခဲ့လျှင် ချန်ဆန်းဤသို့အဖြစ်မျိုး ကြုံရမည်မဟုတ်ချေ။

ယခုတော့ သတ္တိဝါတစ်ခု ကံတစ်ခုသာ သဘောထားရပေတော့မည်။

ထိုအချိန်တွင်....

"ရှဲ...."

လေချွန်သံတစ်ချက်သည် ရုံးရှစ္စာ ပေါ်လာ၏။

ဝမ်ချိုင်းသည် စားသောက်သူများကို အကဲခတ်ကြည့်လိုက်၏။ မည်သူကမျှ ထိုလေချွန်သံကို ဂရုပြုပုံမရကြချေ။

ဝမ်ချိုင်းသည် သူ၏ကျသင့်ငွေများကို ပေးချေလိုက်၏။

သူသည် ဆိုင်ထဲမှ မယောင်မလည် ထွက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အား မည်သူဂရုစိုက်နေသနည်းဟူသည်ကိုတော့ သူမ လွတ်တမ်း အကဲခတ်သည်။

သူထွက်လာသည်အထိတော့ သူ့အား မည်သူမျှ ဂရုမစိုက်ကြချေ။

ထိုလေချွန်သံသည် သူ၏ရဲဘော်တစ်ဦးက အချက်ပေးခေါ်လိုက်သည့် လေချွန်သံဖြစ်နေတော့သည်။

လရောင်ကလည်း အေးမြစွာ ပက်ဖျန်းလျက်ရှိသည်။

ဝမ်ချိုင်းသည် လေချွန်သံကြားရာသို့ထွက်လာလေ၏။

သစ်ပင်ကြီးတစ်ပင်အောက်ရောက်တော့ ရပ်တန့်လိုက်သည်။

"အဟမ်း... အဟမ်း"

ဝမ်ချိုင်းက ချောင်းနှစ်ချက် ဟန့်လိုက်၏။

သစ်ပင်အကွယ်မှ....

"အဟမ်း... အဟမ်း... အဟမ်း... အဟမ်း"

ချောင်းဆိုးသံလေးချက် ထွက်ပေါ်လာသည်။

ဤသည်မှာ ဝမ်ချိုင်း၏ အချက်ပြဆက်သွယ်မှုပင်တည်း။

ဝမ်ချိုင်းသည် သူ့လူမှန်းသေချာသွားသည်နှင့် ပင်စည်အနီး သို့ကပ်လိုက်သည်။

"ဘာထူးခြားသေးသလဲ တက်လုစိန်း"

ဝမ်ချိုင်းက လေသံကလေးဖြင့် မေးလိုက်၏။



တက်လုစိန်းမှာ ခြသေ့်ဂိုဏ်းသား နံပါတ်ခြောက်ဖြစ်သည်။

တက်လုစိန်းသည် ပင်စည်အကွယ်မှ ထွက်လာ၏။

"နံပါတ်ခုနစ် လုမန်း... ကျုပ်ကိုသတင်းလာပေးတယ်"

"အင်း... ပြောပါ"

"အနောက်ဘက်က အိမ်တစ်လုံးမှာ လူလေးယောက်လာပုန်းအောင်းနေတယ်လို့ ပြောတယ်"

ဝမ်ချိုင်းက....

"စကြာဂိုဏ်းသားတွေလား"

"သူတို့ပဲဖြစ်ရမယ်လို့ လုမန်းကပြောတယ်"

"အခု... လုမန်း ဘယ်မှာလဲ"

"အဲဒီအိမ်ကို စောင့်ကြည့်နေတယ်... သူတစ်ယောက်တည်း ဝင်တိုက်မလို့ လုပ်နေတာ ကျုပ်က တားထားလို့ ဝင်မတိုက်တာ... သူတို့က လူများတယ်မဟုတ်လား"

ဝမ်ချိုင်းက ခေါင်းညိတ်လိုက်၏။

"ကဲ... အဲဒီအိမ်ကိုသွားကြမယ်"

ဝမ်ချိုင်းနှင့်တက်လုစိန်းတို့သည် လုမန်းစောင့်ကြည့်နေသည့်အိမ်ကို သွားကြလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၉)

## စိန့်မခေါ်သောတိုက်ပွဲ

လက ထိန်ထိန်သာနေသည်။

ဟိုနန်းမြို့ပေါ်ရှိ အိမ်အသီးသီးမှာလည်း အိပ်မောကျနေပြီ ဖြစ်သည်။

ဟိုနန်းမြို့အနောက်ဘက်တွင် လမ်းခွဆုံတစ်ခုရှိ၏။

ထိုလမ်းခွဆုံကို အနောက်တာဆုံဟုခေါ်သည်။

ထိုနေရာမှာ လူနေအိမ်ခြေ ကြဲလှသည်။ အချို့နေရာများတွင် တောများ ဖုံးလွှမ်းနေသည်။

ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းကိုလွန်သောအခါ လူမနေသည့် အိမ်ကြီးတစ်ဆောင်သို့ ရောက်ရှိလာလေသည်။

ဝမ်ချိုင်းနှင့်တက်လုစိန်းတို့သည် မှောင်ရိပ်ကျသော သစ်ပင်ကြီးများအောက်သို့ ပြေးဝင်သွားကြသည်။

သူတို့အား အိမ်ထဲမှလူများ သတိမပြုမိစေရန်ဖြစ်၏။



သူတို့သည် သစ်ပင်ကြီးတစ်ပင်၏ ပင်စည်တွင်ကပ်ပြီး ထိုအိမ်ကိုလှမ်းကြည့်လိုက်၏။

သူတို့အိမ်ကြီးသို့ လှမ်းကြည့်နေချိန်တွင် အနက်ရောင်ဝတ်စုံဝတ်ဆင်ထားသည့်လူတစ်ယောက်သည် သူတို့အနီးသို့ ရောက်ရှိလာလေ၏။

ထိုလူမှာ နံပါတ်ခုနစ် လုမန်းဖြစ်လေသည်။

လုမန်းက ဝမ်ချိုင်းအားပြောပြသည်။

"အားလုံး ခြောက်ယောက်ဗျ... သူတို့သွေးနွေးနေကြတယ်... နှစ်ယောက်က စောစောက ပြန်ထွက်သွားတယ်၊ အိမ်ထဲမှာ လေးယောက်ကျန်ရစ်ခဲ့တယ်၊ သူတို့ ဒီညတော့ ထွက်မှာမဟုတ်ဘူးနဲ့တူတယ်ဗျ"

လုမန်းက ပြောပြနေသည်။

တက်လုစိန်းသည် ဝမ်ချိုင်း၏မျက်နှာကိုကြည့်လိုက်၏။

ဝမ်ချိုင်းသည် နံပါတ်တစ်ဖြစ်သည်။ ဝါရင့်ကိုကြီးသားဖြစ်၏။

သူ့အစီအစဉ်အဆုံးအဖြတ်ကို တက်လုစိန်းတို့ လိုက်နာရပေမည်။

ဝမ်ချိုင်းသည် အောက်နှုတ်ခမ်းကိုကိုက်၍ စဉ်းစားနေလေ၏။

သူသည် တက်လုစိန်းနှင့်လုမန်းတို့၏ လက်နက်များကို

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်သည်။

တက်လုစိန်းနှင့်လုမန်းတို့သည် ဓားရှည်များကို ကျောတွင် သိုင်းလွယ်ထားကြသည်။

သူတို့သိုင်းသမားများဖြစ်ကြောင်း နဖူးတွင် စာတန်းရေးထိုး ထားသကဲ့သို့ရှိနေ၏။

ဝမ်ချိုင်းသည် မည်သည့်လက်နက်မျှ မကိုင်ပေ။

သူတွင် လက်နက်မရှိသဖြင့် ရန်သူလေးယောက်ကို သုံး ယောက်နှင့် ရင်ဆိုင်ရမည်ကို မလွယ်မှန်းသိနေသည်။

တက်လုစိန်းသည် ဝမ်ချိုင်း၏အတွေးကိုသိသည်။

"ဝမ်ချိုင်း... ခင်ဗျား လက်နက်လိုချင်လို့လား... ကျုပ်ရဲ့ဓား ရှည်ကိုယူပေါ့၊ ကျုပ်မှာ ပေါက်ဓားငါးချောင်းပါသေးတယ်... ကျုပ် ပေါက်ဓားတွေပဲ ကိုင်ပါ့မယ်"

"ဟာ... ပေါက်ဓားက အလစ်သုံးတာ၊ နောက်ပြီး မင်းက ဓားရှည်အမြဲတမ်းကိုင်တဲ့ကောင်၊ ဓားရှည်ပဲကိုင်ပါ... ငါ့ကို မင်း ပေါက်ဓားသုံးချောင်းပေး၊ ဒါဆိုရင် ရပြီ"

တက်လုစိန်းသည် ပေါက်ဓားသုံးချောင်းကိုပေးလိုက်သည်။ ထို့နောက် သူတို့သည် လူဖြန့်လိုက်၏။

ဝမ်ချိုင်းက လက်မြောက်အချက်ပေးလိုက်သောအခါ သူတို့ သည် အိမ်ကြီးဆီသို့ ချဉ်းကပ်သွားကြလေတော့၏။

ခြေသံလုံလုံနင်း၍ အိမ်ကြီးဆီသို့ လျှောက်သွားပုံမှာ



ကြောင်များ အလားဖြစ်သည်။

အိမ်ကြီးများမှာ နှစ်ပေါင်းများစွာ ကြာပြီဖြစ်သော်လည်း အခိုင်အခန့်ဆောက်လုပ်ထားသော အိမ်ကြီးဖြစ်၍ သိပ်အပျက်အစီး မရှိသေးပါ။

ထိုအချိန်တွင် ဝမ်ချိုင်းသည် အိမ်ဘေးသို့ရောက်ရှိသွားလေ ပြီ။

တက်လုစိန်းက အိမ်အနောက်ဘက်သို့ ရောက်ရှိသွားပြီး လုမန်းက အိမ်ရှေ့သို့ရောက်ရှိသွားသည်။

ဝမ်ချိုင်းသည် ပြတင်းတံခါးမှ လွှားခနဲ ခုန်ဝင်လိုက်လေ သည်။

လရောင်သည် ပြတင်းပေါက်မှ တိုးဝင်နေသဖြင့် အိမ်ထဲ၌ လင်းလင်းချင်းချင်း မြင်နေရသည်။

မကြာမီ အိမ်ရှေ့မှဝင်ရောက်လာသော လုမန်းနှင့်တွေ့ရ သည်။

လုမန်းက မေးငေါ့သည်။

ဝမ်ချိုင်းသည် တစ်အိမ်လုံးကို ဝှေ့ယမ်းပြလိုက်၏။

တစ်အိမ်လုံးရှာဆိုသည့် သဘောပင်။

ထိုစဉ် အိမ်အနောက်ဘက်မှ တက်လာသော တက်လုစိန်း ကိုလည်း တွေ့ရသည်။

တက်လုစိန်း အလွန်အံ့သြနေသည်။

www.burmeseclassic.com

www.burmeseclassic.com

သူနောက်ဘက်မှ ဝင်လာသည်။ တစ်ယောက်မှမတွေ့။

ဝမ်ချိုင်းနှင့်လုမန်းတို့လည်း မတွေ့ကြောင်း သူသိသည်။ တစ်အိမ်လုံး ပကတိတိတ်ဆိတ်နေသည်။

တက်လုစိန်းက ဝမ်ချိုင်းအား ကြည့်လိုက်၏။

"ရန်သူ ဘယ်မှာလဲ"

ဟူသောအကြည့်ပင်။

ဝမ်ချိုင်းက လုမန်းအား လုပ်ပြလိုက်သကဲ့သို့လုပ်ပြလိုက်သည်။

သူတို့သည် တစ်ခန်းဝင် တစ်ခန်းထွက်ရှာရန် ဟန်ပြင်လိုက်ကြ၏။

"ကျား... ကျား..., ကျား"

အော်ဟစ်သံများသည် အိမ်အမိုးပွင့်သွားမတတ် ထွက်ပေါ်လာ၏။

အိမ်၏ထုပ်တန်းများပေါ်မှ ရန်သူများ ခုန်ချလာသည်။

ရန်သူလေးယောက်ပင်တည်း။ သူတို့သည် ဝမ်ချိုင်းတို့စောင့်ကြည့်နေသည်ကို ကြိုတင်သိရှိထား၏။

ထို့ကြောင့် ထုပ်တန်းများပေါ်၌ တက်နိုပြီးစောင့်နေကြခြင်းဖြစ်သည်။

"ချွမ်း...."

"ထန်း...."



"ထန်း...."

"ခလွမ်...."

ရန်သူလေးယောက်နှင့် ဝမ်ချိုင်းတို့သုံးယောက်မှာ ထိပ်တိုက်တွေ့ဆုံသွားကြပြီဖြစ်သည်။

ဓားများထိခိုက်ပြီး မီးပွင့်ထွက်သွားသည်။

တက်လုစိန်းနှင့်လုမန်းတို့မှာ ဓားရေးကျွမ်းကျင်သူများဖြစ်၍ တွေ့ရှိသည့်ရန်သူများကို မမှုကြပေ။ သူတို့သည် အင်နှင့်အားနှင့် တိုက်ခိုက်လေ၏။

အိမ်က ကြီးမားသည်ဆိုသော်လည်းတိုက်ခိုက်သူ ခုနစ်ယောက်အဖို့မူ အိမ်ကကျဉ်းသွားသည်။

လူခုနစ်ယောက်တိုက်ခိုက်ကြသောအခါ အိမ်ကြီးသည် အိမ်ကျဉ်းဖြစ်သွားတော့၏။

သူတို့တိုက်ခိုက်သောအခါ မည်သည့်လွတ်လပ်မှုမှ မရှိကြတော့ပေ။

လူအချင်းချင်း လုံထွေးနေသည်။ ထို့အပြင် အလင်းရောင်ကလည်း အားနည်းလှသည်။

ထို့ကြောင့် ဝမ်ချိုင်းသည် အပြင်သို့ခုန်ထွက်လိုက်၏။

လုမန်းလည်း အပြင်သို့ခုန်ထွက်လိုက်သည်။

တက်လုစိန်းသည်လည်း ပြတင်းပေါက်မှ တစ်ပတ်ကျွမ်းပစ်၍ ထွက်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် ရန်သူများကို အပြင်သို့မျှားခေါ်ထုတ်ခြင်းပေတည်း။ ရန်သူများကလည်း မနေကြပေ။

သူတို့က လူများသည် မဟုတ်ပါလား။

ဝမ်ချိုင်းတို့ကိုသုတ်သင်ပစ်နိုင်သည်ဟု သူတို့ကယူဆကြသည်။

သူတို့သည် အပြင်သို့ထွက်လာကြသည်။

"သြော်... လက်စသတ်တော့ ခင်ဗျားပဲကိုး"

"အို... မင်းကိုး"

ဝမ်ချိုင်းက ပြောလိုက်သောအခါ တစ်ဘက်လူက ပြန်ပြောလေသည်။

ဝမ်ချိုင်းပြောလိုက်ခြင်းမှာ သူ့ရှေ့သို့ဓားရှည်နှင့် အတူရောက်ရှိလာသူမှာ စကြာဂိုဏ်းချုပ်ကြီး ရှန်ကျန်း၏ညာလက်ရုံး ချူမားဖြစ်နေသောကြောင့်တည်း။

ချူမားကမူ ဝမ်ချိုင်းအား ခြသေ့ဂိုဏ်းသားအဖြစ် သိရှိနေသည်။ ထို့ကြောင့် 'မင်းကိုး' ဟုဆိုလိုက်ခြင်းဖြစ်သည်။

"ငါတို့ရောက်လာပြီ... မင်းတို့ခြသေ့ဂိုဏ်းကို အမြစ်ကမကျန်ဖြုတ်ပစ်ဖို့ ငါတို့လာခဲ့ကြတာပဲ၊ အခုတော့ ဟန်ကျနေပြီ... ဂိုဏ်းသားသုံးယောက်တော့ ရှင်းခွင့်ရပြီ"

"ဟား... ဟား... ဟား... အပြောကတော့ သဘောကျလောက်ပါရဲ့၊ ကျုပ်တို့ကလဲ ခင်ဗျားတို့ကို လိုက်ရှာနေတာပဲ... ကျုပ်တို့ကလဲ ခင်ဗျား ဒီမြို့ကို ရောက်လာတယ်ဆိုတာ သတင်းကြားထားရတယ်... ကျုပ်တို့ကလဲ ခင်ဗျားတို့ကို ရှင်းပစ်ဖို့အချိန်ရထားပြီ"



"သြော်... မင်းတို့ဂိုဏ်းချုပ်က အမိန့်ပေးတာပေါ့ဟုတ်လား"

"ဟုတ်တယ်"

"မင်းတို့ဂိုဏ်းချုပ် ဘယ်မှာလဲ"

ချူမားသည် မိမိတို့ဂိုဏ်းသားများထက် ခြသေ့ဂိုဏ်းချုပ်ကြီးကိုသာ အမိကထားပုံရသည်။

"ကျုပ်တို့ဂိုဏ်းချုပ် ဘယ်သူလဲဆိုတာ ခင်ဗျားတို့သိနေလို့လား"

ချူမားသည် ဓားကိုတစ်ချက်ဝင့်၍...

"အင်မတန် ဟန်ဆောင်ကောင်းတဲ့ချူချန်းမဟုတ်လား...ငါတို့က သိပါတယ်ကွ"

သူတို့သည် ဆရာကြီးချူချန်းကို ဂိုဏ်းချုပ်ကြီးအဖြစ် သတ်မှတ်ထားကြပေပြီ။

မနက်ကလည်း ဆရာကြီးချူချန်းကို သူတို့တိုက်ခိုက်ခဲ့ကြသေးသည် မဟုတ်ပါလော။

မိမိတို့အနေဖြင့်လည်း ဂိုဏ်းချုပ်ကြီး မည်သူမည်ဝါဖြစ်သည်ကို မသိရသေးပေ။

သူတို့ပြောသလို ဆရာကြီးချူချန်းဖြစ်နေသလော မသိရ

www.burmeseclassic.com

www.burmeseclassic.com



ပေ။

"ခင်ဗျားဟာ အတော်ရယ်စရာကောင်းတာပဲ"

"ဘာ ရယ်စရာကောင်းတာလဲ… ခင်ဗျားက ကျုပ်တို့ဂိုဏ်းချုပ်ကြီးဟာ ချူချွန်းဖြစ်မယ်လို့ထင်တယ်၊ ချူချွန်းကိုလဲ ဝင်တိုက်ကြတယ်၊ တိုက်ပြီး ဘာဖြစ်လို့ထွက်ပြေးသွားရတာလဲ"

ချူမားသည် ထိုမေးခွန်းကြောင့် ရှက်သွားသည်။

"ဟော့… အချိန်မကျသေးလို့ မသတ်တာကွ၊ ဒါပေမယ့် မင်းတို့သုံးယောက်ကိုတော့ အသက်ရှင်ခွင့်ပေးလို့မဖြစ်ဘူး… မင်းတို့ကိုတော့ သတ်ရမယ်"

"အပြောတကယ် ကြီးတာပဲ… ကျုပ်တို့သေမလား ခင်ဗျားတို့သေမလားဆိုတာ ကြည့်ကြစို့"

"ဝှစ်…."

"ဝှီး…."

ချူမားက ပြောပြီးသည်နှင့်နှစ်ချက်ဆင့်ခုတ်၏။

"ကျွား…."

"အား…."

အိမ်ခေါင်းရင်းဘက်မှ ညည်းညူသံများ ကြားလိုက်ရလေတော့သည်။

ဝမ်ချိုင်းသည် တိုက်ခိုက်ရင်းမှ စောင့်ကြည့်သည်။

တက်လုစိန်း၏လက်ချက်ကြောင့် စကြာသိုင်းသမားတ



ယောက် လဲကျသေဆုံးသွားရပေပြီ။

ဝမ်ချိုင်းတို့သည် သုံးယောက်ချင်း ယှဉ်ပြိုင်ခွင့်ရသွားပေပြီ။

ချူမားသည် ဝမ်ချိုင်းကို တိုက်ခိုက်တော့၏။

သူသည် ဓားသမားဖြစ်ပြီး တဝှီးဝှီး တဝှစ်ဝှစ်ဖြင့် ခုတ်ထစ်တော့သည်။

ဝမ်ချိုင်းမှာ အသေအလဲရှောင်တိမ်းနေရသည်။

"ဝှီး… ဝှီး… ဝှီး"

"ဝှစ်… ဝှစ်… ဝှစ်"

တက်လုစိန်းကတော့ သူ့ပြိုင်ဘက်နှင့် အကြိတ်အနယ်ပင်။

သို့သော် သူက အသာစီးရနေသည်။

လုမန်းကလည်း ရန်သူနှင့်အကြိတ်အနယ် ယှဉ်ပြိုင်လျက်ရှိသည်။

သူကလည်း မဆိုးချေ။ ဏ္ဍမြွေရရ တိုက်ခိုက်နိုင်သည်။ အဆိုးဆုံးမှာ ဝမ်ချိုင်းပင်တည်း။

ချူမားသည် သူ့ကိုဖိတိုက်လျက်ရှိသည်။

ဝမ်ချိုင်းသည် ချူမား၏တိုက်ကွက်များကို ရှောင်ရှားနေရ၏။

တဖြည်းဖြည်း သူ နောက်ဆုတ်ပေးနေရ၏။ တစ်ကွက်မှ မတိုက် နိုင်သေးချေ။

"ဝှီး…."

www.burmeseclassic.com

www.burmeseclassic.com



"ဝှစ်...."

သူသည် ညာလိုမ့်ရှောင်လိုက်ရ၏။

သူသည် ဘေးဘီသို့ကြည့်လိုက်သောအခါ ဝါးဆစ်ပိုင်းကို တွေ့ရှိသွားလေ၏။

သူသည် ထိုဝါးဆစ်ပိုင်းကိုကျွမ်းပစ်၍ ကောက်ယူလိုက်၏။

"ဝိုး...."

"ဝိုး...."

ချူမား တိုက်ခိုက်သော်လည်း မထိလိုက်ချေ။

ဝမ်ချိုင်းသည် ထိုဝါးဆစ်ပိုင်းကို ရရှိသွားသည်။

သူသည် လက်နက်ရရှိသွားပြီဖြစ်၍ အားတက်သွား၏။

သူသည် ချူမားအား ဓားနှင့်အပြိုင် ဝင်ရောက်တိုက်ခိုက်တော့သည်။

"ဝိုး... ဝိုး... ဝိုး"

"ဝှစ်... ဝှစ်... ဝှစ်"

"ဒုတ်...."

"အား...."

ဝမ်ချိုင်းသည် တိုက်ကွက်သုံးကွက်ထုတ်လိုက်၏။

နောက်ဆုံးတိုက်ကွက်တွင် ဝမ်ချိုင်း၏ဝါးလုံးသည် ချူမား၏ဖက်ပိုးနှင့် မိတ်ဆက်သွားလေ၏။

ချူမား ကျယ်လောင်စွာအော်ပြီး လွင့်စဉ်သွား၏။



လုမန်းသည် သူ့ပြိုင်ဘက်ကို ပိုင်းချလိုက်ပြီဖြစ်၏။

ဝမ်ချိုင်း၏ဝါးဆစ်ပိုင်းထိသွားသော ချူမားသည် လွင့်စဉ်ရာမှ အဝေးသို့ထွက်ပြေးလေတော့၏။

"ဝှစ်...."

ဝမ်ချိုင်းသည် လက်ကို လျှစ်တစ်ပြက် လှုပ်ရှားလိုက်၏။ ဓားရောင် ပြိုးပြက်လက်သွား၏။

"အား...."

ဓားသည် ချူမား၏နောက်ကျောသို့ စိုက်ဝင်သွားပြီး ချူမား လဲကျသွား၏။

ဝမ်ချိုင်းသည် ဓားမြှောင်ဖြင့် ပစ်ပေါက်လိုက်ခြင်းဖြစ်သည်။

ချူမားသည် ဓားမြှောင်တန်းလန်းဖြင့် ညည်းညူနေ၏။

"ချူမား... ချူမား... လုံ့ကျန့်ပေဝါး ဘယ်မှာလဲ"

ချူမားမှာ ခက်ရာခက်ဆစ် အသက်ရှူနေရ၏။

"ချူမား... ခင်ဗျားမသေစေရဘူး... ကျုပ် သမားတော်ဆီ ပို့ပေးမယ်၊ ကျုပ်မေးတာကို ဖြေပါ.. လုံကျန့်ပေဝါး ဘယ်မှာလဲ"

ဝမ်ချိုင်းက ချော့မေးသည်။

သို့သော် ချူမားမှာ ဇက်ကျိုးသွားခဲ့လေပြီ။

သူတို့သည် စကြာဝိုဏ်းသားလေးယောက်ကို တွေ့ရှိခဲ့၏။

သို့သော် တစ်ယောက်မျှ အသက်ရှင်လျက် မဖမ်းမိခဲ့

www.burmeseclassic.com

www.burmeseclassic.com



အားလုံးသေဆုံးသွားကြ၏။

ဝမ်ချိုင်းသည် ကြောဂိုဏ်းသားလေးယောက်ကို သတ်ပစ်နိုင်သော်လည်း ဘယ်နှစ်ယောက်ကျန်သေးသည်ကို မသိနိုင်သေးပါ။

ကောင်းယိနှင့်ကွင်းပုရှိနှစ်ယောက်ကတော့ အသေချာကျန်နေပါသေးသည်။

ဝမ်ချိုင်းနှင့်လုမန်းတို့သည် ဒဏ်ရာအနည်းငယ်ရရှိသွားသော တက်လုစိန်းအား ပခုံးပေါ်ထမ်းခေါ်၍ ထိုနေရာမှအမြန်ဆုံးထွက်လာခဲ့ကြတော့သည်။

အခန်း(၁၀)

လူသတ်သမားလော

ဝမ်ချိုင်းသည် တစ်ရေးတော့ နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်သွားသည်။

မျက်စိဖွင့်ကြည့်လိုက်သောအခါ မိုးလင်းနေပြီကို တွေ့ရတော့သည်။

သူသည် အိပ်ရာမှ ကပျာကယာလူးလဲထပြီး ပန်းရန့်စားသောက်ဆိုင်သို့ သုတ်ခြေတင်လာတော့သည်။

ယခုအချိန်သည် အလွန်အရေးကြီးသောအချိန်ဖြစ်သည်။

ကြောဂိုဏ်းသည် သူ့လူလေးယောက် သေဆုံးသွားပြီကို သိ၍ သူတို့အား လက်စားချေပေတော့မည်။

သူတို့ကို အခဲကျေမည်မဟုတ်တော့ချေ။ ယခုဆိုလျှင် ချူမား သေဆုံးသွားပေပြီ။

ကြောဂိုဏ်းချုပ်ကြီး၏ လက်ရုံးတစ်ဘက် ပြုတ်သွားချေပြီ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် စကြာဂိုဏ်းချုပ်ကြီး၌ မည်သည့်လက်ရုံးမျိုး ရှိနေသည်ကို မသိရသေးချေ။

ဂိုဏ်းချုပ်ကြီးပြောစကားအရ ကောင်းယိနှင့်ကွင်းပုရိတို့သည် စကြာဂိုဏ်းသားတို့တွင် အတော်အဆင့်မြင့်သော သိုင်းသမားများဖြစ်ကြသည်ဟုသိရသည်။

ထိုနှစ်ယောက်ကိုလည်း ခြသေ့ဂိုဏ်သားတို့ ရင်ဆိုင်ရဦးမည်။

ယခု သူတို့ဘက်က နံပါတ်ငါးတစ်ယောက်သေပြီး စကြာဂိုဏ်းဘက်မှ လေးယောက်သေပြီးမှ သူတို့ဂိုဏ်းပြုတ်ပေမည်။

လုံကျန်ပေဝါးသည် မည်သည်အခန်းကဏ္ဍက ပါဝင်သည်ဟု ဝမ်ချိုင်းမသိရချေ။

ဝမ်ချိုင်းသည် ရှေးဦးစွာ တက်လုစိန်းကို ဝင်ရောက်ကြည့်ရှုလေသည်။

တက်လုစိန်း၏ဒဏ်ရာမှာ ဝမ်းဗိုက်အတွင်းဓားဖြင့် ရှပ်၍ အထိုးခံရသဖြင့် အခြေအနေ ဆိုးဆိုးဝါးဝါး မရှိလှချေ။

ဝမ်ချိုင်းသည် စိတ်သက်သာရာ ရသွားသည်။

"ဒဏ်ရာ ဘယ်လိုနေသလဲ သက်သာတယ်မဟုတ်လား"

တက်လုစိန်းက....

"ကျွန်တော် ဘာမှမဖြစ်ပါဘူးဗျာ... အခုထိုးခုတ်ဆိုရင်တောင် ထိုးခုတ်နိုင်ပါတယ်"



"အေး... အေး... ကောင်းတယ်၊ ဒါပေမယ့် ဒီတစ်နေ့တော့ နားပါဦး ဟုတ်လား"

ဝမ်ချိုင်းသည် တက်လုစိန်းအားနှစ်သိမ့်ပြီးနောက် သမားတော်ကြီး၏အိမ်ထဲမှ ထွက်လာခဲ့သည်။

သူအနည်းငယ်မျှသာ လျှောက်ရသေးသည်။

သူ၏ခြသေ့ဂိုဏ်းသားတစ်ယောက်သည် အပြေးနှင်လာသည်ကို တွေ့ရလေ၏။ ဝမ်ချိုင်းသည် လက်မြှောက်ပြလိုက်၏။

ခြသေ့ဂိုဏ်းသားသည် ဝမ်ချိုင်းကိုမြင်သောအခါ မြင်းဇက်ကိုဆွဲ၍ ရပ်လိုက်သည်။

"ဟော့... ဘာထူးသလဲ"

မြင်းပေါ်မှလူက သူ့နောက်သို့ လက်ညှိုးညွှန်ပြပြီး....

"ကျွန်တော်တော့ လုံကျန်ပေဝါးလို့ထင်တာပဲ... မြင်းတစ်ကောင်နဲ့ဟိုဘက်တောင်ကုန်းကို ထွက်သွားတယ်၊ ကျွန်တော် သူ့နောက်ကိုလိုက်မလို့... နောက်မှ နံပါတ်တစ်ပြောပြထားတဲ့ စကားကို သတိရပြီး ကျွန်တော်သတင်းလာပို့တာပါ"

"အေး... ကောင်းတယ်၊ ကဲ... မင်းရဲ့မြင်းနဲ့မင်းဓားကို ပေးစမ်း... အင်မတန် အရေးကြီးတယ်"

ဝမ်ချိုင်းက ပြောသည်။

ခြသေ့ဂိုဏ်းသားသည် မြင်းပေါ်ကခုန်ဆင်းပြီး ခါးတွင် ချိတ်ထားသောဓားကို ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်ချိုင်းသည် မြင်းပေါ်ရောက်သည်နှင့်ဓားကို ဆွဲယူလိုက်သည်။

"ကဲ... ငါလိုက်မယ်ဟေ့"

သူသည် ထိုမျှသာ ပြောပြီး လေးညို့မှပစ်လွှတ်လိုက်သော မြားတစ်စင်းအလား မြင်းကိုဒုန်းစိုင်းစီးလေတော့၏။

ဟိုနန်းမြို့မြောက်ဘက် တောင်ကုန်းအလွန်တွင် ကျေးရွာငယ်တစ်ရွာ ရှိလေ၏။

ဝမ်ချိုင်း စိတ်ထဲ၌ လုံကျန်ပေဝါးသည် ထိုကျေးရွာဘက်သို့ ပြေးသွားခြင်းသာဖြစ်မည်ဟု ထင်မိသည်။

သို့သော် သူသည် ထိုကျေးရွာသို့မရောက်လိုက်ပါ။

လုံကျန်ပေဝါးကို ဘွားခနဲ တွေ့လိုက်ရပါသည်။

လုံကျန်ပေဝါးသည် မြင်းတစ်ကောင်ဘေးတွင် ရပ်နေပါသည်။

လုံကျန်ပေဝါးလက်ထဲ၌ မည်သည့်လက်နက်မျှမတွေ့ရပါ။

ဝမ်ချိုင်းသည် လုံကျန်ပေဝါးထံမရောက်မီ ဝါးတစ်ရိုက်ခန့်အလို၌ မြင်းပေါ်မှခုန်ဆင်းလိုက်၏။

ဓားကိုကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်။

"လူသတ်သမား... ခင်ဗျား ဘယ်ကိုပြေးဖို့စိတ်ကူးထားသလဲ"

လုံကျန်ပေဝါးက မဲ့ပြုံးပြုံးလိုက်၏။



"မင်း မှားနေပြီ"

"မမှားဘူး... ခင်ဗျားလူသတ်သမားပဲ"

"ငါ့ကို ဘာကြောင့် လူသတ်သမားလို့ခေါ်ရတာလဲ"

ဝမ်ချိုင်းက မဲ့ပြုံးပြုံးလိုက်၏။

"ဟင်း... ဟင်း... ခင်ဗျား ဘာမှလိမ်ဖို့ညာဖို့ မကြိုးစားနဲ့ အပိုစကားတွေ မပြောနဲ့... သေဖို့သာပြင်ပေတော့၊ ခင်ဗျားကို ကျုပ်သတ်မယ်"

ဝမ်ချိုင်းသည် လုံကျန်ပေဝါး ဉာဏ်များပြီ စကားဖြင့် ထောင်ချောက်ဆင်မည်စိုးသောကြောင့် ဓားကိုင်မြှောက်ပြီး ပြေးဝင်တိုက်ခိုက်တော့သည်။

လုံကျန်ပေဝါး၌ ဓား သို့မဟုတ် မည်သည့်လက်နက်မှ မရှိပါပေ။

ထို့ကြောင့် သူသည် လုံကျန်ပေဝါးအား ဓားဖြင့်ခုတ်ဟန်ပြပြီး ဝမ်းဗိုက်ကိုပြေးထိုးလိုက်သည်။

လုံကျန်ပေဝါးသည် ဝမ်ချိုင်း အယောင်ပြသည်ကို သိဟန်တူသည်။ ဓားခုတ်ချက်ကို မည်သို့မျှ မရှောင်ချေ။

ဝမ်းဗိုက်ကို ဓားဖြင့်ထိုးလိုက်သောအခါ ခြေတစ်လှမ်းဘေးကပ်ပြီး လွတ်ရုံရှောင်တိမ်းပေးလိုက်သည်။

ထိုအခါ ဝမ်ချိုင်း၏ဓားသည် လွတ်သွားတော့သည်။

ဝမ်ချိုင်း၏ခန္ဓာကိုယ်အထက်ပိုင်းမှာ အကာအကွယ်လွတ်

www.burmeseclassic.com

www.burmeseclassic.com



သွား၏။

ထိုအကာအကွယ်လွတ်သွားသော ခန္ဓာကိုယ်အထက်ပိုင်းကို လုံကျန်ပေဝါး ဘာလုပ်ချင်သနည်း။

လက်ဝါးနှင့်တွန်းချင်လည်းရသည်။ လက်ဝါးစောင်း ခုတ်ချင်လည်း ရသည်။

သို့သော် လုံကျန်ပေဝါးသည် ပြင်းထန်သောရိုက်ချက်ကို မသုံးပေ။

ဝမ်ချိုင်း၏ပခုံးအား အသာအယာ တွန်းလွှတ်လိုက်၏။

ဝမ်ချိုင်းမှာ နောက်သို့ငါးလှမ်းမျှ ဆုတ်ခွာသွားရလေသည်။ ဝမ်ချိုင်း ဒေါသထွက်သွား၏။ သူ့မျက်နှာကြီး နီမြန်းလာသည်။

လုံကျန်ပေဝါးက....

"မင်း အေးအေးဆေးဆေး ကျုပ်နဲ့စကားပြောစမ်းပါ... အလကားနေရင်း ဒေါသမကြီးပါနဲ့"

"မလိုဘူး... ခင်ဗျားနဲ့ကျုပ် ဘာမှပြောစရာမလိုဘူး"

"မဟုတ်ပါဘူး... ကျုပ်ရဲ့စကားကို နားထောင်စမ်းပါ"

ဝမ်ချိုင်းသည် ဘာစကားမှမပြောတော့ဘဲ ဓားဖြင့်ပြေး၍ ပိုင်းလိုက်၏။

လုံကျန်ပေဝါးက ကိုယ်ကိုတစ်ပတ်လှည့်ကာ ရှောင်ရင်း ညာခြေဖြင့် ကန်လိုက်သည်။



"ဖုန်း...."

ဝမ်ချိုင်း၏ခါးကို ထိသွားသည်။ ကန်ချက်မှာ မပြင်းထန်ပါ။ ညှာညှာတာတာကန်လိုက်၍ ထိုမျှကန်မိခြင်းဖြစ်ပါသည်။

ဝမ်ချိုင်း ငါးလှမ်းမျှ လွင့်သွားသည်။ ဝမ်ချိုင်း အရူးအမူး ဒေါသထွက်သွား၏။ ဝမ်ချိုင်းသည်ထလာပြီး ပြေးဝင်ပြန်သည်။

သည်တစ်ကြိမ်တွင်တော့ အတော်အဆင့်မြင့်သည့် ကြောင်လိန်မြေစိုက်သိုင်းကွက်ကို သုံးသည်။

ထိုသိုင်းကွက်ကို တော်ရုံတန်ရုံလူ မရှောင်နိုင်ချေ။

လုံကျန်ပေဝါးသည် နောက်ကျွမ်းပစ်ပြီး ရှောင်တိမ်းသွားလေ၏။

ဝမ်ချိုင်းသည် အဆင့်မြင့်သိုင်းကွက်များကိုသာ သုံးတော့သည်။

သူ၏လျင်မြန်လှသော တိုက်ကွက်များကို လုံကျန်ပေဝါးသည် မျက်တောင်မခတ်ဘဲ စောင့်ကြည့်နေရသည်။

တစ်ကွက်မှားသည်နှင့် အသက်ပါသွားပေမည်။

သို့သော် လုံကျန်ပေဝါးသည် တစ်ကွက်မျှ မတိုက်ချေ။

ရှောင်တိမ်းရင်း ဝမ်ချိုင်း၏ဟာကွက်ကို လက်ဖြင့်တွန်း၍လည်းကောင်း ခြေဖြင့်ကန်၍လည်းကောင်း ညွှန်ပြသည်။

သူ၏တွန်းချက် ကန်ချက်များမှာ မပြင်းထန်ပေ။

ယခုလည်း နောက်ကျွမ်းပစ်ရှောင်ရာမှ ဓားဖြင့်ထိုးဝင်လာ

www.burmeseclassic.com

www.burmeseclassic.com



သော ဝမ်ချိုင်း၏ဓားခုတ်ချက်ကို ထပ်မံတိမ်းရှောင်ရပြန်သည်။

ဘယ်ဘက်တွင် ဝမ်ချိုင်း၏ဟာကွက်ကို တွေ့ရပြန်သည်။

သူသည် ခြေထောက်ဖြင့် ကန်လိုက်ပြန်၏။

"ဝုန်း...."

ခါးကိုတည့်တည့် ကန်မိသည်။

သူသည် လုံကျန်ပေဝါး၏သိုင်းပညာကို လုံးဝအသိအမှတ် ပြုသွားရလေပြီ။

ယခု သူတိုက်နေသည်မှာ ဆယ်ကွက်ခန့်ရှိပြီး လုံကျန်ပေဝါးအား သူတစ်ချက်မျှထိအောင် မတိုက်နိုင်သော်လည်း ထိုဆယ်ကွက်အတွင်း လုံကျန်ပေဝါးက သူ့အား တစ်ကြိမ်တွန်းပြီး နှစ်ကြိမ်ကန်ပြီး ဖြစ်နေသည်။

လုံကျန်ပေဝါးအား လွယ်လွယ်ပေါ့ပေါ့ကလေး တိုက်၍ မရတော့ကြောင်း သူသိလာပေသည်။

လုံကျန်ပေဝါး၌ လက်နက်မရှိပါ။

အကယ်၍လုံကျန်ပေဝါး၌ လက်နက်ရှိလျှင် မိမိမည်သို့မှ မလွယ်ဟု သိလိုက်မိသည်။

သူသည် လုံကျန်ပေဝါးက လျှော့လျှော့ပေါ့ပေါ့ တိုက်နေသည်ကို လုံးဝမတွေးကဲ ဖြစ်နေပါသည်။

လုံကျန်ပေဝါး၏သိုင်းပညာသည် သူ့ထက် အပြတ်အသတ်သာနေသည်ကိုလည်း သူမတွေးမိချေ။



သူသည် ဓားရှည်ကိုကိုင်၍ ရှေ့သို့တိုးလာပြန်လေ၏။

ဤတစ်ကြိမ်တွင်တော့ သူလောမကြီးတော့ချေ။ သူလောကြီးမိသည်နှင့် သူခံလိုက်ရသည် မဟုတ်ပါလော။

သူသည် ဓားဖြင့်ချိန်ရွယ်ရင်း ရှေ့သို့တိုးလာ၏။

ဝမ်ချိုင်း မည်သို့သော တိုက်ကွက်မျိုးဖြင့် တိုက်မည်ကို လုံကျန်ပေဝါးသည် ကြိုတင်သိမြင်နေ၏။

ထို့ကြောင့် လုံကျန်ပေဝါးသည် သူ၏ခြေထောက်အနေအထားနှင့် လက်အနေအထားများကို ချက်ချင်းပြင်ဆင်လိုက်သည်။

ဝမ်ချိုင်းသည် ဓားကိုရှေ့သို့ရွယ်ထား၏။ သို့သော် ဓားသည် မည်သည့်အရပ်သို့ သွားမည်ကိုမသိနိုင်ဘဲ ဖြစ်နေသည်။

သို့သော် သူသည် လုံကျန်ပေဝါးကို အားနှင့်မာန်နှင့်ခုတ်ချမည်ကဲ့သို့ ရှိနေပါ၏။

သူသည် သူ၏လက်များမှတစ်ဆင့် ဓားဖျားဆီသို့အတွင်းအားများ ပို့လွှတ်ထား၏။

သူ၏ဓားမှာ အလွန်အမင်း အရှိန်ပြင်းမည်ကို သံသယဖြစ်စရာမရှိပါ။

လုံကျန်ပေဝါးကမူ ဝမ်ချိုင်းထံမှ ရောက်လာမည့်ဓားကွက်ကိုသာ မျက်တောင်မခတ် ကြည့်နေ၏။

ပတ်ဝန်းကျင်တစ်ခုလုံး ငြိမ်သက်နေ၏။

ထိုစဉ်....

www.burmeseclassic.com

www.burmeseclassic.com



"ခွပ်… ခွပ်… ခွပ်"

"ခွပ်… ခွပ်… ခွပ်"

သူတို့ရှိရာသို့ သွက်လက်စွာလာနေသည့် မြင်းခွာသံများကို ကြားလိုက်ကြရသတည်း။

နှစ်ယောက်စလုံး လမ်းမကြီးဆီသို့ကြည့်လိုက်မိသည်။

တိုက်ပွဲသည် တခဏရပ်တန့်သွားပေပြီ။

မြင်းတစ်ကောင်သည် သူတို့ရှိရာသို့ အပြေးအလွှား နှင်လာနေသည်။

ဝမ်ချိုင်းမှာ မတိုက်နိုင်ဘဲဖြစ်သွားသည်။

မည်သူနည်း။ သူတို့၏ခြသေ့်ဂိုဏ်းသားလော။

ခြသေ့်ဂိုဏ်းသားဖြစ်လျှင် ဟန်ကျပေပြီ။

သူသည် မြင်းစီးလာသူကို အသေအချာကြည့်လိုက်၏။

ဝမ်ချိုင်း အလွန်ဝမ်းသာသွားသည်။

မြင်းပေါ်မှ လူသည် အခြားလူမဟုတ်ချေ။ မျိုးချစ်သိုင်းသမားကြီး ချူချန်းဖြစ်နေသောကြောင့်တည်း။

မျိုးချစ်သိုင်းသမားကြီးချူချန်းမှာ အများက သူ့ကိုခြသေ့်ဂိုဏ်းကြီး၏ဂိုဏ်းချုပ်ကြီးဟု စွပ်စွဲနေကြသည်မဟုတ်ပါလား။

အခန်း(၁၁)

အရေးကြီးသည့်စကား

ချူချန်းသည် တောင်ကုန်းတစ်ဘက်တွင် ကျေးရွာကလေးမှနေ၍ ဟိုနန်းမြို့သို့ပြန်လာခြင်းဖြစ်သည်။

သူသည် မြင်းပေါ်မှ လူနှစ်ယောက်တိုက်ခိုက်နေသည်ကို တွေ့သည်။

ဖြစ်ချင်ဖြစ် သူနှင့်မဆိုင်ဟုသဘောထားပြီး မြင်းကိုဆက်စီးလာစဉ် ဝမ်ချိုင်းနှင့်တူသည်ဟု ထင်မှတ်လိုက်၏။

အသေအချာကြည့်သောအခါ လုံကျန့်ပေဝါးနှင့် ဝမ်ချိုင်းတို့ဖြစ်ကြောင်း တွေ့ရှိရလေ၏။

ထိုအခါ သူသည် ဘာသိဘာသာ နေ၍မရတော့ချေ။ သူနှင့်မဆိုင်ဟု သဘောထား၍မရတော့ချေ။

ထို့ကြောင့် သူသည် ရန်ပွဲဖြစ်နေသည့်နေရာသို့ မြင်းကိုအပြင်းစီးနှင်းလာရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ရန်ပွဲအနီးသို့ရောက်အောင် သူ၏မြင်းကို စီးလာ၏။

ဝမ်ချိုင်းက တိုက်မည့်ဟန်ပြင်ထားသည်။

လုံကျန်ပေဝါးကတော့ ခပ်အေးအေးအမူအရာပင် ရှိသည်။

သူသည် ဝမ်ချိုင်းနှင့် လုံကျန်ပေဝါးနှစ်ယောက်တို့ကို တစ်ယောက်စီ အကဲခတ်လိုက်၏။

သူသည် တဒင်္ဂအတွင်း အခြေအနေကို သုံးသပ်မိသွား၏။

ရန်လိုနေသူက ဝမ်ချိုင်း။

မတိုက်ခိုက်ဘဲ ရှောင်တိမ်းနေသူက လုံကျန်ပေဝါး။

ဝမ်ချိုင်းကမူ ဆရာကြီးချူချန်းအားကြည့်နေသည်။

ဆရာကြီးနှင့်တွေ့တိုင်း သူစိတ်လှုပ်ရှားမိသည်ကတော့အမှန်ပင် ဖြစ်ပါသည်။

အဘယ့်ကြောင့်ဆိုသော် အများက ထင်ကြေးပေးနေကြသည်မှာ ခြသေ့ဂိုဏ်းချုပ်ကြီးသည် ဆရာကြီးချူချန်းဖြစ်သည်ဟု မဟုတ်ပါလား။

နောက်တစ်ချက်က ဆရာကြီးချူချန်းသည် ခြသေ့ဂိုဏ်းချုပ်ကြီး ဟုတ်သည်မဟုတ်သည် အပထား၊ ကြည်ညိုလေးစားစရာကောင်းသည့် ပုဂ္ဂိုလ်ကြီးတစ်ဦးဟု သူက မှန်းဆထားမိသည်။

ထို့နောက် ဆရာကြီးချူချန်းသည် မင်းဝါနှင့်ပတ်သက်ပြီး မိမိတို့ကိုစွပ်စွဲ၍ တစ်စုံတစ်ခုသော အတိုင်းအတာအထိ ပါဝင်နေပြီဖြစ်



သည်ကို ဝမ်ချိုင်းသိလေသည်။

ယမန်နေ့ မနက်ကပင် ဆရာကြီးချူချန်းအား ခြသေ့ဂိုဏ်းချုပ်ကြီးဟုထင်မှတ်ကာ စကြာဂိုဏ်းသားများက တိုက်ခိုက်ကြသေးသည် မဟုတ်ပါလား။

စကြာဂိုဏ်းချုပ်ကြီး ရန်ကျန်း၏လက်ရုံးချူမားကား ထွက်ပြေးလွတ်မြောက်သွားခဲ့ပေသည်။

မနေ့က ဆရာကြီးချူချန်းသည် ထိုတိုက်ပွဲကိုတိုက်ခိုက်ရင်း ပြောခဲ့သည်။

"ကျုပ် ကံဆိုးတယ်လို့ဆိုရမှာပဲ"

ထိုစကားကို ဆရာကြီးချူချန်း ပြောခဲ့သည်။

ထိုစကားအဓိပ္ပာယ်သည် မည်သည့်အဓိပ္ပာယ်နည်း။

သူသည် ခြသေ့ဂိုဏ်းချုပ်ကြီးမဟုတ်ဘဲ ကြားထဲက အချောင်ခံနေရခြင်းဖြစ်သည်ဟု ပြောဆိုလိုက်ခြင်းဖြစ်ပါသလော။

ယခုဆရာကြီးချူချန်းသည် မိမိတို့ကိုကြည့်နေသည်။

မိမိ အားတက်သွားသည်ကတော့ အမှန်ဖြစ်သည်။

ဆရာကြီးချူချန်းသည် လုံကျန်ပေဝါးဘက်သို့ကြည့်၍ မေးလိုက်၏။

"ခင်ဗျားလက်ထဲမှာ လက်နက်လဲမရှိပါလား"

လုံကျန်ပေဝါးက တစ်ချက်ပြုံးလိုက်၏။

လုံကျန်ပေဝါးသည် ရယ်ခဲပြုံးခဲသောသူဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် အမြဲတမ်းတစ်စုံတစ်ခုကို တွေးတောနေပုံရသည်။

လုံကျန်ပေဝါးက ခပ်အေးအေးပင် ပြောလိုက်သည်။

"ကျုပ် မကိုင်ချင်လို့ပါ"

ချူချန်း မေးလိုက်ခြင်းမှာ အကြောင်းရှိသည်။ ဓားကိုင်သောသိုင်းသမားသည် ဓားကိုသာ အမြဲကိုင်လေ့ရှိသည်။

ယခုကဲ့သို့ သူသေကိုယ်သေတိုက်ခိုက်ရသောအခါ၌ လက်နက်ရှိပါလျက် လက်နက်မကိုင်ဆောင်ခြင်းသည် တစ်ဘက်သားကို မသေစေလို၍သာ ဖြစ်ပေလိမ့်မည်။

ယခု လုံကျန်ပေဝါး၏ မြင်းကုန်းနှီးကြားတွင် ဓားတစ်လက်ရှိနေသည်။ လုံကျန်ပေဝါးသည် ထိုဓားကိုအသုံးမပြုပေ။

ဆရာကြီးချူချန်းသည် မျက်စိအလွန်လျင်၏။

မြင်းကုန်းနှီးကြားမှဓားကို သူတွေ့ပြီးလေပြီ။

ချူချန်းက....

"ခင်ဗျားက ဓားမကိုင်ချင်ဘူးဆိုတော့ တစ်ဘက်သားကို မကိုင်စေချင်လို့ပေါ့... အဲဒီလိုမဟုတ်ဘူးလား"

ချူချန်းက လုံကျန်ပေဝါးကို ပြောလိုက်ခြင်းဖြစ်ပါ၏။

"ကျုပ် သူ့ကိုတိုက်ခိုက်ဖို့ထက် စကားပြောဖို့ကြိုးစားနေတာပါ၊ ကျုပ်က အကျိုးအကြောင်းပြောပြချင်တယ်... ဒီသူငယ်က လက်မခံဘူးဖြစ်နေတယ်"

ချူချန်းသည် ဝမ်ချိုင်းဘက်သို့လှည့်လိုက်၏။



ဝမ်ချိုင်းက....

"ဆရာကြီးချူချန်းခင်ဗျာ... သူက အင်မတန် ဉာဏ်များတဲ့ လူသတ်သမားပါ... ဆရာကြီးလဲသိသင့်သလောက် သိနေတာပဲခင်ဗျာ၊ ကျွန်တော်က ရှင်းပြဖို့လိုမယ်မထင်ပါဘူး... မနေ့ကဆိုရင် ကျွန်တော်တို့လူတစ်ယောက်ကို သူပဲသတ်သွားပါတယ်... ဒါကြောင့် သူ့စကားကို ကျွန်တော်နားမထောင်ဘဲ နေတာပါ"

ချူချန်းက ပြုံးလိုက်၏။

"အေးလေ... မင်းတို့ကိစ္စကို မင်းတို့ရှင်းကြပါ... မင်းတို့ကိစ္စထဲမှာ မှားတယ် မှန်တယ်ဆိုတာ ကျုပ် မပြောလိုဘူး... ဝေလဲမဝေဖန်ဘူး။ ကျုပ်အနေနဲ့ သတိပေးချင်တာကတော့ ဝမ်ချိုင်းကိုပဲ"

ဝမ်ချိုင်း ဆံတ်ခနဲ မော့ကြည့်လိုက်သည်။

မိမိကို သတိပေးစရာရှိသည်ဆိုပါကလား။ မည်သည့်အကြောင်းကိုများ သတိပေးမည်နည်း။

ဝမ်ချိုင်း နားစွင့်လိုက်သည်။

"တခြားတော့ မဟုတ်ပါဘူး... မင်း တောင်တွေးမြောက်တွေး မတွေးနဲ့... ငါ သတိပေးချင်တာက မင်းတို့တိုက်ပွဲရဲ့ အခြေအနေကိုပါ... လုံကျန်ပေဝါးက မင်းကိုသေစေချင်ဆိုရင် မင်းသေတာကြာပြီ... သူ့သိုင်းပညာ ဘယ်လိုအခြေအနေရှိတယ်ဆိုတာ ငါအသိဆုံးပဲ၊ အဲဒါတော့ မင်း ယုံမှားသံသယမဖြစ်နဲ့"

ဆရာကြီးချူချန်းပြောသည့်စကားမှာ ဖြစ်နိုင်ကြောင်း ...

www.burmeseclassic.com

www.burmeseclassic.com



ချိုင်း ပြန်လည်သုံးသပ်မိလေသည်။

သူသည် သိုင်းကွက်ဆယ်ကွက်ကျော်ကျော် တိုက်ခိုက်ခဲ့သည်။ တစ်ခါ အတွန်းခံရသည်။ နှစ်ခါ အကန်ခံရသည်။

သူပြင်းထန်စွာ ဒဏ်ရာမရအောင် လုံကျန်ပေဝါးသည် တွန်းခဲ့ ကန်ခဲ့ပေသည်။

သူသည် သူ့ဆွေကြီးလုံထန် ပြောခဲ့သည့်စကားများကို အမှတ်ရလိုက်သည်။

"လုံကျန်ပေဝါးဟာ အင်မတန်ထက်မြက်တဲ့သိုင်းပညာရှင်ကွ... သူ့အကြောင်းတစ်ခုခုကြောင့် သူ့သိုင်းပညာကို မသုံးတာ အတော်ကြာနေပြီ"

သူ့ဆွေကြီးလုံထန်၏ စကားများသည် အစီအရီပေါ်လာလေ၏။

ဝမ်ချိုင်းငိုင်နေသည်ကိုကြည့်ပြီး ဆရာကြီးချူချန်းက ဆက်လက်ပြောလေ၏။

"ဒီမှာ ဝမ်ချိုင်း..."

"ဟုတ်ကဲ့... အမိန့်ရှိပါ ဆရာကြီး"

"မင်းအနေနဲ့ လုံကျန်ပေဝါးကို လူသတ်သမားဖြစ်တယ်လို့ ယူဆထားတယ်မဟုတ်လား"

"ဟုတ်ကဲ့... သူကလွဲပြီး တခြားသူ မဖြစ်နိုင်ပါဘူး"

ထိုအခါ လုံကျန်ပေဝါးက ပြုံးလိုက်လေ၏။



ချူချန်းကလည်း ပြုံးသည်။

"အေး... သူဟာ မင်းထင်နေတဲ့ တရားခံလဲဖြစ်ချင် ဖြစ်နေမှာပေါ့ကွ... မဟုတ်ဘဲ လွဲမှားရင်လဲ လွဲမှားနိုင်တာပေါ့၊ ဒီကိစ္စကို ငါ့အနေနဲ့ မင်းကိုအဆုံးအဖြတ် မပေးနိုင်ဘူး၊ ဒါပေမယ့် မင်းစဉ်းစားဖို့က ငါပြောမယ်၊ သူက မင်းကိုသတ်လိုက်ရင် မင်းသေမယ်... ဒါပေမယ့် သူကမသတ်ဘူး... မင်းနဲ့စကားပြောဖို့ကိုပဲ တောင်းဆိုနေတယ်၊ သူစကားပြောပြီး မင်း မကျေနပ်ခဲ့ရင် မင်း ဆက်တိုက်နိုင်တာပေါ့ကွာ၊ ကိစ္စကရှင်းတယ် မဟုတ်လား... ကဲ... မင်းတို့အကြောင်းပြီးတော့ ငါ့အကြောင်း ဆက်ပြောရဦးမယ်"

ဆရာကြီးချူချန်းသည် ဟိုနန်းမြို့ကို တစ်ချက်လှမ်းကြည့်လိုက်၏။

ပြီးမှ ဝမ်ချိုင်းကို လှည့်ကြည့်ပြီးပြောသည်။

"ညက ငါတို့ကို လူသတ်သမားသုံးယောက်က သတ်ဖို့ကြိုးစားကြသေးတယ်၊ ငါက သိပ်ရန်မဖြစ်ချင်တာနဲ့ ရှောင်ပေးလိုက်ပါတယ်၊ ငါ့သတ်ဖို့ကြိုးစားနေတဲ့လူတွေကတော့ စကြာဂိုဏ်းသားတွေပဲ... ညက ဂိုဏ်းချုပ်ကြီးရန်ကျန်းကိုယ်တိုင် ရောက်နေတာကိုတွေ့ရတယ်... သူဟာ ငါအေးအေးဆေးဆေးနေတာကို သူကသိပ်ဒုက္ခပေးလာရင်တော့ ငါလဲ မလွှဲသာမရှောင်သာ ပြန်ခုခံရမှာပဲ၊ ငါ့အကြောင်းက ဒါပါပဲ... ကဲ... ငါလဲ ဟိုနန်းမြို့ထဲကိုသွားရတော့မယ်၊ မင်းအလုပ်တစ်ခု လုပ်မယ်ဆိုရင် စဉ်းစဉ်းစားစားလုပ်ပါလို့ပဲ မှာချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးချူချန်းသည် သူပြောချင်သောစကားများကို ရှည်လျားစွာ ပြောကြားပြီး မြင်းကို ဟိုနန်းမြို့သို့ပြန်လှည့်လိုက်၏။

"လုံကျန်ပေဝါး... ကျုပ်သွားပြီ"

ဆရာကြီးချူချန်းသည် လုံကျန်ပေဝါးအား နှုတ်ဆက်ပြီး ထွက်ခွာသွား၏။

ဝမ်ချိုင်းမှာ ဆရာကြီးချူချန်းကို ငေးကြည့်ကျန်ရစ်ခဲ့လေတော့သည်။ ဝမ်ချိုင်းသည် လုံကျန်ပေဝါးဘက်သို့လှည့်လိုက်၏။

လုံကျန်ပေဝါးကား အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ်ပင် ရှိလေ၏။

"မင်း ငါနဲ့အေးအေးဆေးဆေး စကားပြောသင့်ပါတယ်"

သူက တည်ငြိမ်စွာ ပြောသည်။

သူသည် ဓားကြီးကိုင်ဆွဲလျက်သား ဖြစ်နေသည်။

လုံကျန်ပေဝါးက အေးအေးဆေးဆေး စကားပြောရန်အသင့်ရှိပါလျက် မိမိက ဓားကြီးကိုင်လျက်ရှိနေသည်မှာ အလွန်ရှက်စရာကောင်းနေသည်ဟု စဉ်းစားမိလာသည်။

သူသည် ဓားကို ဓားအိမ်အတွင်းသို့ ထိုးထည့်လိုက်သည်။

လုံကျန်ပေဝါး၏ရှေ့ သုံးတောင်ခန့်အကွာ၌ သူထိုင်ချလိုက်သည်။

"ကဲ... ဦးလေးလုံကျန်ပေဝါး... ဘာပြောစရာရှိသလဲ... ပြောစရာရှိတာကို ပြောပါခင်ဗျာ"



ဝမ်ချိုင်းသည် လုံကျန်ပေဝါးကိုရန်သူကဲ့သို့ သဘောမထားတော့ဘဲ ယဉ်ယဉ်ကျေးကျေးပင် ပြောလိုက်သည်။

လုံကျန်ပေဝါးသည် သက်ပြင်းချလိုက်၏။

"အင်း... ကျုပ်လဲ ဘယ်ကစပြီး ပြောရမှန်းတောင် မသိတော့ဘူး ဖြစ်နေပြီ"

ဝမ်ချိုင်းသည် လုံကျန်ပေဝါးကိုသာ ကြည့်နေသည်။

"ဒီမှာဝမ်ချိုင်း... မင်းက ကျုပ်ကိုလူသတ်သမားတစ်ယောက်လို့ စွပ်စွဲနေတယ်၊ မင်းမှာ အကြောင်းအချက်တွေရှိရမှာပေ့ါ၊ အဲဒါတွေကိုပြောပြမှ ကျုပ်က ဘယ်နေရာမှာဟုတ်တယ်... ဘယ်နေရာမှာမဟုတ်ဘူးဆိုတာကို ပြောနိုင်မှာပေ့ါ၊ ဒီတော့ မင်းပဲ ပြောပါ"

ဝမ်ချိုင်းသည် လွန်စွာဘဝင်ကျသွား၏။ လုံကျန်ပေဝါး၏စကားမှာ အလွန်ကျိုးကြောင်း ဆီလျော်လှသည်။

မိမိက ထိုအကြောင်းအချက်များကိုထုတ်ပြောမှ သူလည်း ရှင်းပြနိုင်မည် မဟုတ်ပါလား။

သူသည် မည်သည့်အချိန်က သံသယဝင်ခဲ့သည်ကို စဉ်းစားလိုက်၏။ ဟန်ကြူးမြို့သို့ သူစတင်ရောက်ရှိခဲ့ပြီး သံသယဝင်ခဲ့ခြင်းဖြစ်သည်။

"ကျွန်တော် လုံဂေဟာကိုလာစဉ်တုန်းက ဦးလေးလုံကျန်ပေဝါး ကျွန်တော့်ကိုပြောခဲ့တဲ့စကားတွေကို သတိရမှာပေ့ါ"

လုံကျန်ပေဝါးက ပြန်မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေများလဲကွ... နည်းနည်းအစဖော် ပေးဦးမှာပေါ့"

"များများစပ်စုတတ်တဲ့လူဟာ အသက်တိုတတ်တယ်ဆိုတဲ့ စကားလေး"

"ဪ...."

"ကျွန်တော်က လူသတ်တရားခံကိုလာပြီး စုံစမ်းတဲ့လူပါ၊ အဲဒီစကားဟာ ကျွန်တော့်ကိုခြိမ်းခြောက်ရာ မကျဘူးလား... ဒါဟာ ကျွန်တော်စုံစမ်းတာကို မကြိုက်တဲ့လူပဲလို့ ကျွန်တော်ယူဆရမှာပေါ့ မဟုတ်လား၊ နောက်တစ်ချက် ရှိသေးတယ်... ကျွန်တော်ပြန်မှဲ့မနေမှာ ဦးလေးလုံကျန်ပေ၀ါးဟာ သိလက်ချောင်း ထန်တုရှောင်၊ ပင်လယ်ဗျိုင်း ခုကျိုင်းတို့နဲ့ဆွေးနွေးတိုင်ပင်သေးတယ် မဟုတ်လား၊ သူတို့က ကျွန်တော့်ကို လမ်းခရီးတစ်ဝက်မှာ သတ်ဖြတ်ဖို့ကြိုးစားကြတယ်လေ... နည်းတဲ့အင်အားလား ဆယ်ယောက်တောင်ရှိတယ်... ဒါပေမယ့် သူတို့ ကျွန်တော့်ကိုမသတ်နိုင်ခဲ့ပါဘူး"

လုံကျန်ပေ၀ါး သက်ပြင်းချလိုက်၏။

"များများစပ်စုရင် အသက်တိုတတ်တယ်ဆိုတာတော့ မင်းကိုခြိမ်းခြောက်တာ မဟုတ်ပါဘူး၊ ငါက စကားကို ဒီလိုပဲ ပြောတတ်တယ်၊ ငါ့သား မင်း၀ါကိုလဲ ဒီလိုပဲပြောတာပဲ... ငါက စကားများများ မပြောတတ်ဘူး... လိုရင်း တိုရှင်းပဲပြောတတ်တယ်"

သူသည် အဝေးသို့ငေးကြည့်ပြီးမှ ဆက်ပြောသည်။

"မင်းပြောတဲ့ သိလက်ချောင်း ထန်တုရှောင်နဲ့ပင်လယ်ဗျိုင်း၊



ခုကျိုင်းရောက်လာတဲ့ကိစ္စကို ငါပြောမယ်... အဲဒါ သူတို့က မင်းကို ငါ့ဂေဟာထဲမှာ သတ်ဖို့လာကြတာပဲ၊ သူတို့ရဲ့ဂိုဏ်းချုပ်ကြီး ရှန်ကျုန်းက လွှတ်လိုက်တာ"

ဝမ်ချိုင်း အံ့အားသင့်သွား၏။

"ဗျာ... သူတို့ထွက်လာတာ အဲဒီမနက် ကျွန်တော့်ကိုသတ်ဖို့ ဟုတ်လား"

ဝမ်ချိုင်း မေးသည်ကို လုံကျန်ပေ၀ါးက ခေါင်းညိတ်ပြသည်။

"ဟုတ်တယ်... သူတို့က ရှန်ကျုန်းအမိန့်နဲ့ မင်းကိုသတ်ဖို့ လာတာကွ... ဒါပေမယ့် ငါက ငါ့ဂေဟာထဲမှာ သတ်ဖြတ်ဖို့လက်မခံဘူး... တယ်လိုလုပ် လက်ခံလို့ဖြစ်မလဲ... မင်း၀ါက မင်းဘက်ကဝင်ပြီး ကူညီမယ်... အဲဒီအခါမှာ မင်း၀ါနဲ့စကြာဂိုဏ်းသားတွေ တိုက်ခိုက်ကြမယ်၊ ဒါကြောင့် မင်းတို့တိုက်ချင်ရင် လမ်းခုလတ်ကတိုက်ကြလို့ ပြောလွှတ်လိုက်တယ်"

ဝမ်ချိုင်းသည် လုံကျန်ပေ၀ါး၏စကားကို ဖြစ်နိုင်မဖြစ်နိုင် စဉ်းစား၏။ ဖြစ်နိုင်ပေသည်။

ဝမ်ချိုင်းက....

"နေပါဦး... မသိလို့ မေးပါရစေဦး၊ စကြာဂိုဏ်းသားတွေက ကျွန်တော့်ကိုသတ်ချင်တာ ဘာကြောင့်လဲ၊ ကျွန်တော်လာတာက ဦးလေးလုံကျန်ပေ၀ါးရဲ့ညီဖြစ်တဲ့ လုံထန်တို့မိသားစုကိစ္စကို အကျိုး

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ပေးဖို့လာခဲ့တာပဲ၊ လုံဂေဟာနဲ့ အမျိုးတော်စပ်တဲ့စကြာကိုဏ်းဟာ လုံထန်မိသားစုကို အကာအကွယ်ပေးတဲ့အတွက် ကျွန်တော့်ကိုတောင် ကျေးဇူးတင်ရဦးမယ်"

လုံကျန်ပေဝါးက ခေါင်းညိတ်၏။

"မင်းပြောတဲ့ မှန်တယ်... ဒီတော့ မင်းပြန်စဉ်းစားရမယ့်အချက်က လုံထန်မိသားစုကိုမုန်းနေတာ စကြာကိုဏ်းဖြစ်တယ်ဆိုတာ မင်း ပြန်မစဉ်းစားမိဘူးလား"

ဝမ်ချိုင်း နားရှုပ်သွား၏။ မျက်စိလည်သွား၏။

"ဒါဖြင့် လုံထန်တို့မိသားစုဆီ ကြေးစားလူသတ်သမားတွေစေလွှတ်နေတာဟာ စကြာကိုဏ်းကပေါ့"

လုံကျန်ပေဝါးက ခေါင်းယမ်းလိုက်၏။

"ဒီလိုလဲ မဟုတ်ဘူးကွ... အင်း... ငါ့အကြောင်းတွေကို အရင်ဆုံးဖွင့်ပြောမှ မင်းသဘောပေါက်မယ်နဲ့တူပါရဲ့ကွာ၊ ငါပြောပြမယ်... ငါ့အတိတ်ဇာတ်ကြောင်းကို မင်းနည်းနည်းသည်းခံပြီး နားထောင်ပေါ့ကွာ"

ဝမ်ချိုင်း စိတ်ဝင်စားပါသည်။ သူဌေးကြီးလုံထန်၏စကားများကို သူကြားယောင်လာသည်။

သူဌေးကြီးလုံကျန်ပေဝါး၏နောက်ကြောင်းများသည် အလွန်စိတ်ဝင်စားစရာကောင်းမည်ဟု သူထင်သည်။

"ကျွန်တော် စိတ်ဝင်စားပါတယ်ခင်ဗျာ"



သူဌေးကြီးလုံကျန်ပေဝါးက ခေါင်းညိတ်၏။

"ဒီလိုကွာ... အတိတ်အကြောင်းမပြောခင် အင်မတန်အရေးကြီးတဲ့စကားကို ပြောထားမှဖြစ်မယ်"

"ပြောပါဦး ဦးလေးလုံကျန်ပေဝါး... ကျွန်တော် နားထောင်နေပါတယ်"

"ငါ ဒီစကားကို အရဲစွန့်ပြီး ပြောရမှာပဲ... ဒါပေမယ့် မင်းရဲ့ ကြိုးစားလုပ်ဆောင်ချက်တွေကို ငါ ယုံကြည်တဲ့အတွက် အတိမ်းအစောင်းရှိမှာ မဟုတ်ဘူးလို့ယုံကြည်မိတယ်... ဒါကြောင့် ငါ ဒီစကားကိုဖွင့်ပြောတာပဲ"

ဘာစကားပါလိမ့်....။

ဝမ်ချိုင်းသည် ပိုမိုစိတ်ဝင်စားသွား၏။

"ဟုတ်ကဲ့... ပြောပါခင်ဗျာ"

"မင်းဆီကို မိန်းကလေးတစ်ယောက်ကို ကယ်တင်ပေးပါလို့ စာရေးလိုက်တယ်မဟုတ်လား... အဲဒီစာရေးတဲ့လူဟာ ငါပဲ"

"ခင်ဗျာ... "

ဝမ်ချိုင်းသည် အံ့ဩလွန်းလှသဖြင့် ခင်ဗျာဟူသည့်စကားကို ပါးစပ်မှထွက်သွားသည်ကိုပင် မသိလိုက်ချေ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၂)

### အတိတ်ဇာတ်ကြောင်း

ဝမ်ချိုင်းသည် အကြီးအကျယ် အံ့ဩသွားရသည်။

သူမမျှော်လင့်သည့်စကားကို လုံကျန်ပေဝါးက ပြောလိုက်ခြင်းဖြစ်သည်။

ဤအတိုင်းမှန်လျှင် လုံကျန်ပေဝါးနှင့်မိန်းကလေးတို့သည် တစ်စုံတစ်ခု ပတ်သက်နေလိမ့်မည်။

သူသည် ပို၍ သိချင်လာလေ၏။

ဝမ်ချိုင်းက....

"မိန်းကလေးကိုကယ်တင်ဖို့စာရေးတာ ဦးလေးလုံကျန်ပေဝါးလား... ဟုတ်လား... ကျွန်တော်တော့ ဘာမှနားမလည်တော့ဘူး... ဒါပေမယ့် အဲဒီမိန်းကလေးကိုကယ်တင်ဖို့ ကျွန်တော်စီစဉ်ပြီးပါပြီ"

လုံကျန်ပေဝါးက ပြုံးလိုက်၏။



ခေါင်းကိုလည်း ဆတ်ခနဲညိတ်လိုက်၏။

"အင်း... ငါမသိဘဲ နေပါ့မလား၊ ငါ ဘယ်လိုသိသလဲဆိုတာကို မင်းသိချင်မှာပဲ"

"စိတ်ဝင်စားစရာပါပဲ ခင်ဗျာ... ကျွန်တော်သိချင်ပါတယ်"

"ငါ မင်းဆီကိုစာပေးပြီးတာနဲ့ မင်းဘယ်လိုလှုပ်ရှားမလဲလို့ ငါ စောင့်ကြည့်နေခဲ့တယ်"

"ဦးလေး စောင့်ကြည့်ခဲ့တယ်မဟုတ်လား"

"အေး... အဲဒါကြောင့် မင်းအထင်မှားအောင် တစ်ခုပြီးတစ်ခု ထပ်ဖြစ်သွားရတာပေါ့"

"ဘယ်လို... ဘယ်လို"

လုံကျန်ပေဝါးက ပြုံးလိုက်၏။

"မင်းဟာ ရွှေမင်းသားစားသောက်ဆိုင်မှာ မင်းရဲ့မိတ်ဆွေကို တာဝန်ပေးနေတာကို ငါအသေအချာ ကြားလိုက်ရတယ်... ငါ သိပ်ဝမ်းသာသွားတယ်၊ မင်းမိတ်ဆွေလဲ ထွက်သွားရော ငါလဲ ဝမ်းသာအားရ ပြတင်းပေါက်က ခုန်ချပြေးလိုက်မိတယ်၊ ငါ့အမှားပေါ့... မင်း ထွက်သွားပြီးမှ ငါထွက်သွားရမှာ... အဲဒီမှာ မင်းဟာ ငါ့ကိုမြင်သွားပြီး ငါ့နောက်ကို မင်းလိုက်လာခဲ့တာပဲမဟုတ်လား"

ဝမ်ချိုင်း ပြန်တွေးသည်။ ရွှေမင်းသားစားသောက်ဆိုင်၌ လုံကျန်ပေဝါးကို သူတွေ့ခဲ့ရသည်။

လုံကျန်ပေဝါးသည် ကောင်းယိနှင့်ကွင်းပုရိနောက်သို့ လိုက်

www.burmeseclassic.com

www.burmeseclassic.com



ခြင်းမဟုတ်ပေ။

မိမိနောက်သို့ လိုက်လာခြင်းဖြစ်သည်။ မိမိအား စောင့်ကြည့်ခြင်း ဖြစ်ပေသည်တကား။

လုံကျုန်ပေဝါးက ဆက်ပြော၏။

"ငါ အဲဒီပြတင်းပေါက်က ထွက်ပြေးတော့ ငှက်ပျောပင်တွေကြားထဲမှာ အလောင်းတစ်လောင်းကိုတွေ့ရတယ်... ငါဆက်ပြေးတော့ မကြာခင်ဘဲ ကောင်းယိနဲ့ကွင်းပုရိကိုတွေ့တော့ ဟိုတစ်ယောက်ကို ဒီနှစ်ကောင်သတ်တယ်ဆိုတာ ငါသိလိုက်တာပေါ့။ ဒါနဲ့ သေတဲ့လူ ဘယ်သူဖြစ်မလဲလို့ ငါသိချင်တာနဲ့ နောက်ကြောင်းပြန်လှည့်လာတော့ မင်းဟာသေတဲ့လူကို ငုံ့ကြည့်နေတာတွေ့ရတယ်၊ ငါထင်လိုက်တာ ဒီကောင်ကို ငါသတ်တယ်လို့ မင်းထင်တော့မှာပဲလို့ တွေးလိုက်မိတယ်၊ ဘာဖြစ်လို့လဲဆိုတော့ မင်းက ငါ့ကိုတွေ့ပြီးမှ အလောင်းကိုတွေ့တာ မဟုတ်လား"

လုံကျုန်ပေဝါးပြောသောအခါမှ အားလုံးရှင်းလင်းသွားသည်။

မိမိသည် ပထမအချိန်ကတော့ လုံကျုန်ပေဝါးသတ်သည်ဟု ပင် ထင်ခဲ့သည်။

မိမိသည် ကောင်းယိနှင့်ကွင်းပုရိတို့နှစ်ယောက်ကို လုံးဝမတွေ့မြင်ခဲ့ရခြင်းက လုံကျုန်ပေဝါးကို ပိုထင်ခဲ့ခြင်းဖြစ်သည်။

ရွှေမင်းသားစားသောက်ဆိုင်ကို သွားမေးသောအခါ



ကောင်းယိနှင့်ကွင်းပုရိတို့နှစ်ယောက် တည်းခိုနေသည်ဟု သိရသည်။

သူတို့နှစ်ယောက်သည် နံပါတ်ငါးကိုသတ်ပြီး အပြင်သို့ထွက်သွားကြခြင်းဖြစ်ပေလိမ့်မည်။

ယခုမှ ထိုအချက်ကို ပြန်စဉ်းစားမိခြင်း ဖြစ်သည်။

ဝမ်ချိုင်းက ဝန်ခံပြောကြားလေ၏။

"ဟုတ်ပါတယ်ခင်ဗျာ... ကျွန်တော့်စိတ်ထဲမှာ ဦးလေးသတ်သွားတယ်လို့ပဲ ထင်ခဲ့မိပါတယ်"

လုံကျုန်ပေဝါးက လက်ကာပြသည်။

"အဲဒီကိစ္စထားလိုက်ပါတော့... စောစော ငါ့စကားကို ပြန်ဆက်ရမယ်... မင်းဟာ မင်းမိတ်ဆွေကိုလွှတ်လိုက်ပြီဆိုတော့ ငါနည်းနည်းစိတ်အေးသွားပါပြီ... အဲဒီတော့ ငါ့ရဲ့အတိတ်ဇာတ်ကြောင်းကို နည်းနည်းပြန်ပြောပြပါ့မယ်"

"ဟုတ်ကဲ့... ကျွန်တော် နားထောင်နေပါတယ်"

လုံကျုန်ပေဝါးသည် သူ့အတိတ်ကို ပြန်လည်ပြောပြလေတော့၏။

အချိန်က နေဝင်ရီတရောအချိန်ဖြစ်သည်။

လုံကျုန်ပေဝါးသည် အလုပ်ကပြန်လာသည်နှင့်ညနေပိုင်း

www.burmeseclassic.com

www.burmeseclassic.com



တွင် အရက်ကိုသောက်သည်။ ပင်ပန်းသမျှ အတိုးချအနားယူသည်။

လုံကျန်ပေဝါးသည် ထက်မြက်သောသိုင်းသမားတစ်ဦးဖြစ်သည်။

သူသည်သိုင်းလောကထဲ၌ ကျင်လည်ကျက်စားလိုသော်လည်း သူသည် သမီးငယ်တစ်ယောက်ရှိနေသည့်အတွက် သိုင်းလောကသို့မဝင်ဘဲ ပင်ပင်ပန်းပန်းလုပ်ကိုင်ပြီး စားသောက်နေခြင်းဖြစ်သည်။

သားအဖနှစ်ဦး သမ္မာအာဇီဝအလုပ်ဖြင့် လုပ်ကိုင်စားသောက်နေခြင်း ဖြစ်ပါသည်။

သူသည် အရက်ကိုဇိမ်နှင့်သောက်နေစဉ် အရက်ဆိုင်ထဲသို့ အလွန်အကျွံမူးလာသော အရက်သမားတစ်ဦး ဝင်ရောက်လာလေ၏။

ထိုလူ၏အမည်မှာ'မင်းထုံစီ'ဖြစ်သည်။

မင်းထုံစီသည် အရက်မူးလာလျှင် သွေးအလွန်ဆိုးသူဖြစ်သည်။

သူသည် မည်သည့်အလုပ်မှ မည်မည်ရရမလုပ်ချေ။

အရက်သောက်ပြီး လောင်းကစားဝိုင်းများ၌ အချိန်ကုန်နေသူဖြစ်၏။

သို့သော် သူသည် သိုင်းပညာကို အတော်အတန် တတ်မြောက်ထားသူဖြစ်၏။



သူအရက်မူးလာလျှင် အချို့သူများက ခပ်ဝေးဝေးက ရှောင်ကြသည်။

အကြောင်းမှာ မိုက်ကြေးခွဲပြီး ပိုက်ဆံတောင်းတတ်သောကြောင့်ပေတည်း။

အချို့သောသူများသည် ထိုမျှ အရက်မူးနေသောလူမျိုးကို အလွယ်တကူ သတ်ပစ်နိုင်ပါသည်။

သို့သော် သူတို့မသတ်ရကြပါ။

မင်းထုံစီသည် နောက်ကြောင်းရှိသောလူ ဖြစ်နေသောကြောင့်တည်း။

အကြောင်းမှာ မင်းထုံစီကိုသတ်ပစ်လျှင် မင်းထုံစီ၏မိန်းမ ရှမ်းကီးက ခံမည်မဟုတ်သောကြောင့်တည်း။

ဤသို့ဆိုလျှင် ရှမ်းကီးကို ထက်မြက်သောမိန်းမတစ်ယောက်လောဟု မေးရန်ရှိသည်။

ဤသို့မဟုတ်ပါ။ ရှမ်းကီးက သတ်မည်ကိုမကြောက်ရပါ။

ရှမ်းကီး၏အစ်ကိုကြီး စကြာကိုဏ်းချုပ်ကြီးရှန်ကျန်းက သတ်မည်ကို စိုးရိမ်ရသောကြောင့်ဖြစ်ပါသည်။

ယခု မင်းထုံစီသည် ဒယီးဒယိုင်ဖြင့် အရက်ဆိုင်ထဲသို့ ဝင်လာလေ၏။

မင်းထုံစီဒုက္ခပေးသည်ကို ခံရဖူးသာသူများ၊ မင်းထုံစီဒုက္ခပေးသည့် အဖြစ်များကိုသိသူများသည် အရက်ကိုဆက်မသောက်ကြ

www.burmeseclassic.com

www.burmeseclassic.com



တော့ဘဲ ဆိုင်ထဲမှ ထွက်ခွာသွားကြပေတော့သည်။

အကြောင်းမသိသူများသာ ကျန်ရစ်ခဲ့သည်။

အချို့ကလည်း သူတို့သောက်နေသည့်အရက်များကို ငှဲ့ပေးလိုက်ကြ၏။

မင်းထုံစီကတော့ အသောက်ချည်းပင်။

လုံကျန်ပေဝါးသည် အရက်သောက်နေရာမှ မသိမသာလှမ်းကြည့်လိုက်၏။

ထိုအခါ မင်းထုံစီနှင့်အကြည့်ချင်း ဆုံသွားတော့သည်။

မင်းထုံစီသည် အနည်းငယ်ပြုံးလိုက်ပြီး လုံကျန်ပေဝါးအနီးသို့ ရောက်လာလေ၏။

ဤသည်မှာ လုံကျန်ပေဝါးအတွက် အကုသိုလ်အကောင်လိုက် ဝင်ခြင်းပေတည်း။

"ဟော့ကောင်... ငါ့ကိုအရက်တိုက်စမ်း"

လုံကျန်ပေဝါးသည် အများထဲမှ တစ်ယောက်ဖြစ်ပါသည်။ သူ့ရဲကောင်းတစ်ယောက် မဟုတ်ပါ။

"ဟာ... ရပါတယ်ဗျာ... ရပါတယ်၊ ကဲ... သောက်ပါဗျာ"

လုံကျန်ပေဝါးသည် သူဝယ်ထားသောအရက်အိုးကို မင်းထုံစီရှေ့သို့ ချပေးလိုက်ပါသည်။

"မင်း မဆိုးပါဘူး... မင်း တော်တော် သဘောကောင်းတဲ့ကောင်ပဲ၊ မင်းအိတ်ထဲမှာရှိတဲ့ပိုက်ဆံတွေ ပေးစမ်းကွာ၊ ငါ ကစားဝိုင်းသွားမလို့ကွ"



လုံကျန်ပေဝါးမှာ ရင်ထဲ၌ ထိတ်ခနဲဖြစ်သွား၏။

မင်းထုံစီသည် အရက်တောင်းသောက်ရုံမျှမက မိမိအိတ်ထဲမှ ပိုက်ဆံကိုပင် မြင်သွားလေပြီ။

ထိုပိုက်ဆံများကို လုံကျန်ပေဝါး မပေးနိုင်ပါ။

သူ ဆယ့်ငါးရက်လုံးလုံး ပင်ပန်းကြီးစွာ ရှာဖွေထားရသောငွေများ ဖြစ်ပါသည်။ ထိုငွေအားလုံးကို သူ မသုံးနိုင်ပါ။

အချို့အဝတ်အစားများကို အကြွေးပေးဆပ်ရမည်ဖြစ်ပါသည်။

ထို့နောက် သမီးအတွက် ဝတ်စုံလှလှကလေး ဝယ်ပေးမည်ဟု သူ ကတိပြုထားခဲ့ပါသည်။

ထို့ကြောင့် ထိုငွေများကို နည်းနည်းမျှ အထိမခံနိုင်ပါချေ။ သူသည် အိတ်ကိုဖိလိုက်၏။

သူ့ငွေများကို မထိစေရန် ဖြစ်ပါသည်။

"ဟာ... ဒီငွေကလေးကိုတော့ မလုပ်ပါနဲ့ ဆရာမင်းထုံစီရယ်... ကျွန်တော့်မှာ ပေးစရာအကြွေးတွေရှိနေတယ်၊ နောက်ပြီး ကျွန်တော့်သမီးလေးအတွက်...."

မင်းထုံစီသည် လက်ကိုဝှေ့ယမ်းရင်း ပြောသည်။

"အို... ဒါတွေကို ငါနားမလည်ဘူး၊ ဟော့ကောင် လုံကျန်ပေဝါး စိတ်ချစမ်းပါကွ၊ မင်း ဒီထက်မကတဲ့ ငွေတွေကိုပြန်ရမှာပါ။

www.burmeseclassic.com

www.burmeseclassic.com



ငါ ကစားလိုက်ရင် တစ်ဝိုင်းလုံးကငွေတွေကို ငါရမှာပါကွ… မင်းကို ဒီထက်မကတဲ့ ငွေတွေကိုပြန်ပေးမယ်ကွာ"

လုံကျန်ပေဝါးမှာ လွန်စွာစိုးရိမ်သွား၏။

ဤသို့ဆိုလျှင် မင်းထုံစီကို မည်သို့မျှချော့၍ ရမည်မဟုတ်သည်ကို သိလိုက်မိတော့သည်။

ထိုအခါ ငွေများထဲမှ ငွေတစ်ရာကိုနှိုက်ယူလိုက်သည်။

သူသည် မင်းထုံစီကို ငွေတစ်ရာလှမ်းပေးလိုက်သည်။

"ဒီမှာမင်းထုံစီ… ဒီငွေတစ်ရာကိုယူပါခင်ဗျာ… ကျန်တဲ့ငွေကိုတော့ မလုပ်ပါနဲ့… ချမ်းသာပေးပါ… ကျုပ်ပေးဆပ်စရာရှိလို့ပါ ကျုပ် တောင်းပန်ပါတယ်"

မင်းထုံစီက အရက်ခွက်ကို ကောက်မော့လိုက်၏။

ထို့နောက် သူ၏ခါးကြားမှ ဓားမြှောင်ကိုဆွဲထုတ်၍ စားပွဲပေါ်သို့ ထိုးစိုက်လိုက်သည်။

"ဒေါက်…."

ဓားမြှောင်သည် လက်ကိုင်ရိုးယမ်းနေလေ၏။

မင်းထုံစီ ခြိမ်းခြောက်နေလေပြီ။

ကောင်းမွန်စွာ တောင်း၍မရလျှင် ဓားဖြင့်ထိုးသတ်မည်ဟု ခြိမ်းခြောက်ခြင်းဖြစ်သည်။

"လုံကျန်ပေဝါး ငါ ဘယ်လိုလူစားလဲဆိုတာ မင်းသိပါတယ်၊ ကောင်းကောင်းမွန်မွန် ပြောမရရင်တော့ အင်း… မင်းကို ဆုံးမတန်



ဆုံးမရမှာပဲ"

"ကျွန်တော် တောင်းပန်ပါတယ်ဗျာ… ဟောဒီက ငွေတစ်ရာကိုတော့ ယူသွားပါ၊ ကျွန်တော့်ကိုလဲ ပြန်မပေးပါနဲ့တော့… နောက်ပြီး ခင်ဗျားကို အရက်တစ်အိုး မှာတိုက်ပါဦးမယ်ဗျာ"

မင်းထုံစီသည် လုံကျန်ပေဝါး၏မျက်နှာကို ရယ်၍ကြည့်လေ၏။

ထို့နောက် လုံကျန်ပေဝါး၏အိတ်ထဲမှ ငွေအားလုံးကိုနှိုက်ယူ၍ သူ့ရင်ဘတ်ကြားသို့ ထိုးထည့်လိုက်သည်။

"ဟာ…."

လုံကျန်ပေဝါးမှာ အံ့အားသင့်သွားသည်။ ဒေါသလည်း ထွက်သွားသည်။

"ဒီမှာ မင်းထုံစီ… ဒီငွေထဲက နှစ်ရာယူသွားပါ၊ တစ်ရာ မဟုတ်ဘူး… နှစ်ရာယူသွားပါ၊ ကျုပ်ကိုသုံးရာတော့ ပြန်ပေးခဲ့ပါ… ကျုပ် အကုန်လုံးတော့မပေးနိုင်ဘူး… နှစ်ရာနဲ့ကျေနပ်ပါဗျာ"

လုံကျန်ပေဝါးက ချော့ပြီးပြောသည်။

သို့သော် သူ့လေသံက စောစောကလို မပျော့တော့ပေ။

မင်းထုံစီ၏ လက်တစ်ဖက်သည် မြောက်တက်သွားပြီး လုံကျန်ပေဝါး၏မျက်နှာကို ရိုက်ချလိုက်၏။

"ဖြန်း…."

လုံကျန်ပေဝါးမှာ နောက်သို့လန်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



အရက်လည်း တိုက်ရသည်။ ငွေနှစ်ရာလည်း အလကားပေးရသည်။ ဒါကိုမကျေနပ်သဖြင့် ပါးရိုက်သေးသည်။

မင်းထုံစီ စော်ကားလေပြီ။ ဤသို့စော်ကားခဲ့သူ မည်မျှရှိသည်ကို မသိချေ။

လုံကျန်ပေဝါးအဖို့မူ သည်းခံနိုင်သည့်အနေအထားထက်များစွာ ကျော်လွန်သွားခဲ့ချေပြီ။

လုံကျန်ပေဝါး ဆက်လက် သည်းမခံနိုင်တော့ချေ။

ထို့ကြောင့် စားပွဲပေါ်၌ မင်းထုံစီစိုက်ထားသော ဓားမြှောင်ကိုကောက်မယူလျက် မင်းထုံစီ၏ရင်ဝသို့ တစ္စပ်စ္စပ်နှင့် ထိုးချလေတော့၏။

"စွပ်...."

"စွပ်...."

"စွပ်...."

သူသည် ဒေါသဖြင့် သုံးချက်တိတိ ထိုးစိုက်လိုက်၏။

"အား...."

မင်းထုံစီ၏အော်သံသည် ဆိုင်တစ်ခုလုံး လွှမ်းမိုးသွား၏။

ဤလိုလူမိုက်မျိုးကား တစ်နေ့ ဤသို့ပင် ဘေးတွေ့တတ်ပေသည်။

အရက်ဆိုင်တစ်ဆိုင်လုံး ရုတ်ရုတ်သဲသဲဖြစ်သွား၏။ မည်သူမျှလည်း မတားရဲ။



သတ္တိကြောင်သောသူများမှာ ဆိုင်ထဲမှပြေး ထွက်သွားကြ၏။

အချို့သည် ငေးမောကြည့်နေမိကြ၏။ လုံကျန်ပေဝါးသည် သူ့ငွေများကိုပြန်ယူကာ အိတ်ထဲသို့ထည့်လိုက်၏။

သူသည် ဆိုင်ထဲသို့လှမ်းကြည့်လိုက်သောအခါ ဆိုင်ထဲမှလူများသည် ကြက်သေသေပြီး သူ့ကိုငေးစိုက်ကြည့်နေသည်ကို တွေ့ရသည်။

ဆိုင်အပြင်၌ ညည့်အမှောင်လွှမ်းနေလေပြီ။

လုံကျန်ပေဝါးသည် ဆိုင်အပြင်သို့ ထွက်ခဲ့လေတော့၏။

လုံကျန်ပေဝါးသည် သူ့အိမ်ကလေးသို့ ရောက်သောအခါ သိမ်းဆည်းစရာရှိသည့် အဝတ်တို့ကို သိမ်းဆည်းနေ၏။

သမီးတစ်ခု အဖေကစ်ခုသာဖြစ်၍ သူတို့၌သိမ်းဆည်းရန် ပစ္စည်းလည်း များများစားစားမရှိပါ။

"ဖေဖေ... သမီးတို့ ဘယ်ကိုသွားမလို့လဲဟင်"

သမီးကလေးသည် ဖခင်၏မျက်နှာ မသာမယာဖြစ်နေသည့်အပြင် အဝတ်များကိုသိမ်းဆည်းနေသဖြင့် တစ်စုံတစ်ခု ထူးခြားနေပြီ ကိုသိပေသည်။

"သမီး... အစုတ်တွေကို မယူပါနဲ့... ထားပစ်ခဲ့ပါ၊ ဖေဖေတို့ ဒီညပဲ ခရီးထွက်ကြရမယ်"

သူသည် သမီးကလေး စိတ်မကောင်းမည်စိုး၍ မည်သည့်

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမျှ ဖွင့်မပြောပေ။

ခရီးထွက်မည်ဟူသာ သာမန်အားဖြင့် ပြောလိုက်သည်။

ပြောသာပြောလိုက်ရသော်လည်း မည်သည့်အရပ်သို့ ခရီးထွက်ရမည်ကို လုံကျန်ပေဝါး မသိသေးပါချေ။

သူသည် ဟန်ကြူးမြို့၌သာ အနေများသူဖြစ်၍ အခြားမြို့ရွာများကို မကျွမ်းကျင်ပါချေ။

သူသည် ယနေ့ညအဖို့ ဟန်ကြူးမြို့မှ ဖြစ်သလို ခွာရမည်။ မခွာလျှင် မဖြစ်။

သူ့အား စကြာဂိုဏ်းသားများက လာရောက်ဖမ်းဆီးမည်ကို သူကြိုတင်သိရှိပြီး ဖြစ်သည်။

ယခုအချိန်လောက်ဆိုလျှင် သူတို့သည် မင်းတုံစီ သေဆုံးသွားသည်ကို သိရှိသွားလောက်ပေပြီ။

ဆိုင်ထဲ၌ မျက်မြင်သက်သေများရှိ၏။

မိမိ လုံကျန်ပေဝါးဆိုသည်ကိုလည်း သူတို့သိရှိကြ၏။

ထိုသက်သေများက မပြောဘဲ နေဝံ့မည်မဟုတ်ချေ။ စကြာဂိုဏ်းကို လူတိုင်းက ကြောက်ရွံ့ကြပေသည်။

လုံကျန်ပေဝါးသည် မိမိ၏အဝတ်အစားများကို အိတ်တစ်လုံး၌ထည့်ပြီး သမီးကလေး၏အဝတ်အစားများကို အိတ်တစ်လုံး၌ ထည့်သည်။

သို့သော် လုံကျန်ပေဝါး ခရီးမထွက်ဖြစ်တော့ပါ။ ရှောင်တိမ်း၍လည်း မရတော့ပါ။



လုံကျန်ပေဝါး အနည်းငယ် နောက်ကျသွားပြီဖြစ်ပါသည်။

စကြာဂိုဏ်းသား နှစ်ဆယ်ခန့်သည် လုံကျန်ပေဝါးကိုဝိုင်းထားပြီး ဖြစ်နေပါသည်။

စကြာဂိုဏ်းချုပ်ကြီး ရှန်ကျန်းနှင့် မင်းတုံစီ၏ဖနီး ရှမ်းကီးသည် မောင်နှမအရင်းဖြစ်သည်။

သို့သော် သူတို့မောင်နှမသည် အတူမနေကြချေ။

ရှန်ကျန်းသည် သူ့ဘာသာသီးသန့်နေပြီး စကြာဂိုဏ်းကို ဖွဲ့စည်းတည်ထောင်ထားသည်။

သူ၏စကြာဂိုဏ်းသည် တစ်စုံတစ်ခုသော အတိုင်းအတာအထိ အောင်မြင်နေသည်။

ညီမရှမ်းကီးသည် မင်းတုံစီနှင့်သီးခြားနေထိုင်သူဖြစ်သည်။

ရှမ်းကီးနှင့်မင်းတုံစီမှာ ချမ်းသာကြွယ်ဝသူများ မဟုတ်ကြပါ။

ယခင်က ရှမ်းကီးသည် ငွေကြေးအမြောက်အမြား၊ ပစ္စည်းအမြောက်အမြား ရှိသော်လည်း မင်းတုံစီသောက်စားမူးယစ်သုံးဖြုန်းလွန်းသဖြင့် ရှမ်းကီးသည် တဖြည်းဖြည်းဆင်းရဲသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကြီးဖြစ်သူ ရှန်ကျန်းမှာ ညီမဖြစ်သူ၏ဖြစ်အင်ကို သိရှိသည်။

ဘို့သော် သူသည် ယောက်ဖဖြစ်သူ မင်းထုံစီကိုကြည့်မရချေ။

ညီမနှင့်မပတ်သက်လျှင် သတ်ပစ်ကောင်း ,သတ်ပစ်မည်ဖြစ်သည်။

မင်းထုံစီကြောင့် သူ၏ညီမဖြစ်သူရှမ်းကီးအား ပစ်ပယ်ထားခြင်းဖြစ်သည်။

ယခု အရေးကိစ္စကြုံလာသောအခါ ရှမ်းကီးသည် အစ်ကိုကြီးအား တိုင်ကြားရတော့သည်။

ရှန်ကျန်းသည် သူ၏ညီမဖြစ်သူကို စောင့်ရှောက်ရတော့သည်။

သူတပည့်ဂိုဏ်းသားများကို စေလွှတ်၍ လုံကျန်ပေဝါးအား ဖမ်းဆီးနိုင်းလိုက်ခြင်း ဖြစ်တော့သည်။

စကြာဂိုဏ်းသားများသည် လုံကျန်ပေဝါးနှင့် သူ့သမီးလေးကို ဖမ်းဆီးခေါ်ဆောင်သွားသည်။

သူတို့သည် လုံကျန်ပေဝါးကို ကြိုးဖြင့်တုပ်နှောင်လိုက်ကြ၏။

ကလေးမလေးကိုတော့ ကလေးဖြစ်နေ၍ ကြိုးနှင့်မတုပ်ကြပေ။



စကြာဂေဟာထဲ၌ မီးများ ထိန်လင်းနေ၏။

လုံကျန်ပေဝါးကို ရှန်ကျန်းနှင့်သူ၏ဂိုဏ်းသားများ ရှမ်းကီးတို့က ဝိုင်းကြည့်နေကြသည်။

ရှမ်းကီးသည် သူ၏ယောကျ်ားကိုသတ်ပစ်သည့် လုံကျန်ပေဝါးကိုမျှားစွာ နာကြည်းနေသည်။

"နင်... နင်... ငါ့လင်ကို ဘာကြောင့်သတ်ရတာလဲ"

ရှမ်းကီးသည် လုံကျန်ပေဝါးကို တဖျန်းဖျန်းနှင့် ပါးရိုက်လေ၏။

လုံကျန်ပေဝါးသည် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များကို ရှမ်းကီးအား ပြောပြလေ၏။

သူ့ယောကျ်ားသည် ဤသို့မိုက်ကြေးခွဲနေသည်ကို ရှမ်းကီးသိသည်။ သူမအဖို့ ဘာမှုမထူးခြားချေ။

ပြန်လည်ခုခံသည့် လုံကျန်ပေဝါးသာ အပြစ်ဖြစ်နေသည်။

"ဒါ နင်လုပ်ကြံပြီး ပြောတာ... သူက မူးလာရင် ဒီလိုလုပ်တတ်တာပဲ... ဒါကို နင်တို့သည်းခံရမှာပေါ့"

လုံကျန်ပေဝါးမှာ ခေါင်းငိုက်စိုက်ကျနေ၏။

"သတ်မယ်... သတ်မယ်... နင့်ကိုသတ်မယ်"

ရှမ်းကီးက အော်လိုက်၏။

ထိုအခါ လုံကျန်ပေဝါး၏သမီးငယ်က သူ့ဖခင်ကို ပြေးဖက်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေကို မသတ်ပါနဲ့... ဖေဖေ့ကိုမသတ်ပါနဲ့... ကျွန်မကို သတ်ပါ၊ ကျွန်မကို သတ်ပါရှင်"

မိန်းကလေးက သနားစဖွယ် တောင်းပန်နေသည်။

ရှမ်းကီးက....

"နင့်ကိုလဲ သတ်မယ်... နင့်အဖေကိုလဲ သတ်မယ်... နင်တို့ သားအဖနှစ်ယောက်စလုံးကို ငါ ခွင့်မလွှတ်ဘူး"

ထိုအခါ လုံကျန်ပေဝါးက ရှမ်းကီးကို ခေါင်းမော့၍ကြည့်သည်။

"ဒီမှာရှမ်းကီး... အပြစ်ရှိတယ်ဆိုရင် ကျုပ်ပဲ အပြစ်ရှိမှာပေါ့... ကလေးမှာ ဘယ်လိုအပြစ်ရှိမှာလဲ... ကျုပ်ကိုပဲ သတ်ပါ၊ ကျုပ်သမီးလေးကိုတော့ လွှတ်ပေးလိုက်ပါ"

ရှမ်းကီးသည် မျက်နှာမဲ့လိုက်၏။

"အောင်မယ်လေး... ချစ်လိုက်ကြတာ... နင်တို့သားအဖနှစ်ယောက်စလုံး ငါ့လင်သေသလို သေစေရမယ်၊ အစ်ကိုကြီး သူတို့နှစ်ယောက်စလုံးကို အခု ကျွန်မသတ်မယ်"

ရှမ်းကီးသည် ရှန်ကျုန်းကို လှမ်းပြောလိုက်၏။

ရှန်ကျုန်းသည် အတန်ကြာမျှ တွေဝေစဉ်းစားနေသည်။

သူသည် အတော်ကြာ စဉ်းစားပြီးမှ....

"ရှမ်းကီး... အထဲကို ခဏလာခဲ့"

သူသည် ရှမ်းကီးအား အခန်းထဲလှမ်းခေါ်ခဲ့သည်။



မောင်နှမနှစ်ယောက် တိုင်ပင်ရန်ဖြစ်သည်။

ထိုအချိန် စကြာဂိုဏ်းတည်ထောင်အောင်မြင်စအချိန် ဖြစ်သည်။

ရှန်ကျုန်းသည် သူ့ဂိုဏ်းကို လူများကြောက်လန့်နေသည်ကို သဘောကျသော်လည်း ရွံရှာမည်ကို အတော်စိုးရိမ်သည်။

ယခု မင်းထုံစီကိစ္စ....။

မင်းထုံစီမှာ သူတို့မြို့၌ နာမည်ပျက်နေသောလူဖြစ်သည်။

လူများကို ရိုက်ပုတ်ညှဉ်းဆဲ မိုက်ကြေးခွဲနေသော လူဆိုးလူမိုက်တစ်ယောက်ဖြစ်သည်။

မင်းထုံစီ၏ရိုင်းပျစော်ကားသော အပြုအမူကို အရက်ဆိုင်ရောက်လာသူမှန်သမျှ ခံရသည်ချည်းဖြစ်၏။

ထို့ကြောင့် လူအများက မင်းထုံစီကို ရွံရှာမုန်းတီးနေကြသည်။

ယခုကိစ္စမှာလည်း မင်းထုံစီအနိုင်ကျင့်လွန်းသဖြင့် လုံကျန်ပေဝါးက မခံနိုင်ဖြစ်ကာ သတ်ဖြတ်ရသည်အထိ ဖြစ်လာခြင်းဖြစ်သည်။

ဤသည်ကို လုံကျန်ပေဝါးကလည်း ပြောသည်။ သူတို့စုံစမ်းရသမျှလည်း ထိုအတိုင်းသာ ဖြစ်သည်။

အမှန်ဆိုလျှင် အပြစ်ကျူးလွန်သူမှာ မင်းထုံစီသာဖြစ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



အစော်ကားခံရသော လုံကျန်ပေဝါးကို သတ်လိုက်ပါက မြို့သူမြို့သားများသည် စကြာဂိုဏ်းအပေါ် မည်သို့ထင်မြင်ကြမည်နည်း။

စကြာဂိုဏ်းကို လူများ ရွံရှာမုန်းတီးသွားပေတော့မည်။

"ဒီမှာရှမ်းကီး... နင့်ယောက်ျား ဘယ်လောက်ဆိုးသလဲဆိုတာ နင်လဲသိသားပဲ၊ လုံကျန်ပေဝါးတို့ကို သတ်လိုက်ရင် တို့မတရားရာ ကျသွားမှာပေါ့၊ အဖြစ်ကလဲ ကြည့်စမ်းပါဦး... နင့်ယောက်ျားက အနိုင်ယူဗိုလ်ကျတာကွ၊ ငါ တစ်ခုစဉ်းစားမိတာရှိတယ်"

"အစ်ကိုကြီး... ဘယ်လိုစဉ်းစားမိလို့လဲ၊ အကြံကောင်းရင် ကျွန်မလိုက်နာရမှာပေါ့"

"ဒီမှာရှမ်းကီး... လုံကျန်ပေဝါးဟာ သူ့သမီးလေးကို အင်မတန်ချစ်တယ်၊ အဲဒီတော့ သူ့သမီးလေးအတွက်ဆို ဘာမဆိုလုပ်မှာပဲ၊ အဲဒီတော့ ငါသူ့ကို သူ့သမီးနဲ့ပတ်သက်ပြီး အကျပ်ကိုင်လိုက်ရင် နင့်အတွက် ကောင်းမယ်ထင်တာပဲ"

ရှမ်းကီးသည် ခေါင်းညိတ်လိုက်၏။

"အစ်ကိုကြီး... ကောင်းမယ်ထင်သလိုသာ စီမံပါ"

ဂိုဏ်းချုပ်ကြီးရုန်ကျန်းနှင့်ရှမ်းကီးတို့သည် အခန်းထဲမှထွက်လာကြတော့၏။

"ဘဘကြီး... ဖေဖေ့ကို မသတ်ပါနဲ့ရှင်"

ရုန်ကျန်း၏ဝတ်စုံစကြာကိုဆွဲကာ မိန်းကလေးက တောင်းပန်လေတော့သည်။



သူမသည် သူ့မဖခင် အသက်ချမ်းသာရာရရေးအတွက် ငိုယိုတောင်းပန်နေသည်။

ရုန်ကျန်းက....

"ဟေ့... သူ့ကိုကြိုးဖြေပေးလိုက်စမ်း"

ရုန်ကျန်း၏အမိန့်အရ ဂိုဏ်းသားတစ်ယောက်သည် လုံကျန်ပေဝါးအား ချည်နှောင်ထားသောကြိုးများကို ဖြေပေးလိုက်သည်။

"ဒီမှာ လုံကျန်ပေဝါး"

"ဟုတ်ကဲ့... ပြောပါ ဂိုဏ်းချုပ်ကြီးခင်ဗျာ"

"တကယ်ဆိုရင် ငါ့ညီမယောက်ျားကို သတ်တဲ့လူကို ငါကမသတ်သင့်ဘူးလား"

ရှမ်းကီးမှာ သားတစ်ယောက်ရှိသည်။ ထိုသားမှာ မင်းဝါဖြစ်သည်။

ရုန်ကျန်းမှာ ဆက်ပြောသည်။

"အဲဒီတော့ ငါစကားတစ်ခွန်းပြောမယ်... အဲဒီစကားကို နားထောင်ရင် မင်းကိုအသက်ချမ်းသာပေးမယ်"

လုံကျန်ပေဝါးမှာ လောလောဆယ် သူ့အား မသတ်တော့ဟု ဆိုသဖြင့်ဝမ်းသာသွားသည်။

သူသည် ဂိုဏ်းချုပ်ကြီးအား အကြိမ်ကြိမ်ဦးညွှတ်၍ ဂါရဝပြုလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အမှန်ကတော့ သူသည် သူ့သမီးကလေး ဝမ်းသာသွားသည်ကို တွေ့မြင်လိုက်ရသောကြောင့်ဖြစ်ပါသည်။

လောက၌ အသက်ရှင်သန်နေရသည့်အကြောင်းမှာ ဤသမီးကလေးရှိသောကြောင့်ပင် မဟုတ်ပါလား။

"ဟင်... ဖေဖေ့ကိုမသတ်တော့ဘူး ဟုတ်လား။ ဘဘကြီးကို ကျေးဇူးတင်လိုက်တာ... သမီးကို ခိုင်းချင်တာခိုင်းပါ ဘဘကြီးရယ်၊ သမီးဘာမဆို ဆောင်ရွက်ပေးပါ့မယ်"

ရုန်ကျုန်းက ပြောလိုက်၏။

"ဒီမှာလုံကျန်ပေဝါး... မင်းရဲ့သမီးလေးအတွက် ဘာမှမပူနဲ့ သူ့ကို ငါတို့က ကောင်းကောင်းမွန်မွန် ထိန်းသိမ်းစောင့်ရှောက်ထားတယ်၊ ငါကပဲဖြစ်ဖြစ် ရှမ်းကီးကပဲဖြစ်ဖြစ် ကျေနပ်မှုမရှိမချင်း မင်းကို တွေ့ခွင့် မပေးနိုင်ဘူး... အကယ်၍ မင်းက တစ်စုံတစ်ခုလုပ်မယ်၊ ငါ့စကားကို နားမထောင်ဘူးဆိုရင် နောက်တစ်နေ့မှာ မင်းသမီးရဲ့အလောင်းကိုပဲတွေ့ရမယ် နားလည်သလား"

လုံကျန်ပေဝါးသည် သူ့အသက်မသေသည့်အပြင် သမီးကိုလည်း စောင့်ရှောက်ထားဦးမည်ဆိုသဖြင့် အလွန်ဝမ်းသာသွားသည်။

ဘာပဲလုပ်ရလုပ်ရ လုပ်ပေးတော့မည်ဟု ဆုံးဖြတ်လိုက်လေ၏။

"ဟုတ်ကဲ့ခင်ဗျာ... ဂိုဏ်းချုပ်ကြီးအမိန့်ရှိပါ၊ ကျွန်တော်ကြိုးစား ဆောင်ရွက်ပေးပါ့မယ်"



"ကောင်းပြီ... မင်းတစ်နှစ်အတွင်း ငွေသုံးသောင်းရအောင် ရှာကြံပြီး ရှမ်းကီးကိုပေးရမယ်၊ တစ်နှစ်ပြည့်လို့မှ ငွေသုံးသောင်းမပြည့်ဘူးဆိုရင်တော့ မင်းကော မင်းသမီးကိုပါ ဆုံးမရမှာပဲ၊ ကဲ... ဘယ်လိုလဲ"

ငွေသုံးသောင်း... နည်းနည်းနောနော ငွေမဟုတ်....။

သို့သော် သမီးကလေး စိတ်ချမ်းသာမှုရှိရေးအတွက် မိမိကြိုးစားဆောင်ရွက်ပေးရပေတော့မည်။

သမီးလေးကို ဓားစာခံထားပြီး မိမိကို နဖားကြိုးထိုးစေခိုင်းခြင်းပင်။

"ကောင်းပါပြီ ဂိုဏ်းချုပ်ကြီးခင်ဗျာ... ကျွန်တော့်သမီးစိတ်ချမ်းသာဖို့အရေး ကျွန်တော်ကြိုးစားရှာဖွေပါမယ် ခင်ဗျာ... ကျွန်တော့်သမီးကိုသာ...."

"ဟာ... ဒါတော့ စိတ်ချ၊ မင်းသမီးလေးဟာ ငါ့တို့ဆီမှာ စိတ်ချမ်းသာ ကိုယ်ချမ်းသာရှိစေရမယ်လို့ ငါကတိပေးတယ်"

ဤသို့ဖြင့် ဂိုဏ်းချုပ်ကြီး ရုန်ကျုန်း၏အဆုံးအဖြတ်သည် အတည်ဖြစ်သွားသည်။

လုံကျန်ပေဝါးသည် သမီးဖြစ်သူနှင့်ခွဲနေရလေတော့၏။

သူသည် တစ်နှစ်အတွင်း ငွေသုံးသောင်းရရှိရန် အမျိုးမျိုးကြိုးစားရှာဖွေပါသော်လည်း သုံးလသာကြာသွားသည်။

ငွေကြေးက ထင်သလောက် မရရှိပါ။ သို့သော် သူရှာဖွေရင်း

www.burmeseclassic.com

www.burmeseclassic.com



သမ္ဘုငွေကို ရှမ်းကီးတို့ သားသမီးထံသို့ပေးပို့နေလေ၏။

"ရှင့်ငွေက ဒါ အကုန်ပဲလား"

ရှမ်းကီးက ဆောင့်ကြီးအောင့်ကြီး မေးလိုက်လေသည်။

"ကျုပ် ကြိုးစားပြီးရှာနေပါတယ်ဗျာ... တစ်နှစ်ပြည့်ရင် သုံးသောင်းရမှာပေါ့ဗျာ"

"ကောင်းပြီလေ... တစ်နှစ်ပြည့်တဲ့အထိတော့ ရှင့်ကို စောင့်ကြည့်ရမှာပေါ့"

လုံကျန်ပေဝါးသည် ဒုတိယအကြိမ် ခရီးထွက်သောအခါတွင် ကုသိုလ်ကံဖေးမပြီး စန်းထလာတော့၏။

ရတနာများ တူးဖော်ရောင်းချနေသည့် လူတစ်ယောက်နှင့် အသိအကျွမ်း ဖြစ်လာသည်။

ထိုလူသည် လုံကျန်ပေဝါးနှင့်တွဲဖက်ပြီး ရတနာများ တူးဖော်သောအခါ များစွာအောင်မြင်သဖြင့် လုံကျန်ပေဝါးအား ကံစပ်သူအဖြစ် သဘောထားတော့သည်။

ထူးထူးခြားခြား အဖိုးတန်သော ကျောက်မျက်ရတနာများရရှိလာသဖြင့် ထိုလူသည် လွန်စွာ ချမ်းသာသွားသည်။

ထိုသူသည် လုံကျန်ပေဝါးအား ပစ်မထားချေ။

သူတူးဖော်ရရှိသည့် ရတနာအချို့အား ခွဲဝေပေး၏။

အရောင်းအဝယ်ပညာတတ်အောင် ကျောက်မျက်ပညာဘတ်အောင် သင်ကြားပေးခဲ့သည်။



သိုင်းပညာတော်သော လုံကျန်ပေဝါးမှာ သိုင်းပညာကိုမသုံးရဘဲ ကျောက်မျက်ပညာကိုသာ အသုံးချနေရတော့၏။

လုံကျန်ပေဝါးသည် တဖြည်းဖြည်း ရတနာကုန်သည် တစ်ယောက်ဖြစ်လာလေတော့၏။

ခြောက်လခန့်ကြာသောအခါ ဒုတိယအကြိမ် ရှမ်းကီးထံသို့ ရောက်ရှိလာလေ၏။

သူသည် ခြောက်လတည်းနှင့် ရှမ်းကီးကို ငွေသုံးသောင်း ပြည့်အောင် ပေးခဲ့သည်။

ရှမ်းကီး အလွန်အံ့ဩသွားသည်။ ဝမ်းလည်း ဝမ်းသာသွားသည်။

ထိုသတင်းကို ရှန်ကျန်းကြားသိသောအခါ လွန်စွာ နှစ်ထောင်းအားရ ဖြစ်သွားလေသည်။

လုံကျန်ပေဝါးမှာ စီးပွားရေးကောင်းလာပြီဖြစ်၍ တစ်နှစ်သုံးသောင်းဆိုသောငွေကို ဂရုမစိုက်တော့ပေ။

သူ၏ရတနာလုပ်ငန်းမှာ သောက်သောက်လဲ ငွေရသည့် လုပ်ငန်းဖြစ်သည်။

သူသည် အိမ်ကြီးရခိုင်နှင့် နေနိုင်ပြီဖြစ်သော်လည်း မနေပေ။

သူ၏သမီးကလေးကိုလည်း ခြောက်လတစ်ကြိမ် တွေ့ခွင့်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သမီးကလေးကိုလည်း သီးသန့်အိမ်နှင့် ကောင်းမွန်စွာ ထားသဖြင့် လုံကျန့်ပေဝါး ကျေနပ်နေသည်။

သမီးဖြစ်သူမှာ မိဘမေတ္တာကိုမရသည်မှလွဲ၍ အားလုံးအစစ အရာရာပြည့်စုံနေသည်။

ရှမ်းကီး....။

ရှမ်းကီးသည် လုံကျန့်ပေဝါး စီးပွားရေးကောင်းလာသည်ကိုမြင်သောအခါ စိတ်ထဲ၌ တစ်မျိုးဖောက်ပြန်လာတော့သည်။

သူမသည် အားကိုးရာမဲ့ အမျိုးသမီးလည်းဖြစ်နေ၏။ သူမ၌ ခင်ပွန်းမရှိတော့ချေ။

လုံကျန့်ပေဝါးသည်လည်း မိန်းမမရှိသောလူတစ်ယောက်ဖြစ်နေသည်။

လုံကျန့်ပေဝါးကို အပိုင်ကိုင်ထားနိုင်လျှင် သူရှာ၍ရသမျှငွေကို မိမိပိုင်ပိုင်နိုင်နိုင် သုံးနိုင်မည်ကိုသိမြင်လာသည်။

သူမ၏စိတ်ထဲ၌ ငွေကြေးတစ်ခုတည်းကြောင့် မဟုတ်ချေ။

လုံကျန့်ပေဝါးသည် မင်းထုံစီထက် ရုပ်ရည်ရှုပကာ ခန့်ညားတင့်တယ်လေ၏။

ထိုရုပ်ရည်ကို ရှမ်းကီး တပ်မက်စွဲလမ်းသည်မှာလည်း အမှန်ပင်ဖြစ်သည်။

ထို့ကြောင့် တစ်ညတွင် လုံကျန့်ပေဝါးကို ကိုယ်တိုင်ကျွေးမွေးချက်ပြုတ် ဧည့်ခံလေတော့သည်။



လုံကျန့်ပေဝါးကို အရက်အတော်များများ တိုက်သည်။

လုံကျန့်ပေဝါးသည် အတော်မူးယစ်နေပြီဖြစ်သည့်အတွက် သူတည်းခိုသည့်နေရာသို့ပြန်ရန် ပြောလေသည်။

"ကျုပ် ပြန်မယ်ဗျာ... ကျုပ် သိပ်မူးနေပြီ"

"အို... ရှင် အရက်နည်းနည်းများသွားတယ် မဟုတ်လား၊ တည်းခိုခန်းကို ပြန်မနေနဲ့တော့၊ ဒီမှာပဲ ညအိပ်လိုက်ပါ... အိမ်ကလဲ အကျယ်ကြီးပဲဥစ္စာ"

သူမသည် ရဲတင်းစွာပင် လုံကျန့်ပေဝါးကိုဆွဲခေါ်လေ၏။

သူမသည် မုဆိုးမ မဟုတ်ပါလော။ သူမ၏အိပ်ခန်းထဲသို့ဆွဲခေါ်သွားလေ၏။

လုံကျန့်ပေဝါးကတော့ ခပ်မူးမူးဖြင့် ရှမ်းကီးကိုဖက်၍ အခန်းထဲသို့လိုက်သွားလေသည်။

အခန်းထဲရောက်သွားသောအခါ ရှမ်းကီးသည် သူ၏ခန္ဓာကိုယ်အထက်ပိုင်းကို ပါးလွှာသောဝတ်ရုံကလေးသာ လွှမ်းခြုံဝတ်ဆင်လိုက်သည်။

အားလုံးမှာ မိမွေးတိုင်း ဖမွေးတိုင်းဖြစ်နေသည်။

ထိုစဉ် လုံကျန့်ပေဝါးသည်လည်း မူးရူး၍ ရှမ်းကီးအား ဖက်တော့သည်။

ရှမ်းကီးကလည်း ဒီရုံမြင်၍ ဒီချုံထွင်ထားခြင်းဖြစ်သည်။

လုံကျန့်ပေဝါးသည် ရှမ်းကီးအား ခုတင်ပေါ်ဆွဲလှဲလိုက်

www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

သူတို့သည် ကြောင်ခံတွင်းပျက်နှင့် ဆက်ရက်တောင်ပံကျိုးများ ဖြစ်နေသည်မဟုတ်ပါလား။

နံနက်မိုးလင်းသောအခါ ရှမ်းကီးက လုံကျန်ပေဝါးအား မေးလိုက်လေ၏။

"အစ်ကိုကြီး လုံကျန်...."

"ဘာလဲ... ရှမ်းကီး"

"ရှင် ကျွန်မရဲ့မေတ္တာကိုယုံရဲ့လား"

"ယုံပါတယ်ဗျာ... ယုံပါတယ်... ဘာဖြစ်လို့လဲ"

"သြော်... ရှင့်စိတ်ထဲမှာ ကျွန်မက ငွေကြေးတောင့်တင်းလာလို့ အမိဖမ်းတယ်လို့များ ထင်နေသလားလို့ပါ"

လုံကျန်ပေဝါးသည် ပြုံးလိုက်ပါ၏။

အမှန်တော့ လုံကျန်ပေဝါးသည်လည်း လူနုံလူအတစ်ယောက်မဟုတ်ပါ။

ရှမ်းကီး သူ့အပေါ် စိတ်ဝင်စားနေသည်ကို သူသိပြီးဖြစ်ပါသည်။

သူက ခပ်တည်တည်နေခဲ့သဖြင့် ရှမ်းကီးမကပ်ခြင်းသာဖြစ်ပါသည်။

သို့သော် သူသည် လှပသော ရှမ်းကီးကို စိတ်နှင့်ပစ်မှားခဲ့သည်သာဖြစ်ပါသည်။



ယခုတော့ အိုးရွဲ့နှင့်စလောင်းရွဲ့တွေ့ကြလေပြီ။

ရှမ်းကီးက ထမင်းစားဖိတ်သောအခါ တစ်စုံတစ်ခုဖြစ်တော့မည်ကို လုံကျန်ပေဝါး သိရှိထားပါသည်။

နောက်တစ်ချက် ရှိသေးသည်။

လုံကျန်ပေဝါးသည် ရှမ်းကီးအတွက် တစ်နှစ်သုံးသောင်း ငွေရှာပေးနေရသည်။

ဤသို့အလကား ငွေရှာပေးနေရသည့်အတူတူ လက်ထပ်ပေါင်းသင်းလိုက်ခြင်းမှာ ကောင်းသည်မဟုတ်ပါလား။

ဤသို့ဖြင့် လုံကျန်ပေဝါးသည် ရှမ်းကီးကို လက်ထပ်ပေါင်းသင်းလိုက်ခြင်းဖြစ်ပါသည်။

လုံကျန်ပေဝါးအဖို့ အားလုံးအဆင်ပြေသည် ဆိုရပေမည်။

သူသည် မုဆိုးစိုင်သင်ရင်း ရတနာကုန်သည် အရင့်အမကြီးဘဝသို့ ရောက်ရှိလာတော့သည်။

စီးပွားရေးသည် ထူးထူးခြားခြားအောင်မြင်တိုးတက်ခဲ့သည်။ တစ်ခုတော့ ပြောစရာရှိသည်။

ရှန်ကျန်းသည် လုံကျန်ပေဝါးသိုင်းပညာတတ်သည်ကို သိရှိထား၏။

ထိုတတ်ထားသောသိုင်းပညာဖြင့် သူ၏ညီမအား အနိုင်ကျင့်မည်ကိုစိုးရိမ်သည်။

ထို့ကြောင့် လုံကျန်ပေဝါး၏သမီးကလေးကို အပိုင်ရိုင်း

www.burmeseclassic.com

www.burmeseclassic.com



ထား၍ လုံကျန်ပေဝါးအား ခြိမ်းခြောက်နေသည်။

ဤတစ်ချက်တော့ လုံကျန်ပေဝါး ခံနေရသည်။

လုံကျန်ပေဝါး တစ်ခုခုလုပ်တော့မည်ဆိုသည်နှင့် ရှန်ကျန်းက သမီးလေးကိုသတ်ပစ်မည်ဟု ခြိမ်းခြောက်လေတော့၏။

မည်သို့ပင်ဖြစ်စေ လုံဂေဟာကြီးမှာ ကြီးပွားသထက် ကြီးပွား တိုးတက်သထက် တိုးတက်ခဲ့တော့သည်။

လုံကျန်ပေဝါးသည် ဝမ်ချိုင်းအား သူ့အတိတ်ဇာတ်ကြောင်းကို ဆွေးဆွေးမြည့်မြည့် ပြောပြခဲ့လေတော့သည်။

ဝမ်ချိုင်းကို ဤသို့အမှန်အတိုင်းပြောပြထိုက်သော လူဖြစ်သည်ဟု သူရွေးချယ်သတ်မှတ်ခဲ့သောကြောင့် ဖြစ်လေ၏။

အခန်း(၁၇)

## အသိနှောင်းသူ

လုံကျန်ပေဝါးက ဆက်လက်ပြောပြနေသည်။

"ပေါ့ရဲ့စီးပွားရေးဟာ ကြောက်စရာကောင်းလောက်အောင် တိုးတက်လာတယ်၊ လုံဂေဟာကြီးဟာလဲ တစ်နေ့တခြား ဒီရေအလား တိုးတက်လာခဲ့တာပေါ့ကွာ... ရှမ်းကီးကလဲ ဆိုးသလားမမေးနဲ့ တကယ်ကို သုံးဖြုန်းတာပဲဟေ့"

သူသည် စကားဆုံးသွားသောအခါ ငြိမ်သက်သွားသည်။

မှုန်မှိုင်းသောမျက်လုံးများဖြင့် အဝေးသို့ကြည့်နေလေ၏။

ဝမ်ချိုင်းသည် လုံကျန်ပေဝါးပြောပြသောအဖြစ်များကို နားထောင်ပြီး အမှန်ပင် သနားသွားလေသည်။

သို့သော် အချက်အလက် မပြည့်စုံသေးပါချေ။

ထို့ကြောင့် ဝမ်ချိုင်းက ဆက်၍ မေးမြန်းလိုက်လေ၏။

"ကဲ... ဦးလေးလုံကျန်... လုံထန်တို့မိသားစုအကြောင်းကို

www.burmeseclassic.com

www.burmeseclassic.com



ဆက်ပြီး ပြောပါဦးခင်ဗျာ"

"အေးကွာ... ပြောရမှာပေါ့။ ဒါမှလဲ ပြည့်စုံတော့မှာကိုး... ဒီလိုကွ... လုံထန်ဟာ တကယ်တော့ ငါ့ညီနှစ်ဝမ်းကွဲ တော်တယ်... ဒါကြောင့်မို့ သူလဲလုံမျိုးဖြစ်နေတာပေါ့... တစ်နေ့ သူ့ကိုငါတွေ့ တယ်... သူလဲပင်ပင်ပန်းပန်း လုပ်ကိုင်စားသောက်နေရတာတွေ့လို့ ငါကပဲ အိမ်ကိုခေါ်လာခဲ့ရတယ်"

ဝမ်ချိုင်းက မေးလိုက်၏။

"ရှမ်းကီးက သဘောကျရဲ့လား"

လုံကျန်ပေဝါးက မဲ့ပြုံးပြုံးလိုက်၏။

"အေး... သူ့ရဲ့အခန်းကဏ္ဍ လာပြီပေါ့ကွာ"

ဝမ်ချိုင်း လွန်စွာ စိတ်ဝင်စားသွား၏။

"ရှမ်းကီးဟာ ချမ်းသာကြွယ်ဝလာတော့ အတော့်ကိုဂုဏ်မောက်လာတယ်၊ သူဟာ အရင်ကထက် ဆယ်ဆမက ချမ်းသာလာတာကိုး... ဒါပေမယ့် သူဟာ ပတ်ဝန်းကျင်က သူ့ကိုယုတ်မာတယ်... မာန်တက်တယ်... ယုတ်ညံ့တယ်လို့ အပြောအဆိုခံရမှာကိုတော့ သေမလောက် ကြောက်တယ်"

"ဟုတ်ကဲ့ ဆက်ပြောပါခင်ဗျာ"

"ကုန်ကုန်ပြောမယ်ကွာ... သူလုပ်တာ မကောင်းတာမှန်သမျှ ငါကပဲ နာမည်ခံယူရတယ်၊ သူကတော့ လူရှေ့သူရှေ့မှာ နာမည်ကောင်းယူတယ်၊ လုံထန်တို့မိသားစုကို ကူညီထောက်ပံ့တယ်... ကျောင်းထားပေးတယ်... မုန့်ဖိုးပဲဖိုး ပေးတယ်... ဒါတွေဟာ သူ ဘယ်လောက်ကောင်းတယ်ဆိုတာ လုံထန်တို့မိသားစု သိစေချင်လို့ လုပ်ကြနေတာတွေပဲ"

"သြော်...."

"နောက်ကွယ်ကတော့ သူ့သဘောထားကတစ်မျိုးကွ... မင်းသားခေါင်းဆောင်းထားတဲ့ဘီလူးဆိုတာ သူပဲ"

"ဆက်ပြောပါဦး ခင်ဗျာ"

"သူ့ရဲ့မင်းသားခေါင်းကို လှန်ချလိုက် သူ့ရဲ့ဘီလူးမျက်နှာကို မြင်ရမယ်... လုံထန်ရဲ့သမီးနဲ့သူ့သား မင်းဝါတို့ကလေးသဘာဝချစ်ကြိုက်နေတယ်... အဲဒါကို သူလုံးဝသဘောမတူဘူး... မတူဘူး မတန်ဘူးပေါ့ကွာ၊ အဲဒါ သူက တားမယ်ထင်သလား... သူကတော့ ပြုံးပြုံးနဲ့ ငါ့ကိုတော့ ဝင်တားခိုင်းတယ်၊ ငါကလဲ တားရတာပေါ့ကွာ၊ အခြေအနေက သူက အပိုင်အနိုင်ကိုး... နောက်ဆုံး ကုန်ကုန်ပြောမယ်၊လုံထန်တို့မိသားစု အခြေအနေကောင်းလာတော့ ဟိုမိသားစုဟာ သူ့အကြောင်းမသိဘဲ ဝတ်စားဆင်ယင်ကြတာပေါ့၊ အစ်မကြီးရှမ်းကီးက သူတို့အပေါ် တကယ်ကောင်းတယ်ထင်တာကိုး... သူတို့ဝယ်ခြမ်းလာတာတွေ ပြကြတာပေါ့၊ အဲဒီမှာတင် ရှမ်းကီးဟာ ဆွေ့ဆွေ့ခုန်ဒေါပွနေတာပဲပေါ့"

"အင်း...."

"သူဟာ လုံထန်တို့ချမ်းသာလာတာကို လုံးဝမလိုချင်ဘူး...



www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲနေတာကိုပဲ မြင်ချင်တယ်… အခု လုံထန်တို့စီးပွားတက်လာတာမြင်တော့ သူ့ရင်ထဲ အသည်းထဲနာနေတော့တာပဲ၊ သူတို့စီးပွားပျက်အောင် ငါ့ကိုနှင်ထုတ်ခိုင်းတယ်… ကဲ ကောင်းသေးရဲ့လားကွာ… လုံထန်စီးပွားတက်လာတာ ငါ့ကြောင့် မဟုတ်ပါဘူး၊ သူ့ရဲ့ကံဇာတာကောင်းလို့ပါ… သူမိတ်ဆွေတစ်ယောက်နဲ့တွေ့တယ်… ရတနာကုန်သည်ပဲပေါ့ကွာ… သူ့ကိုသင်ပေးမယ်… အရင်းအနှီးထုတ်ပေးတယ်… သူကြီးပွားလာတယ်… ငါ့ရဲ့ကံဇာတာလို သူ့ကံဇာတာလဲ တက်လာတာပါပဲ၊ ငါက ဘယ်နှင်ထုတ်ပါ့မလဲ ငါ့ညီကို… ဒါပေမယ့် သူက နှင်ထုတ်ခိုင်းတော့လဲ ငါကမနေသာဘူး၊ သူ့လက်ထဲမှာ ဓုက်ဖဲကရှိနေတာကိုး၊ ငါလဲ အရက်တွေမူးအောင်သောက်ပြီး မျက်စိမှိတ်နှင်ထုတ်လိုက်ရတယ်… လုံထန်က သိပ်စကားမပြောဘူးကွ… သူက နားလည်ပုံရတယ်၊ ငွေအန်းကတော့ မိန်းမသားဆိုတော့ ငါ့ကိုနားလည်ပုံမရပါဘူးကွာ"

"ဟုတ်တယ်… ဦးလေးလုံထန်ဟာ ဦးလေးလုံကျန်ပေဝါးကို နားလည်ပါတယ်… သူဟာ ခုထက်ထိ ဦးလေးလုံကျန်ပေဝါး မကောင်းကြောင်း လုံးဝမပြောပါဘူးခင်ဗျာ"

"အင်း… တော်သေးတာပေါ့ကွာ"

"သူကတော့ နှင်ထုတ်တဲ့ကိစ္စမှာ လုံးဝမပါဘူး… သူက ရှောင်ထွက်သွားတယ်"

"ကျွန်တော် နားလည်ပြီ… ဒါဆို လူသတ်သမားစေလွှတ်တာ ရှမ်းကီးပေါ့"

"အေး… ဟုတ်ပါတယ်ကွာ၊ သူဟာ လူသတ်သမားတွေငှားတယ်… လုံထန်နဲ့ငွေအန်းကိုသတ်ဖို့ လူလွှတ်တယ်၊ ချန်ဆန်းနဲ့အဲပါပါကိုသတ်ဖို့ လူလွှတ်တယ်၊ လူသတ်တာ နည်းနည်းနောနော ပေးရတယ်မှတ်သလား၊ တစ်ယောက် အသက်အတွက် နှစ်သောင်း လေးယောက်အတွက် ရှစ်သောင်းပေးရတယ်၊ ငါက အဲဒီလိုမလုပ်ဖို့ကန့်ကွက်တဲ့အခါမှာ သမီးကိုဒုက္ခပေးဖို့ သူ့အစ်ကိုကြီးရှန်ကျန်းကို သွားပြောတယ်လေ၊ ငါလဲ ကြည့်နေရုံအပြင် ဘာမှမတတ်နိုင်တော့ပါဘူး"

"ဪ… ဦးလေးဘဝက ရင်မောစရာကြီးပါလား"

"တကယ်ရင်မောစရာပါကွာ"

"ကျွန်တော် သဘောပေါက်ပါပြီ… ကျွန်တော်ရောက်လာတော့လဲ သူက နာမည်ကောင်းယူ အပြစ်တွေကို ဦးလေးလုံထန်ပေဝါးအပေါ် ထင်မြင်ယူဆသွားအောင် သူက ဖန်တီးနေတာမဟုတ်လား"

"အေးပေါ့… သိလက်ချောင်း ထန်တုရှောင်ကို မင်းသတ်ဖို့တာဝန်ပေးလိုက်တယ်၊ ဒါပေမယ့် မင်းက ထန်တုရှောင်ကိုအနိုင်တိုက်လိုက်နိုင်တော့ သူ့ဆွေ့ဆွေ့ခုန်ဒေါပွသွားတာပေါ့… အဲဒီအချိန်မှာ မင်းဟာ စကြာဂေဟာကိုရောက်သွားပြီး ငါ့သမီးသီချင်းဆိုနေတာနဲ့ တိုးတယ်မဟုတ်လား"

"ဟင်… ဒါကို ဦးလေးလုံကျန် သိတယ်ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ငါဟာ အချိန်ရတာနဲ့ငါ့သမီးကို သွားချောင်းနေတာပဲ၊ မင်းလာတာကို ငါမြင်တာပေါ့၊ မင်းအဖမ်းခံရတာကိုလဲ ငါမြင်တယ်"

ဝမ်ချိုင်းသည် သက်ပြင်းကိုချလိုက်မိတော့သည်။

"ကဲ… ဦးလေးလုံကျုန် ဒီကိုရောက်လာတဲ့အကြောင်း ပြောပါဦးဗျာ"

"အေး… ငါလာတာကတော့ အဓိက အဲဒီကိစ္စတွေ ရှင်းပြချင်လို့ပဲ၊ ငါ့အနေနဲ့ ရေငုံနှုတ်ပိတ် ပါးစပ်ပိတ်လုပ်နေတာကတော့ ငါ့သမီးလေးအတွက်ပါ၊ အခု သမီးကလေးကို မင်းမိတ်ဆွေက ခေါ်ထုတ်နိုင်ရင်တော့ ပိုပြီးဝမ်းသာရမှာပါ၊ အကယ်၍ မခေါ်ထုတ်နိုင်ခဲ့ရင်တော့ ငါ့သမီးလေးဘဝဟာ စိုးရိမ်စရာပါပဲကွယ်"

ဝမ်ချိုင်း အနည်းငယ်ငိုင်သွားသည်။

သူ့မိတ်ဆွေ နံပါတ်သုံး လုံကျုန်ပေဝါး၏ သမီးကလေးအား ခေါ်ထုတ်နိုင်ပါစေဟု ဆုတောင်းမိသည်။

သို့သော် သူပါးစပ်ကတော့ အားတက်ဖွယ်ရာကိုသာ ပြောပါသည်။

"ဟာ… စိတ်ချပါ ဦးလေးလုံကျုန်… ကြာပဟိုဟာ အင်မတန်ဉာဏ်ကောင်းပြီး အင်မတန်သွက်လက်တဲ့လူပါ၊ သူ့ရဲ့မိတ်ဆွေတွေဟန်ကြူးမြို့မှာရှိနေလို့ ဒီကိစ္စကိုအောင်မြင်အောင် ဆောင်ရွက်နိုင်ပါတယ်လို့ သူ ပြောသွားပါတယ်ခင်ဗျာ… ကျွန်တော်က ရဲဘော်နှစ်ယောက်သုံးယောက်ကို ခေါ်သွားပါဆိုတာတောင် သူက လက်မခံပါဘူး"



"ကျုပ် ဒီကိုရောက်လာတဲ့ နောက်တစ်ကြောင်းက မင်းကို စကြာဂိုဏ်းအကြောင်း သတိပေးချင်လို့ပဲ၊ ဒီကောင်တွေဟာ မင်းတို့ ခြင်္သေ့ဂိုဏ်းကိုဖြိုခွဲဖို့ အလုံးအရင်းနဲ့ ဆင်းလာကြပြီ အဓိက,ကတော့ ခြင်္သေ့ဂိုဏ်းကြီးကို မရရအောင် ဖော်ထုတ်လိမ့်မယ်၊ စောစောက ချုချုန်းပြောသွားတဲ့စကားအရဆိုရင် စကြာဂိုဏ်းချုပ်ကြီးရှန်ကျုန်းပါ ဒီရောက်နေတယ်လို့သိရတယ်… အဲဒါကို မင်းတို့သတိထားပေတော့"

"ဟုတ်ကဲ့… ကျွန်တော် သတိထားမှဖြစ်တော့မယ်… သူတို့က ကျွန်တော်တို့ဂိုဏ်း မပြိုမချင်း သူတို့ခေါ်ပြတိုက်လို့ရမှာ မဟုတ်ဘူးဆိုတာ သူတို့သိထားတယ်… ဒါကြောင့် သူတို့က ကျွန်တော်တို့ ဂိုဏ်းကို သဲသဲမဲမဲ တိုက်ခိုက်နေတာပေါ့၊ ကျွန်တော်တို့ကလဲ သူသေကိုယ်သေပါပဲဗျာ"

"သူသေကိုယ်သေတိုက်တာကို ငါသဘောကျပါတယ်… ငါ့သမီးလေးသာ လွတ်လွတ်လပ်လပ်ဆိုရင် ငါလဲ အသေတိုက်ရဲပါရဲ့ကွာ၊ ငါ့သမီးလေး မင်းဆီကို မရောက်မချင်း ငါ့မျက်နှာကိုပြလို့ မဖြစ်သေးဘူး ငါ့သမီးလေး မင်းတို့ဆီမှာ လုံလုံခြုံခြုံရှိမယ်ဆိုရင် ငါကိုယ်တိုင် စကြာဂိုဏ်းကို နှိမ်နင်းပါမယ်ကွာ"

"စိတ်ချပါ ဦးလေးလုံကျုန်ရဲ့သမီး ဒီကိုရောက်လာမှာပါ"

"အေး… ကျုပ်လဲ ရောက်ပါစေလို့ ဆုတောင်းပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ဦးလေးလုံကျန်ရဲ့သမီးက ဘယ်လိုခေါ်ပါသလဲခင်ဗျာ"

"လင်းလင်း…"

နေက ခြစ်ခြစ်တောက်ပူလောင်နေသည်။

ဝမ်ချိုင်းသည် ခြစ်ခြစ်တောက်ပူလောင်နေသော နေရောင်ခြည်ကို ဂရုမစိုက်နိုင်ဘဲ လုံထန်ဂေဟာသို့ရောက်ရှိခဲ့သည်။

သူ့အနေဖြင့် လုံထန်တို့မိသားစုကို စောင့်ရှောက်ရန် တာဝန်ရှိပေသည်။

သို့သော် သူအိမ်ထဲရောက်လျှင်ရောက်ချင်း အံ့အားသင့်စရာ ကြုံတွေ့ရလေတော့၏။

အကြောင်းမှာ မင်းဝါရောက်နေသောကြောင့်ပင်တည်း။

မင်းဝါ၏မျက်နှာတစ်ခုလုံး နီမြန်းနေသည်။ သူ၏မျက်နှာ၌ ကြေကွဲမှုအရိပ်အရောင်များ ယှက်သန်းနေသည်။

မင်းဝါသည် ဝမ်ချိုင်းဝင်လာသည်ကို တစ်ချက်ကြည့်ပြီး စကားကို အဆက်မပြတ်ပြောလေတော့၏။

"ကျွန်တော့် အမေ ဒီလောက်ရက်စက်လိမ့်မယ်လို့ ကျွန်တော် အစက နည်းနည်းမှမထင်ခဲ့မိပါဘူး။ အခု ကျွန်တော်တိတိကျကျ လိုက်စုံစမ်းတော့မှ ဖြစ်ခဲ့ပျက်ခဲ့တဲ့သတင်း အစုံအလင်ကို ကျွန်တော်သိရတော့မယ်"



လုံထန်က မင်းဝါကိုကြည့်၍…

"အင်း… ဆက်ပြောပါဦးကွာ"

မင်းဝါက ဆက်ပြောသည်။

"ကျွန်တော် ပြန်ရောက်သွားတော့ အခြေအနေတွေအားလုံး ပြောင်းလဲနေတယ်၊ ကျွန်တော်တို့ရဲ့ လုံဂေဟာကြီးကိုလဲ ကြွေးရှင်တွေက သိမ်းသွားတယ်၊ ကျွန်တော်ဝင်တော့ ဝင်လို့မရတော့ဘူး… ကြွေးရှင်တွေက သူတို့ရဲ့အိမ်ဖြစ်သွားပြီလို့ ဆိုတယ်၊ ဘာကြောင့် ဒီအကြွေးတွေတင်ရသလဲလို့ ကျွန်တော်စဉ်းစားတယ်… ကျွန်တော် စဉ်းစားလို့မရဘူး… အဖေရှာထားတဲ့ပိုက်ဆံတွေဟာ တကယ်များတယ်ဆိုတာ ကျွန်တော်သိတယ်၊ အဲဒီမှာတင် ကျွန်တော်တို့အိမ်မှာ လုပ်ခဲ့တဲ့ စာဖိုမှူးကြီးနဲ့သွားတွေ့တယ်… အဲဒီတော့မှ အဖြစ်အပျက်အားလုံးကို သိခဲ့ရတာပဲ"

ငွေအန်းက ဝင်၍…

"အဲဒီစားဖိုမှူးကြီးက ဘယ်လိုပြောလို့လဲ"

မင်းဝါက…

"အဲဒီစားဖိုမှူးကြီးက ကျွန်တော်ငယ်ငယ်ကလေးထဲက ကျွန်တော်တို့အိမ်မှာ အမှုထမ်းခဲ့တဲ့လူပဲ၊ ဒေါ်လေးတို့လဲ သိမှာပါ… အဲဒီတော့ သူဟာ အားလုံးကိုသိနေတာပေါ့… အမေ့ကိုကြောက်လို့ သူ

www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်ပိတ်ထားရပေမယ့် ဒီဂေဟာကြီးက သူ့အလုပ်ပြုတ်သွားပြီဆိုတော့ အားလုံးကိုဖွင့်ပြောတယ်၊ ကြေးစားလူသတ်သမားတွေကို အမေငှားတဲ့အကြောင်းတွေ ဒါတင်မကသေးဘူး... အမေနဲ့လုံကျန်ပေဝါး ညားခဲ့ရတဲ့အကြောင်းတွေ၊ လုံကျန်ပေဝါးအပေါ် အမေ အစစအရာရာ အနိုင်ယူခဲ့တဲ့အကြောင်းတွေ လုံကျန်ပေဝါးရဲ့သမီးကို အမေနဲ့ဦးရီးတော်တို့က ချုပ်နှောင်ထားတဲ့အကြောင်းတွေ အားလုံးကို ကျွန်တော်သိခဲ့ရတယ်"

မင်းဝါသည် ခဏနားပြီးမှ ဆက်ပြောသည်။

"ကျွန်တော် အမေ့အတွက် ရှက်လိုက်တာ... မျက်နှာကိုဓားနဲ့လှီးပစ်ချင်ပါတယ်... ဒါနဲ့ ကျွန်တော်လဲ စကြာဂေဟာမှာ အမေ့ကိုသွားရှာတယ်"

ဝမ်ချိုင်းက....

"တွေ့သလား"

"မတွေ့ပါဘူးဗျာ... အမေ မတရားလုပ်ခဲ့တာတွေကို ဦးလေးလုံထန်တို့ကို ပြန်တောင်းပန်ခိုင်းဖို့ သွားရှာတာပါ၊ ဒါပေမယ့် အမေနဲ့မတွေ့ရဘဲ ဦးရီးတော်နဲ့အကြီးအကျယ် စကားများခဲ့ရတယ်"

"ဘယ်လိုစကားများသလဲ"

လုံထန်က မေးလိုက်၏။

"ဦးရီးတော်ရန်ကျန်းက ကျွန်တော့်ကိုလဲမြင်ရော မင်းတို့မိသားစုတွေကို သတ်ပစ်ဖို့ကောင်းတယ်လို့ဆဲတယ်၊ ကျွန်တော်တို့ လုံ



ဂေဟာပြိုပျက်မှုလို့ ခြသေ့်ဂိုဏ်းနဲ့ ရန်သူဖြစ်ရတယ်လို့ပြောပြီး ဆူနေလိုက်တာ ပွက်ပွက်ညံနေတာပဲ၊ ကျွန်တော့်ကို သူက ပြန်မေးနေသေးတယ်၊ မင်းအမေ ဘယ်မှာလဲတဲ့... အမေ့ကိုသတ်မယ်လို့ သူကြိမ်းနေတယ်၊ အဖေလဲ ဘယ်ကိုထွက်ပြေးနေတယ်ဆိုတာ လုံးဝမသိရဘူး။ ဒီကြားထဲ အဖေလုံကျန်ပေဝါးရဲ့သမီး လင်းလင်းလဲပျောက်နေတယ်လို့ သိရတယ်၊ လင်းလင်းကိုတော့ အဖေလာခိုးသွားတာလို့ သူက စွပ်စွဲနေတယ်"

ဝမ်ချိုင်းက....

"လင်းလင်း ပျောက်သွားပြီဟုတ်လား"

မင်းဝါက ခေါင်းညိတ်၏။

"ဟုတ်တယ်... ပျောက်သွားပြီ၊ အဲဒါအဖေ့ကို တောနင်းပြီးရှာနေကြတယ်၊ တွေ့ရာသင်္ချိုင်း ဓားမဆိုင်းဘဲတဲ့... ဒါတင်မကသေးဘူး စကြာဂိုဏ်းတစ်ဂိုဏ်းလုံး ဒီကိုရောက်နေကြတယ်၊ သူတို့ဟာ ခြသေ့်ဂိုဏ်းကိုလဲ တိုက်မယ်၊ ဦးလေးလုံထန်တို့ကိုလဲ တိုက်ခိုက်မယ်လို့ ယူဆတယ်၊ ဒါကြောင့် ကျွန်တော် ဒီကိုလာခဲ့တာပါ... အမေပြုမှားမိတဲ့အတွက် ဦးလေးလုံထန်တို့ရှေ့က ကျွန်တော် မားမားမတ်မတ်ရပ်ပြီး အသေတိုက်ခိုက်ပါ့မယ်ခင်ဗျာ"

လုံထန်တို့မိသားစုမှာ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏။ လုံထန်က ငွေအန်းကိုကြည့်လိုက်၏။

"ကဲ... ငါ့အစ်ကိုကြီး မဖြစ်နိုင်ဘူးဆိုတာ မင်းယုံပြီလား... ဟု

www.burmeseclassic.com

www.burmeseclassic.com



သည့် အကြည့်ပင်။

သူတို့အားလုံးသည် မင်းဝါကို သနားသွားကြ၏။

မင်းဝါသည် စိတ်ကောင်းရှိသော လူငယ်တစ်ယောက်ဟု သူတို့အားလုံး အသိအမှတ်ပြုကြသည်။

ဝမ်ချိုင်းမှာ ပြုံး၍နားထောင်နေသည်။

လင်းလင်းလွတ်မြောက်သွားပြီဆိုသည့်သတင်းအပြင် စကြာဂိုဏ်းတစ်ဂိုဏ်းလုံး ဤမြို့သို့ရောက်ရှိနေပြီဆိုသည့်သတင်းကိုလည်း ရရှိလိုက်သည်။

"အင်း... တွေ့ကြသေးတာပေါ့... ဂိုဏ်းချုပ်ကြီး ရှန်ကျန်းရယ်"

ဝမ်ချိုင်း စိတ်ထဲမှ ကြုံးဝါးလိုက်လေ၏။

"တောက်... တောက်... တောက်"

"တောက်... တောက်... တောက်"

"သကြားခဲ...."

သကြားခဲရောင်းသူသည် ဝါးဆစ်ကလေးကို တစ်တောက်တောက်ခေါက်ရင်း ပါးစပ်မှာလည်း တစ်ခါတစ်ရံ သကြားခဲဟု အော်သည်။



"တောက်... တောက်"

"တောက်... တောက်"

သူသည် ဝါးဆစ်သုံးချက်ခေါက်သည့်အခါ ခေါက်သည်။ နှစ်ချက်ခေါက်သည့်အခါ ခေါက်သည်။ သူဝါးဆစ်ခေါက်ပုံမှာ မညီမျှချေ။

"သကြားခဲ...."

သကြားခဲရောင်းသူသည် လမ်းမကြီးတစ်လျှောက် လျှောက်သွားသည်။

သူ၏ဝါးဆစ်ကိုလည်း တစ်တောက်တောက်နှင့် ခေါက်သွားသည်။

ကလေးအချို့မှာ အပြေးကလေး လိုက်ဝယ်ကြသည်။ အချို့ လမ်းသွားလမ်းလာ လူကြီးများကလည်း သကြားခဲ ကိုဝယ်စားကြသည်။ ကလေးရော လူကြီးပါ စားသည့်အာဟာရပေတကား။

"တောက်... တောက်... တောက်"

"တောက်... တောက်... တောက်"

သကြားခဲသည် ဝါးဆစ်ခေါက်သံသည် တဖြည်းဖြည်း ပျောက်သွားလေ၏။

ဟိုနန်းမြို့၏ လမ်းမကျယ်ကြီးတစ်ခုပင်....။

www.burmeseclassic.com

www.burmeseclassic.com



ပန်းရန့်စားသောက်ဆိုင်ရှိသည့် လမ်းလောက်တော့ မကျယ်ပေ။

ထိုလမ်းတွင် စားသောက်ဆိုင်တစ်ဆိုင်ရှိနေပါသည်။

မြို့တော်စားသောက်ဆိုင်....။

သူသည် ပန်းရန့်စားသောက်ဆိုင်ထဲသို့ လူသွားလူလာများပြားသော ဆိုင်တစ်ဆိုင်ဖြစ်ပါသည်။

စားသောက်ဆိုင်နှင့်တည်းခိုခန်းကိုတွဲဖွင့်ထားသဖြင့် ဤမျှ လူစည်ကားနေခြင်း ဖြစ်ပါသည်။

ဆိုင်ထဲတွင် အခန်းပေါင်းများစွာ ရှိပါသည်။

ထိုနေ့၌ အခန်းသုံးခန်းကို လူသုံးယောက်က တစ်ပြိုင်တည်း လာရောက်ငှားရမ်းကြသည်။

ထိုလူသုံးယောက်မှာ စားသောက်ဆိုင်ခန်းမကြီး၏ ရှေ့ဆုံးစားပွဲတွင်ထိုင်၍ စကားစမြည်ပြောရင်း စားသောက်နေကြသည်။

ထိုလူသုံးယောက်ကို မည်သူကမျှ စိတ်ဝင်စားဟန် မပြကြပါ။

ထိုလူသုံးယောက်ကလည်း မည်သူ့ကိုမျှ ဂရုမစိုက်ပါ။

ထိုလူသုံးယောက်အနက် ခရမ်းရောင်ဝတ်စုံနှင့် အလယ်မှ ထိုင်နေသည့်လူမှာ သူဌေးကြီးတစ်ဦးဖြစ်လိမ့်မည်ဟုတော့ ဘေးပတ်ဝန်းကျင်မှလူများက အသိအမှတ်ပြုကြပါသည်။

ဘေးမှလူနှစ်ယောက်မှာ သူဌေးကြီး၏ကိုယ်ရံတော် သိုင်း



သမားနှစ်ဦးဖြစ်ကြောင်း သိသာလှပေသည်။

စားသောက်ဆိုင်ထဲ၌ အရက်သောက်နေသူများ၏ အသံသည် ပွက်ပွက်ညံနေသည်။

သူဌေးကြီးနှင့်တူသူ ထိုင်နေသည့်နေရာမှ ခန်းမကြီး၏ရှေ့ဆုံး အကောင်းဆုံးနေရာဖြစ်၍ ဆူညံသံများ ကြားနေရသော်လည်း အခြားနေရာများလောက် ဆူညံသံများ မကြားရပါ။

ထိုစဉ်....

"တောက်... တောက်... တောက်"

"တောက်... တောက်... တောက်"

"သကြားခဲ...."

စောစောက သကြားခဲရောင်းသူသည် ပြန်လည်ဝေ့ဝိုက်လာဟန် တူပါသည်။

ခရမ်းရောင်သူဌေးကြီးနှင့် သူ၏ကိုယ်ရံတော်နှစ်ဦးလည်း ကြားရလေ၏။

သို့သော် သူတို့အဖို့ ဘာမျှမထူးခြားပါ။ သာမန်သကြားခဲရောင်းသူတစ်ယောက်ဟုသာ ထင်ကြသည်။

ထိုအချိန်တွင် အမူးသမားတစ်ယောက်နှင့် သူ့မိတ်ဆွေတစ်ယောက်သည် ယိုင်ထိုးယိုင်ထိုးနှင့် စားသောက်ဆိုင်ထဲမှ ထွက်လာကြသည်။

ခရမ်းရောင်သူဌေးကြီး၏စားပွဲကို ဖြတ်ကျော်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အမှုးသမားက သူ့မိတ်ဆွေကို ပြောသည်။

"အဲဒီဝါးဆစ်တစ်တောက်တောက်ခေါက်နေတဲ့ သကြားခဲသည်ကို မင်းသိသလား"

သူ့မိတ်ဆွေက....

"သကြားခဲ့သည်ဟာ သကြားခဲသည်ပဲပေါ့... ဘာကို အထူးသိစရာလိုမှာလဲ"

အရက်မှုးသမားက....

"မင်းတို့ သိပ်အ,သေးတယ်ကွာ"

"ဘာ... အ,တာလဲ"

"ဟ... အ,တာပေါ့ကွ၊ အဲဒါ ခြသေ့ဂိုဏ်းရဲ့ အချက်ပေးသံကွ"

ထိုစကားကြောင့် ခရမ်းရောင်သူဌေးကြီးနှင့်သူ့ကိုယ်ရံတော်နှစ်ယောက်၏ဦးခေါင်းများသည် ထောင်သွားကြသည်။

သို့သော် သူတို့သည် အသာငြိမ်၍ နားထောင်လိုက်ကြသည်။

အရက်သမား၏မိတ်ဆွေက ဘေးဘီပတ်ဝန်းကျင်ကို ဖျတ်ခနဲ ကြည့်ရှုရင်း...

"ဟေ့... မင်း ပါးစပ်ကိုပိတ်ထားစမ်း။ မပြောသင့်တာ မပြောရဘူး... မင်းနဲ့မဆိုင်တာကို မပြောပါနဲ့"

အမူးသမားက....



"ငါ့ပါးစပ်နဲ့ငါပြောတာ ဘာဖြစ်သလဲ"

"ဟာ... ဒီကောင်တော့ သေတော့မှာပဲ"

"ဘာဖြစ်သလဲ... ခြသေ့ဂိုဏ်းသားတွေရဲ့ အချက်ပေးအသံမို့လို့ အချက်ပေးသံလို့ပြောတာ ဘာဖြစ်ရမလဲ"

"မင်း တိတ်စမ်း... ပြောလို့မရဘူးလား"

"ဘာဖြစ်သလဲ... ငါပြောချင်လို့ ပြောတာ"

ထိုမိတ်ဆွေသည် စိတ်ဆိုးသွား၏။

"မင်း ဒီလိုပေါက်ကရတွေ ပြောမယ်ဆိုရင် မင်းဘာသာနေရစ်ခဲ့ပေတော့"

ထိုမိတ်ဆွေသည် ထွက်သွားလေ၏။ အရက်မှုးသမားက ရယ်သည်။

"မင်းထွက်သွားတော့ ဘာဖြစ်သလဲ... ငါတစ်ယောက်တည်း ပြန်မှာပေါ့"

သူက ဒယီးဒယိုင်ဖြင့် ယိမ်းထိုးထွက်သွားသည်။

သို့သော် သူက ဆိုင်ပြင်သို့မထွက်နိုင်ပါ။ စားပွဲတစ်ခုကြားယိုင်ထိုးကျသွားသည်။

ခရမ်းရောင်သူဌေးကြီးသည် သူ့ကိုယ်ရံတော်တစ်ဦးအား မျက်စပစ်ပြလိုက်လေ၏။

ကိုယ်ရံတော်က အရက်သမားကို သွားရောက်ဆွဲထူပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"မိတ်ဆွေက သိပ်မူးနေတာကိုး... ကျုပ်ဆွဲထူပို့ပေးပါ့မယ်၊ လာ... လာ... ထပါ... ထပါ"

အမူးသမားက....

"ကျုပ်ကိုလား မူးတယ်လို့ပြောတာ... ကျုပ် မမူးပါဘူးဗျ"

"မမူးသေးဘူးလား... ဒီလိုဆိုရင် ခင်ဗျား ထပ်သောက်နိုင်သေးတာပေါ့... ကျုပ်တို့စားပွဲက လှိုက်လှဲစွာ ဖိတ်ခေါ်ပါတယ်ဗျာ၊ အရက်တစ်ခွက်တစ်ဖလားတော့ သောက်ပါဦး"

"ဟား... ဟား... ဟား... ကြိုက်ပြီ၊ သောက်မယ်...သောက်မယ်"

ကိုယ်ရံတော်က အမူးသမားအား သူဌေးကြီးရှိသည့်စားပွဲဝိုင်းဆီသို့ ခေါ်ဆောင်လာခဲ့တော့သည်။

"လာပါမိတ်ဆွေ ထိုင်ပါ... မိတ်ဖြစ်ဆွေဖြစ် ကျုပ်တို့အရက်သောက်ကြတာပေါ့"

သူဌေးကြီးက ဖိတ်မန္တကပြုလေ၏။ အရက်မူးသမားက သူဌေးကြီးကို မျက်ဆန်လှန်ကြည့်လေသည်။

သူဌေးကြီးတစ်ယောက်ဖြစ်သည်ကို သူတွေ့မြင်သွားသောအခါ ဘဝင်မြင့်သွားတော့သည်။

သူ့အား သူဌေးကြီးတစ်ယောက်က ဖိတ်ခေါ်ခဲ့သည်မဟုတ်ပါလော။

"သောက်ပါ မိတ်ဆွေ... ခင်ဗျားအရက်ထပ်သောက်ချင်



သေးတယ် မဟုတ်လား"

သူဌေးကြီးက အရက်ငှဲ့ပေးရင်း ပြောသည်။

အမူးသမားက အရက်ကိုကောက်မော့လိုက်၏။

ထပ်သောက်သဖြင့် ထပ်မူးလာတော့သည်။ မူးလာသောအခါ လျှာပိုသွက်လာသည်။

စကားပရိယာယ်ကြွယ်ဝလှသဖြင့် လှည့်ပတ်မေးမြန်းလိုက်သောအခါ သူတို့သိချင်လှသည့်အချက်အလက်များကို သိခွင့်ရလိုက်တော့သည်။

'အရက်မူးသမားက....

"ဟုတ်တယ်ဗျ... ခြင်္သေ့ဂိုဏ်းဟာ သိပ်ဝိရိတာပဲ၊ ဒီအကြောင်းကို ကျုပ်မိတ်ဆွေဂိုဏ်းသားတစ်ဦးကပြောလို့ ကျုပ်သိထားတာဗျ၊ ကျုပ်မိတ်ဆွေကတော့ သေသွားပါပြီ၊ အခုဝါးဆစ်ခေါက်တဲ့အဓိပ္ပာယ်ဟာ ဒီညသန်းခေါင်ယံမှာ သူတို့အစည်းအဝေးခေါ်တဲ့ အချက်ပေးသံပဲဗျ"

သူဌေးကြီး၏ကိုယ်ရံတော်က....

"ခြင်္သေ့ဂိုဏ်းဟာ လူနှစ်ရာလောက်ရှိတယ်လို့ ပြောဆိုကြတယ်... အဲဒါ ဟုတ်သလား"

အရက်မူးသမားက အော်ရယ်လေတော့၏။

"ဘယ်ကလာ နှစ်ရာရှိရမှာလဲ... အားလုံးဆယ်ယောက်ပဲရှိတာ... ဂိုဏ်းချုပ်ကြီးနဲ့မှ ဆယ့်တစ်ယောက်ပဲရှိတာ"

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ရံတော်တစ်ယောက်က....

"အေးဗျာ... ခုလိုသိရတာ ဗဟုသုတရတာပဲ၊ ခင်ဗျား နောက် တစ်ခေါက် အရက်သောက်နိုင်အောင် ကျုပ်အရက်ဖိုးပေး လိုက်ပါ့မယ်"

သူတို့က အမူးသမားအား ငွေတုံးအချို့ ပေးလိုက်၏။

အမူးသမားမှာ အတော်ပင် ဝမ်းသာသွားသည်။

"ကျေးဇူးတင်ပါယ်ဗျာ... ကဲ ကျုပ်သွားမယ်"

"ကျုပ်တို့ လိုက်ပို့ရဦးမလား"

"ဟား.. ဟား... ဟား.. ဒီလမ်းက ကျုပ်ပြန်နေကျလမ်း ဗျ... ဘယ်သူမှ လိုက်ပို့စရာမလိုဘူး"

အမူးသမားက ဒယီးဒယိုင်ဖြင့် နေရာမှထလေ၏။

"ကောင်းပါပြီ မိတ်ဆွေ... ဪ... ဒါနဲ့မိတ်ဆွေကို တစ်ခု လောက် မေးဦးမယ်၊ ခြသေ့ဂိုဏ်းဟာ ဘယ်နေရာမှ စည်းဝေးမှာ လဲဗျ"

ကိုယ်ရံတော်က သွားရင်းဟန်လွှဲဆိုသလို မေးလိုက်၏။

အမူးသမားက ရယ်၍ပြောသည်။

"သိတာပေါ့ဗျာ... သိလို့ ကိုဖိုးသိ... ကိုဖိုးသိလို့တောင် ကျုပ်ကိုခေါ်နေကြတာဗျ၊ ဟောဟို လမ်းကျယ်ကြီးကိုတွေ့သလား... အဲဒီလမ်းမှာ ပန်းရန်ခွာသောက်ဆိုင်ဆိုတာ ရှိတယ်... သူတို့က အဲဒီ မှာ အစည်းအဝေးလုပ်ကြမှာပဲဗျ"



အမူးသမားသည် ငွေတုံးများ ရရှိသဖြင့် စေတနာရှိစွာ ပြော ကြားသွားသည်။

"သူတို့အစည်းအဝေးလုပ်တဲ့အခန်းက အမြဲတမ်းပိတ်ထား တဲ့အခန်းဗျ"

ထိုအခန်းတွင်းသို့ မည်သည့်အပေါက်မှ ဝင်ရောက်ရ ကြောင်းကိုပါ ပြောပြလိုက်သည်။

"ကဲ... ကျုပ်သွားမယ်"

အမူးသမားသည် ယိုင်ထိုးယိုင်ထိုးနှင့် ထွက်သွားလေတော့ သည်။

ခရမ်းရောင်သူဌေးကြီးသည် သူ၏ကိုယ်ရံတော်နှစ်ယောက် အား ပြုံး၍ကြည့်လိုက်၏။

"ကဲ... အဆင်ပြေချင်တော့လဲ အားလုံးအဆင်ပြေသွားတာ ပဲ မဟုတ်လား၊ ငါတို့ဟာ မျှားစွဲသောမုတ်ဆိတ်ဖြစ်သွားတာပဲ... ဒီတော့ ငါပြောမယ်... မင်းတို့သေသေချာချာ နားထောင်... ညက ငါတို့လူလေးယောက် အသတ်ခံလိုက်ရတယ်... ဒါပေမယ့် အခုလူ လေးယောက်ကျန်သေးတယ် မဟုတ်လား"

ကိုယ်ရံတော်တစ်ယောက်က ခေါင်းညိတ်ပြီး ဖြေသည်။

"ဟုတ်ပါတယ် ဂိုဏ်းချုပ်ကြီး"

ခရမ်းရောင်သူဌေးကြီးမှာ စကြာဂိုဏ်းချုပ်ကြီးရန်ကုန်းဖြစ် ပြီး ကိုယ်ရံတော်နှစ်ဦးမှာ ပင်လယ်ဗျိုင်းခုကျိုင်းနှင့် မုစုကွန်းဆိုသူဖြစ်

www.burmeseclassic.com

www.burmeseclassic.com



လေ၏။

ဂိုဏ်းချုပ်ကြီးရှန်ကျန်းက ဆက်၍....

"မုစုကွန်း... မင်းက လူတွေကိုအကြောင်းကြားပါ... အဲဒီ ပန်းရန့်စားသောက်ဆိုင်ထဲမှာ အယောက်နှစ်ဆယ်က ကိုယ်ယောင် ဖျောက်ပြီး စောင့်ပါ၊ အယောက်နှစ်ဆယ်လောက်က စားသုံးသူတွေနဲ့ ရောပြီး စားသောက်ပြီး အခြေအနေစောင့်ကြည့်ပါ.. ငါကိုယ်တိုင်လဲ အဲဒီအထဲကို ရောက်နေမှာပဲ"

ပင်လယ်ဈိုင်း ခုကျိုင်းက....

"ဂိုဏ်းချုပ်ကြီး ကျွန်တော်တို့ကိုအချက်ပေးဖို့ လိုမယ်လို့ တော့ ထင်ပါတယ်"

ဂိုဏ်းချုပ်ကြီးက....

"ငါ့စကားကိုဆုံးအောင် နားထောင်ပါဦး... ငါတို့လူတွေကို ငါလက်မြှောက်ပြီး အချက်ပေးမယ်၊ အဲဒီအခါမှာ ခြသေ့ဂိုဏ်းသား တွေကို ငါတို့တစ်ဟုန်ထိုး ထိုးခုတ်တိုက်ခိုက်ကြ... အပြတ်ရှင်းကြ မယ်... နောက်ပြီး အမြန်ဆုံးပြန်ထွက်ကြရမယ်၊ အားလုံးနားလည် ကြပြီလား"

ပင်လယ်ဈိုင်းခုကျိုင်းက....

"နားလည်ပါတယ် ဂိုဏ်းချုပ်ကြီး... ကျွန်တော် တစ်ခု တောင်းပန်ချင်ပါတယ်၊ ဂိုဏ်းချုပ်ကြီး အဲဒီနေရာကိုလာဖို့ မလိုပါဘူး ခင်ဗျာ... ကျွန်တော်တို့ ကြည့်ရှင်းလိုက်ပါ့မယ်"



ဂိုဏ်းချုပ်ကြီးရှန်ကျန်းသည် ပြုံးလိုက်၏။

"ငါမလာလို့ ဘယ်ဖြစ်မလဲ... ငါကိုယ်တိုင် ခြသေ့ဂိုဏ်းချုပ် ဟာ ဘယ်သူလဲဆိုတာ ဖော်ထုတ်ချင်နေတာ"

ကိုယ်ရံတော်နှစ်ယောက်မှာ ပါးစပ်ပိတ်သွားတော့သည်။

ဂိုဏ်းချုပ်ကြီးက....

"ကဲ... မုစုကွန်း။ မင်းတာဝန်ကို အခုချိန်ကစပြီး ဆောင်ရွက် ပေတော့"

မုစုကွန်းသည် မြို့တော်စားသောက်ဆိုင်မှ သုတ်ခနဲထွက် ပြေးပျောက်ကွယ်သွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၄)

## အပြုံးမျက်ရည်

ပန်းရနံ့စားသောက်ဆိုင်၌ ဆူဆူညံညံဖြင့် စည်ကားနေသည်။

စားပွဲတစ်လုံး၌ ခရမ်းရောင်ဝတ်စုံဖြင့် ရှန်ကျန်းထိုင်ကြည့်နေ၏။

သူ့ဘေး၌ ကိုယ်ရံတော်မုစုကွန်းတစ်ယောက်သာ ရှိသည်။

ပင်လယ်ဇျိုင်းခုကျိုင်းနှင့် သူ့တပည့်လေးယောက်မှာ ဂိုဏ်းချုပ်ကြီး၏အစီအစဉ်အတိုင်း လျှို့ဝှက်စောင့်ကြည့်နေကြလေ၏။

ဂိုဏ်းချုပ်ကြီးရှန်ကျန်းက....

"ငါတို့ ဟိုအရက်သမားကို အတော်ကျေးဇူးတင်ရမယ်ကွ၊ အင်း... ဒီကိစ္စသာ ခြင်္သေ့ဂိုဏ်းက သိသွားရင်တော့ ဒီကောင်လဲ သက်သာမှာတော့ မဟုတ်ဘူး"

မုစုကွန်းက ခေါင်းညိတ်လိုက်၏။



"ဟုတ်တယ်... ပထမတော့ ကျွန်တော်လဲ သိပ်မယုံချင်ဘူး... မူးမူးနဲ့ပြောတာလို့ ထင်နေတယ်၊ ကျွန်တော် ပန်းရနံ့စားသောက်ဆိုင်ကို လာကြည့်ကာမှ သူပြောတာ အကုန်လုံး မှန်နေတာကိုတွေ့ရတယ်၊ ခုဆိုရင် ပန်းရနံ့စားတော်ဆက်ရဲ့ လျှို့ဝှက်ခန်းမရဲ့ ပတ်လည်မှာ ကျွန်တော်တို့လူချည်းပဲ ဖြစ်နေပြီ"

ဂိုဏ်းချုပ်ကြီးက....

"ကဲ... ငါတို့လဲ ရုပ်ဖျောက်ထားမှ ဖြစ်မယ်"

ရှန်ကျန်းနှင့်မုစုကွန်းတို့နှစ်ယောက်သည် လျှို့ဝှက်ခန်းမနှင့် မလှမ်းမကမ်းရှိသည့်နေရာသို့ ကိုယ်ယောင်ဖျောက်၍ သွားကြလေ၏။

သန်းခေါင်ယံချိန်ကျရောက်ရန် တုန်းမောင်းတစ်ချက်ထိုးခန့်လိုပေသေးသည်။

အချိန်သည် တဖြည်းဖြည်း ရွေ့လျားကုန်ဆုံးသွားသည်။

ပန်းရနံ့စားသောက်ဆိုင်ကြီး၏ လျှို့ဝှက်ခန်းမကြီးသည် ငြိမ်သက်တိတ်ဆိတ်နေသည်။

အနီးအနားတွင်လည်း လူသားဆို၍ တစ်ယောက်မျှ မရှိကြပါ။

သို့သော် မကြာမီ လူတစ်ယောက်ရောက်ရှိလာသည်။ ထိုလူသည် ခြင်္သေ့ဂိုဏ်းသားတစ်ဦးဖြစ်လေ၏။

ထိုလူသည် ဟိုဟိုဒီဒီ တစ်ချက်ကြည့်သည်။ ထို့နောက် လျှို့

www.burmeseclassic.com

www.burmeseclassic.com



ဝှက်ပေါက်မှ လျှိုဝှက်ခန်းမထဲသို့ ဝင်သွားလေတော့၏။

သူသည် ပထမဆုံး ရောက်ရှိလာသည့် ခြသေ့ဂိုဏ်းသားပင်။ မကြာမီအချိန် သန်းခေါင်ယံရောက်ရှိလာသည်။

ခြသေ့ဂိုဏ်းသားများသည် တစ်ဦးပြီးတစ်ဦးရောက်ရှိလာကြသည်။ သိပ်ကွာခြားမှု မရှိလှချေ။

ယခုဆိုလျှင် ဂိုဏ်းသားများ အတော်စုံလင်နေချေပြီ။

လိုနေသေးသည့်ဂိုဏ်းသားများမှာ နံပါတ်တစ်၊ နံပါတ်သုံးနှင့် နံပါတ်တစ်ဆယ်တို့ ဖြစ်ကြသည်။

နံပါတ်ငါးအနေဖြင့် လုံးဝရောက်လာနိုင်တော့မည်မဟုတ်ချေ။ သူကား သေဆုံးသွားခဲ့လေပြီ။

မကြာမီ နံပါတ်တစ်ရောက်ရှိလာ၏။ ထို့နောက် နံပါတ်တစ်ဆယ်ရောက်လာသည်။

ယခုထူးခြားချက်ကား ဂိုဏ်းချုပ်ကြီးလုံးဝရောက်မလာသေးခြင်းပင်။

ယခင်ကဆိုလျှင် ဂိုဏ်းချုပ်ကြီးသည် ရှေးဦးစွာ ရောက်ရှိနေတတ်၏။

ခန်းမကြီး၏နံရံနားတွင် မီးပုံနှစ်လုံးစီ ချိတ်ဆွဲထားပြီး စုစုပေါင်း မီးပုံးလေးပုံးရှိ၏။

ထိုအလင်းရောင်ဖြင့် ခြသေ့ဂိုဏ်းသား များကို အတိုင်းသားတွေ့မြင်နေရသည်။



ထိုစဉ် ဂိုဏ်းချုပ်ကြီးရောက်ရှိလာလေ၏။ ဂိုဏ်းချုပ်ကြီးရောက်ရှိလာသဖြင့် ဂိုဏ်းသားအားလုံး အရိုအသေပြုကြ၏။

ဂိုဏ်းချုပ်ကြီးသည် လစ်လပ်နေသော ထိုင်ခုံနှစ်လုံးကို ကြည့်လိုက်၏။ နံပါတ်တစ်က အစီရင်ခံလိုက်၏။

"နံပါတ်ငါး သေဆုံးသွားပါတယ်... စကြာဂိုဏ်းရဲ့လက်ချက်ပါ... နံပါတ်သုံးကတော့ ခရီးသွားနေပါတယ်"

နံပါတ်သုံး ကြာဟိုသည် ဝမ်ချိုင်းစေခိုင်းလိုက်သည့် ကိစ္စကို သွားရောက်ဆောင်ရွက်နေခြင်းဖြစ်သည်။

"ဒါကို ကျုပ်တို့အားလုံးစုံပြီလို့ ဆိုရမှာပေါ့"

ဂိုဏ်းချုပ်ကြီးက ပြောလိုက်သည်။

နံပါတ်တစ်က...

"ဟုတ်ပါတယ်... ဂိုဏ်းချုပ်ကြီး"

"ကဲ... ကဲ... အားလုံးထိုင်ကြ"

ဂိုဏ်းသားများအားလုံး ထိုင်လိုက်ကြသည်။

ဂိုဏ်းချုပ်ကြီးက....

"မင်းတို့အားလုံး လက်နက်တွေ ယူလာခဲ့ကြတယ်မဟုတ်လား"

"ဟုတ်ကဲ့... ယူလာခဲ့ကြပါတယ်"

"ကောင်းတယ်... ကျုပ်ပြောချင်...."

ဂိုဏ်းချုပ်ကြီး၏စကားပင် မဆုံးလိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



"ကျား...."

"ဟေး...."

"တိုက်ကြ...."

ဆူညံသောတိုက်ပွဲခေါ်သံများ ထွက်ပေါ်လာပြီးနောက် လူစုလူဝေးကြီးသည် ခန်းမထဲသို့ တဟေးဟေးဖြင့် ဝင်ရောက်လာလေတော့၏။

သူတို့သည် ခြသေ့ဂိုဏ်းသားများကို တစ်ဟုန်ထိုး တိုက်ခိုက်ကြတော့၏။

ခြသေ့ဂိုဏ်းသားများမှာ လက်နက်ကိုယ်စီယူလာသဖြင့် တိုက်ခိုက်လာသူများကို အဆင်သင့်ခုခံနိုင်သည်။

ခန်းမထဲ၌ ရုတ်ရုတ်သဲသဲ ဖြစ်သွားတော့သည်။

ခြသေ့ဂိုဏ်းသားများနှင့် စကြာဂိုဏ်းသားများသည် တစ်ဦးနှင့်တစ်ဦး သွေးပူအောင်ပင် မတိုက်ခိုက်လိုက်ရ။

အမြဲတစေပိတ်ထားသော တံခါးမကြီးသည် ဝုန်းခနဲပွင့်သွားပါတော့သည်။

"ဟေ့... အားလုံးလက်နက်ချ၊ မင်းတို့ကို မြို့စားကြီးရဲ့ မြို့စောင့်တပ်နဲ့ မြို့ပြအုပ်ချုပ်ရေးအဖွဲ့ရဲ့ တပ်ဖွဲ့တို့ ဝိုင်းထားပြီ"

မီးတုတ်များဖြင့် တပ်သားများကို မြင်လိုက်ကြရသည်။ အားလုံး စုစုပေါင်းတပ်သားနှစ်ရာမျှ ရှိပေမည်။

မြို့စောင့်တပ်၏တပ်မှူးကြီးက အောင်မြင်သောအသံကြီး



ဖြင့် အော်လိုက်သည်။

"စကြာဂိုဏ်းသားတွေ တစ်ယောက်မှ လှုပ်လှုပ်ရှရှမလုပ်ကြနဲ့... မင်းတို့အားလုံးကို ငါတို့ဝိုင်းထားတယ်၊ မင်းတို့ဂိုဏ်းချုပ်ကြီးကိုလဲဖမ်းထားပြီ ကြည့်ကြဦး"

စကြာဂိုဏ်းချုပ်ကြီးရန်ကျန်းကို ထိန်းချုပ်ထားသူမှာ မျိုးချစ်သိုင်းသမားကြီး ချူချန်းဖြစ်လေသည်။

ထို့ကြောင့် စကြာဂိုဏ်းသားတို့မှာ လုံးဝမလှုပ်ရဲကြတော့ပါ။

စကြာဂိုဏ်းချုပ်ကြီးသည် အံကိုတင်းတင်းကြိတ်ထားလေ၏။

မြို့စောင့်တပ်မှူးကြီးက....

"စကြာဂိုဏ်းသားတွေကို အားလုံးကြိုးနဲ့ တုပ်လိုက်စမ်း"

မြို့စောင့်တပ်သားများသည် စကြာဂိုဏ်းသားများကို ကြိုးဖြင့် တုပ်နှောင်ကြတော့သည်။

မြို့စောင့်တပ်သားများသည် တစ်စုံတစ်ယောက်ကို တွေ့လိုက်ရသောအခါ အံ့အားသင့်သွားကြ၏။

သူတို့တွေ့လိုက်ရသူမှာ ပင်လယ်ဖျိုင်းခုကျိုင်းတည်း။

"ဘယ်လိုလဲ ဓားပြခေါင်းဆောင်ကြီးရဲ့... အခု ဘယ့်နှယ်စကြာဂိုဏ်းထဲ ရောက်နေရတာလဲ၊ ခင်ဗျားတော့ သေဒဏ်သေချာပါတယ်"

ပင်လယ်ဖျိုင်းခုကျိုင်းမှာ မျက်နှာကြီးအောက်ငုံ့နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းချုပ်ကြီးရှန်ကျန်းနှင့် စုမုကွန်းတို့မှာလည်း ဘာမျှမပြောနိုင်ကြတော့ပါ။

သို့သော် ရှန်ကျန်းသည် ခြသေ့်ဂိုဏ်းချုပ်ကြီး၏မျက်နှာကို လှမ်းကြည့်ပြီး....

"အင်း... ကျုပ်ထက် ဂိုဏ်းချုပ်ကြီးက နှာတဖျားသာမကဘူး ခြေတစ်လှမ်းသာသွားတယ်လို့ ဆိုရမှာပေါ့ဗျာ၊ ကျုပ် ချီးကျူးပါတယ်... ကျုပ်ရဲ့လှုပ်ရှားမှုမှန်သမျှကို ခင်ဗျားက အားလုံးသိနေတော့ ကျုပ်တို့ကို အခုလိုဖမ်းနိုင်တော့တာပေါ့ဗျာ... ကျုပ်ရဲ့အပြစ်ဒဏ်တွေကို ကျုပ်ရဲရဲကြီးခံနိုင်ပါတယ်၊ အဲ... ခင်ဗျား ဘယ်သူဘယ်ဝါဆိုတာတော့ ကျုပ် အပြစ်ဒဏ်မခံခင် သိသွားချင်တယ်ဗျာ"

ခြသေ့်ဂိုဏ်းချုပ်ကြီးက....

"အင်းလေ... ခင်ဗျားက ရှုံးသူဆိုတော့ ကျုပ်က သဘောထားကြီးကြီးနဲ့ ခင်ဗျားကို လိုက်လျောရတော့မှာပေါ့ဗျာ"

လူအားလုံးသည် ခြသေ့်ဂိုဏ်းချုပ်ကြီး မည်သူမည်ဝါဖြစ်သည်ကိုသိလိုလှသဖြင့် မီးကို ရေနှင့်ဖျန်းလိုက်သည့်အလား ငြိမ်သက်သွားသည်။

ခြသေ့်ဂိုဏ်းချုပ်ကြီးကို ကြည့်နေကြသည်။

ခြသေ့်ဂိုဏ်းချုပ်ကြီးသည် သူ၏ခေါင်း၌စွပ်ထားသည့် ကတ္တီပါခေါင်းစွပ်ကြီးကို ဦးခေါင်းပေါ်မှဆွဲချွတ်လိုက်လေ၏။

"ဟာ...."



"ဟင်...."

"ဟာယ်...."

"သြော်... ခင်ဗျားကိုး"

"သြော်... ခင်ဗျားကိုး"ဟုဆိုသူမှာ ဂိုဏ်းချုပ်ကြီး ရှန်ကျန်းပင် ဖြစ်လေ၏။

ခြသေ့်ဂိုဏ်းချုပ်ကြီးသည်ကား 'လုံကျန်ပေဝါး' ဖြစ်လေသတည်း။

စကြာဂိုဏ်းသားများကိုဖမ်းဆီးပြီးသည့် သုံးရက်မြောက်သောနေ့တွင် သူဌေးကြီးလုံထန်၏အိမ်၌ ညည့်ခံပွဲပြုလုပ်လေ၏။

ထို ညည့်ခံပွဲမှာ လူပေါင်းစုံလင်လှသည်။

မြို့စားကြီးပင် တက်ရောက်ချီးမြှင့်သည်။

သူဌေးသူကြွယ် ကုန်သည်ပွဲစားအဆုံး စာရေးစာချီ လူလတ်တန်းစားများပင် ပါဝင်လေသည်။

မြို့လူထုအားလုံးမှာလည်း ဟန်ကြူးမြို့မှ ဒုစရိုက်ဂိုဏ်းကြီးကိုဖြိုခွင်းနိုင်သဖြင့် လွန်စွာ ဝမ်းသာနေကြသည်။

ညည့်ခံပွဲ၌ လူအချို့၏မေးမြန်းချက်အားလုံးကို ဖြေကြားပေးရသူမှာ လုံကျန်ပေဝါးဖြစ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



လုံထန်သည်လည်း တပြုံးပြုံးနှင့် သူ့အစ်ကိုကြီးနား လိုက်ကပ်ပြီး မိတ်ဆက်ပေးနေရသည်။

အထူးသဖြင့် သွေးထွက်သံယိုမှုမရှိဘဲနှင့် ကြောင်ဂိုဏ်းကြီးကို ဖြိုခွင်းနိုင်လိုက်သည့်အတွက် လူအားလုံး အံ့အားသင့်နေကြသည်။

ကြောင်ဂိုဏ်းသားများကို တစ်စုတရုံးတည်း ဖမ်းမိအောင် စွမ်းဆောင်သူမှာ လုံကျန်ပေဝါးပင်ဖြစ်သည်။

သူ ထိုကဲ့သို့ပြုလုပ်မည်အကြောင်းကို မြို့စားကြီး၊ မြို့စားကြီး၏ မြို့စောင့်တပ်၊ တပ်မှူးတို့နှင့်ရှေးဦးစွာ ညှိနှိုင်းတိုင်ပင်ခဲ့သည်။

ထို့နောက် ယခုကဲ့သို့ ဆောင်ရွက်လိုက်ခြင်းဖြစ်သည်။

ကြောင်ဂိုဏ်းချုပ်ရုန်ကျန်း၏ စားပွဲအနီး၌ အမှုသမားအဖြစ် ရပ်ပါပါ အမှုထမ်းသွားသူမှာ မြို့စောင့်တပ်သားတစ်ဦးပင် ဖြစ်ပါသည်။

ထိုမြို့စောင့်တပ်သား မည်သို့ပြောဆိုရမည်ကို လုံကျန်ပေဝါးက သင်ပေးလိုက်ခြင်းဖြစ်ပါသည်။

ရှင်းရှင်းဆိုရလျှင် ရုန်ကျန်းကို ထောင်ချောက်ဆင်ဖမ်းဆီးလိုက်ခြင်း ဖြစ်ပါသည်။

ခြသေ့ဂိုဏ်းကို စတင်တည်ထောင်ရန် အစပျိုးသူနှစ်ဦးမှာ လုံကျန်ပေဝါးနှင့် မျိုးချစ်သိုင်းသမားကြီး ချူချန်းတို့ဖြစ်ကြပါသည်။

သူတို့နှစ်ဦးတိုင်ပင်ပြီး ခြသေ့ဂိုဏ်းကိုတည်ထောင်လိုက်ကြခြင်း ဖြစ်ပါသည်။



နောက်တစ်ချက်မှာ သူ့ဇနီး၏ယုတ်မာသော စိတ်ထားများကို ဆုံးမလို၍တစ်ကြောင်း၊ ကြောင်ဂိုဏ်းမှ မိမိ၏သမီးကို ကယ်တင်လို၍တစ်ကြောင်း၊ မကောင်းမှုများကိုတားဆီးလို၍ ခြသေ့ဂိုဏ်းကို တည်ထောင်ရခြင်းဖြစ်ကြောင်း လုံကျန်ပေဝါးက ရှင်းပြသည်။

အားလုံးသည် လုံကျန်ပေဝါးကို ချီးကျူးကြလေ၏။

ထိုသို့စည်ခံပွဲကျင်းပနေစဉ် နောက်ထပ် ဧည့်သည်နှစ်ဦးဝင်ရောက်လာသည်။

အချို့လူများက မသိသော်လည်း လုံကျန်ပေဝါး အလွန်ဝမ်းသာသွားသည်။

ဝမ်ချိုင်းက ပြေး၍ ကြိုဆိုသည်။

ဝင်လာသောဧည့်သည်နှစ်ယောက်မှာ ခြသေ့ဂိုဏ်းသား နံပါတ်သုံး ကြာဟိုနှင့်လုံကျန်ပေဝါး၏ သမီး လင်းလင်းပင်တည်း။

ကြာဟိုက....

"ဂိုဏ်းချုပ်ကြီးကို ဂါရဝပြုပါတယ်"

သူသည် ဦးညွတ်ဂါရဝပြုလိုက်၏။

ဂိုဏ်းချုပ်ကြီးက ချီးကျူးလိုက်ပါသည်။

"မင်း တော်ပါပေတယ်"

လင်းလင်းသည် လုံကျန်ပေဝါးအား ပြေး၍ဖက်လေ၏။

"ဖေဖေ... ဖေဖေရယ်"

www.burmeseclassic.com

www.burmeseclassic.com



"သမီး... သမီး... သမီးနဲ့ဖေဖေခွဲပြီး မနေရတော့ပါဘူးသမီးရယ်"

လင်းလင်းကလည်း ငို၊ ဂိုဏ်းချုပ်ကြီး လုံကျန်ပေဝါးကလည်း မျက်ရည်ကျနေလေ၏။

သူတို့ကျနေသည့် မျက်ရည်များမှာဝမ်းသာ၍ ကျသော မျက်ရည်များသာ ဖြစ်ပါသည်။

သားအဖနှစ်ဦး မျက်ရည်ကျနေသည်ကိုရပ်ကြည့်နေသူများမှာ လုံထန်တို့မိသားစု၊ ဝမ်ချိုင်း၊ မင်းဝါနှင့်မြို့စားကြီးတို့ပင် ဖြစ်ပါသည်။

အမုန်းတရား၏ သမီးတော်ဖြစ်သည့် ရှမ်းကီးကား မည်သည့်နေရာ ရောက်ရှိသွားသည်ကို သူတို့မသိရလေတကား....။

ပြီး၏။

တက္ကသိုလ် နေလင်းအောင်

BURMESE CLASSIC .com

www.burmeseclassic.com